The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 39 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 17 , 2016

## တရုတ်နိုင်ငံသို့ ပြောင်းသစ်များတင်ပို့ပြီး အိန္ဒိယနိုင်ငံသို့ပါ တင်ပို့ရမည့် အလားအလာများရှိနေ

|pmrsuES- 17|

## သွင်းကုန်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာတို့တွင် ဖော်ပြထားသည်နှင့် ကွဲလွဲတင်သွင်းလာသည့် ကုမ္ပဏီနှစ်ခုအား စစ်ဆေးအရေးယူ

|pmrsuES- 22|

## အနည်းဆုံးကျပ်သိန်း ၉၀ကျော်မှ ကျပ်သိန်း ၁၂၀ အထိ တန်ကြေးရှိသည့် တန်ဖိုးနည်းအိမ်ရာ အရောင်းပြပွဲ ကျင်းပမည်

|pmrsuES- 22|

# ajymjycsifvba&SJmufvgJ



သစ်သီးရောင်းကွင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်ရဲ့ လူမှုကွန်ရက်မှာ တင်တယ်။တစ်ဖက်ကွင်းက တာဝန်ရှိသူ တစ်ယောက်နဲ့ နှစ်ယောက်တည်း တွေ့ကြတယ်။FBပေါ်က Commet တချို့နဲ့ ပတ်သက်ပြီး အရှေ့မြောက်တံခါးနဲ့ ပတ်သက်တာတွေကို ပြောသင့်တယ်ထင်လို့ ပြောပြချင်ပါတယ်။

အရှေ့မြောက်တံခါးက ၂၀၁၅ မှာ စတာပါ။ အဲဒီမတိုင်ခင်က ပွဲရုံတွေဟာ မူဆယ်မြို့ထဲက ကိုယ့်အိမ်နေရာမှာ ကိုယ်ရောင်းကြတာပါ။ ကုန်သွယ်ရေးဇုန် ဖွင့်မယ်ဆိုတဲ့အခါ (၁၀၅)မိုင်ကို မဖြစ်မနေ တက်ရောင်းရမယ်ဆိုတော့ ပွဲရုံအားလုံးလောက်နီးပါး ကိုယ့်အိမ်ကနေ မခွာချင်ကြဘဲ အချိန်ဆွဲနေခဲ့ကြပါတယ်။အဲဒီမှာ ပွဲရုံနှစ်ရုံက သစ်သီးပွဲရုံတွေအတွက် သတ်မှတ်ထားတဲ့ ဧကကွက် ရှစ်ကွက်ထဲက တစ်ကွက်ကို ပေါင်းပြီး ဝယ်လိုက်ကြပါတယ်။ကျန်တဲ့ပွဲရုံ ၁၅ရုံကလည်း နှစ်အိမ် ဒါမှမဟုတ် သုံးအိမ်၊ လေးအိမ်၊ ငါးအိမ် စသည်ဖြင့် ပေါင်းပြီး တစ်ကွက်စီဝယ်ပြီး ပွဲရုံဖွင့်ဖို့

|pmrsuES- 12|

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Public Forum နှင့် မြန်မာ

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့မှာ စက်တင်ဘာလ ၂၆ ရက်မှ ၃၀ ရက် အထိ ကျင်းပခဲ့တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ Public Forum ဟာ မြန်မာနိုင်ငံအတွက် တကယ့်ကို အကျိုးရှိလှတဲ့ ဖိုရမ်တစ်ခုဖြစ်ခဲ့ပါတယ်။

စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီးဒေါက်တာသန်းမြင့်နဲ့ ကုန်သွယ်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့က ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနဲ့တာဝန်ရှိသူတွေတက်ရောက်ခဲ့ကြပါတယ်။

အဲဒီဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး Myanmar: Opening up for Business Forum ကိုပါ ထည့်သွင်းကျင်းပခဲ့တာကြောင့် မြန်မာ့စီးပွားရေးအတွက် အလွန်ပင် အထောက်အကူပြုမယ့် ဆွေးနွေးပွဲတစ်ခုဖြစ်တယ်လို့ ဆိုရမှာပါ။

အဲဒီဆွေးနွေးပွဲကိုတက်ရောက်ရတဲ့ ရည်ရွယ်ချက်တွေကတော့ ကမ္ဘာ့ကုန်သွယ်

|pmrsuES- 8|

## အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၂ သန်းကျော်တန်ဖိုးရှိ လုပ်ငန်းပေါင်း ၁၅ ခု ခွင့်ပြုပေးခဲ့

|pmrsuES- 30|



# BAWGAWADI COMPANY LIMITED

## ဘောဂဝတီကုမ္ပဏီလီမိတက်

## AUTOMOBILE TIMMING BELTS








**Shop:** Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.

**Tel:** (95-1) 682551, 682554, 682627 **E-mail:** bawgawadiyangon@gmail.com

**Website:** www.bawgawadi.com.mm

## MMID မန္တလေး–မြို့သာစက်မှုဥယျာဉ် တည်ဆောက်ရေး စီမံကိန်း

မန္တလေး–မြို့သာ စက်မှုဥယျာဉ် အနာဂါတ်ပုံရိပ်

**မန္တလေး–မြို့သာ စက်မှုဥယျာဉ်တွင် ပါဝင်သည့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ**

- လယ်ယာသုံးစက်နှင့် စက်အရံအပိုပစ္စည်းများထုတ်လုပ်သည့်စက်ရုံများ
- သယ်ယူပို့ဆောင်ရေးနှင့် ကုန်သိုလှောင်ရုံများ
- အထည်ချုပ်စက်ရုံများ၊ အိမ်သုံးပရိဘောဂဆိုင်ရာ ထုတ်လုပ်သည့်စက်ရုံများ
- SME - စက်ရုံများ၊ ဟိုတယ်နှင့် စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများ
- Electronic & I.T ဆိုင်ရာထုတ်လုပ်သည့် စက်ရုံများ
- လျှပ်စစ်ဓါတ်အားခွဲရုံနှင့် ဆက်သွယ်ရေးဆိုင်ရာဌာနများ
- ဘဏ်များ၊ Shopping Center, Residential ဝန်ထမ်းအိမ်ရာများ
- ဆေးရုံ၊ စာသင်ကျောင်း၊ အားကစားကွင်းများ တည်ဆောက်ခြင်း





www.mmidproject.com

ဆက်သွယ်စုံစမ်းရန် → ၀၂ – ၆၅၉၉၅၈၊ ၀၂ – ၈၂၁၅၀ ၀၉ – ၃၃၀၆၄၈၉၆၊ ၀၉ – ၃၃၀၆၄၈၉၇

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့အခြေစိုက် အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Vikram Misri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာ ၁၁ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံမှ ပဲမျိုးစုံအား G to G စနစ်ဖြင့် ဝယ်ယူရေး၊ မြန်မာ့ပို့ကုန် မြှင့်တင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍများအတွက် နည်းပညာအကူအညီများရရှိရေး၊ အတွေ့အကြုံများ ဖလှယ်နိုင်ရေး၊ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံသူများ လာရောက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှပဲမျိုးစုံအပြင် ဆန်ကိုပါ တင်ပို့ရောင်းချနိုင်ရေး၊ အိန္ဒိယနိုင်ငံမှ တင်ပို့သည့် ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုတွင် အခြား



အာဆီယံနိုင်ငံများနှင့် တန်းတူအခွင့်အရေးရရှိရေးတို့ အပါအဝင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပင်မစီမံချက်အပြီးသတ်အစီရင်ခံစာတင်ပြခြင်းနှင့် အသိပညာမျှဝေခြင်းအစီအစဉ် စတင်ခြင်း ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization - MYANTRADE) ဖွဲ့စည်းတည်ထောင်ရေးအတွက် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ( Korea International Cooperation Agency - KOICA) ၏ အထောက်အပံ့၊ ကိုရီးယားနိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ ( Korea Trade-Investment Promotion Agency - KOTRA) ၏ နည်းပညာအကူအညီဖြင့် ၁၈ လကြာ ရေရှည်စီမံကိန်း (Masterplan)ချမှတ်ဆောင်ရွက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် စီမံကိန်းကာလပြီးစီးခဲ့ပြီဖြစ်ပါသည်။




၎င်းစီမံကိန်း ဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပင်မစီမံချက်အပြီးသတ် အစီရင်ခံစာတင်ပြခြင်းနှင့် အသိပညာမျှဝေခြင်း အစီအစဉ်စတင်ခြင်း ညှိနှိုင်းဆွေးနွေးပွဲ (MYANTRADE Masterplan Final Reporting Session and Korea Knowledge Sharing Programme–KSP Kick-off Seminar) ကို အောက်တိုဘာ ၁၃ ရက်တွင် Park Royal Hotel, Padauk Building နေပြည်တော်၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး၊ KOICA မှ ဌာနေကိုယ်စားလှယ်နှင့် KOTRA မှ အမှုဆောင် ဒုတိယဥက္ကဋ္ဌ တို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် သွားရောက်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကိုရီးယားသမ္မတ နိုင်ငံအစိုးရ၏ အကူအညီဖြင့် အခြားနိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များနည်းတူ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization – MYANTRADE) ကိုတည်ထောင်ရန် နှစ်နိုင်ငံအကြီးအကဲများ ဆွေးနွေး၍ အကူအညီပေးရန် သဘောတူညီမှုရရှိခဲ့ရာ ယခုအခါ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စတင်၍ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် စွမ်းရည်မြှင့် သင်တန်းများကို ကိုရီးယားသမ္မတနိုင်ငံရှိ KOTRA ရုံးချုပ်တွင် လေ့လာသင်ကြားခွင့်ရရှိခြင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးတွဲ၍ လုပ်ငန်းများဆောင်ရွက်ရခြင်းတို့ကြောင့် အတွေ့အကြုံကောင်းများ ရရှိခြင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အနာဂတ်ကာလအတွက် ရေရှည်စီမံကိန်း Masterplan ကို ရေးဆွဲပေးထားသဖြင့် ကုန်သွယ်မှုမြှင့်တင်ရန် လိုအပ်သည့် ကဏ္ဍများအား ကာလအပိုင်းအခြားအလိုက် ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် အကြံပြုချက်များနှင့် နည်းလမ်းများရရှိသောကြောင့် လုပ်ငန်းများဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် များစွာ အထောက်အကူပြုခြင်း စသော အကျိုးကျေးဇူးများရရှိခဲ့ပါသည်။

ယခုဆွေးနွေးပွဲသို့ မြန်မာဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာန ခုနစ်ခုတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့သုံးခုမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကိုရီးယားဘက်မှ KOICA, KOTRA, KIEP, CIES, STEMI , International Trade Organization အဖွဲ့အစည်းများဖြစ်သော JICA, GIZ, Taiwan Trade Center(Yangon) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ KSP Kick-off Seminar ကို ဆက်လက်ကျင်းပခဲ့ရာ KOTRA မှ မဟာဗျူဟာနည်းပညာစီမံခန့်ခွဲမှု သုတေသနအဖွဲ့အစည်း ( Strategy Technology Management Institute - STEMI ) တို့မှ တာဝန်ရှိသူတို့သည် KSP အရ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများအကြောင်းကို အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများကို ညှိနှိုင်းခဲ့ပါသည်။

**သန်းသန်းနု**
**(STP-MYANTRADE)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မှူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ပြည်ဆန်၊စပါး ဈေးဆက်ကျပြီး ကောက်စောစပါးဈေးကွက်စဝင်

ယခုအောက်တိုဘာ ဒုတိယပတ်အတွင်း ဆန်၊စပါးဈေးတွေ ဆက်တိုက်ကျဆင်းလာပါတယ်။ ကောက်စောစပါးလည်း ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီဖြစ်ပါတယ်။ ဈေးကွက်ဝင် ကောက်စောစပါး အရောင်းအဝယ်မှာလည်း နယ်ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်ဖြစ်ကြောင်းလည်းသိရပါတယ်။ ယခုတစ်ပတ် တောင်ပုံမွှေးစပါးဈေး တင်း (၁၀၀) ၄၆ပေါင် ကိုက်ဈေး ၇၈၅၀၀၀ ကျပ် ဈေးသာရှိပြီး ဆန်တစ်အိတ်ဈေး ၃၂၅၀၀ ကျပ်ဖြစ်ပါတယ်။ ဧည့်မထ စပါးဟောင်းမှာ ၄၇၀၀၀၀ ကျပ်နှင့် ဆန် (ဟောင်း) တစ်အိတ်ဈေး ၁၈၀၀၀ ကျပ်၊ ဧည့်မထ(မိုးစပါး) အသစ်ဈေး ၃၅၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်ဈေး ၁၅၀၀၀ ကျပ် ဈေးပေါက်ကြောင်း သိရပါတယ်။ ကောက်စောဧည့်မထ (အသစ်) မိုးဆန်များကို ရန်ကုန်နှင့် မန္တလေးများသို့ တစ်ရက်ခြား၊ နှစ်ရက် ခြား ကား ၂တွဲ (အိတ် ၇၀၀ ဆံ့) တင်ပို့ကာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**နီနီဝင်း**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၃-၁၀-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၇ | ၃၇၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၇ | ၃၅၀ | ▽ | ၃၂၇ | ၃၄၀ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၃၅ | ၃၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၀ | ၃၆၇ | ▽ | ၃၂၂ | ၃၄၀ | ▽ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၅ | ၃၆၅ | ▽ | ၃၂၀ | ၃၃၅ | ▽ | ၃၃၀ | ၃၃၅ | △ | ၃၁၂ | ၃၁၂ | □ |
| ပေါင်းဆန် | ၃၆၈ | ၃၆၀ | ▽ | - | - | - | ၃၆၅ | ၃၅၅ | ▽ | - | - | - |

*Source: oryza.com*

## ယခုဘဏ္ဍာနှစ်အတွင်း အောက်တိုဘာ ၇ ရက်အထိ ဆန်နဲ့ဆန်ကွဲ တင်ပို့မှု တန်ချိန် ငါးသိန်းကျော်ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အောက်တို ဘာ ပထမပတ်ဖြစ်တဲ့ ၁ရက်မှ ၇ရက်အတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၁၉၁ သန်းတန်ဖိုးရှိ ဆန် ၅၇၁၆ တန်ခန့် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန် ၈၅၀ နဲ့ဧည့်မထဆန် ၄၂၆၂ တန်နီးပါး ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၈၇ တန်ကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၁၇ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန် ၂၀၀၀ ကျော် လျော့နည်းခဲ့ကြောင်း သိရှိရပါ တယ်။

ရက်သတ္တပတ်အတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၅၉ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၇၁၉ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၆ သန်း တန်ဖိုးရှိ ဆန်ကွဲတန် ၁၁၀ တင်ပို့ခဲ့ရာ မူဆယ်နဲ့လွယ်ဂျယ် နှစ်ရပ်ပေါင်း တင်ပို့မှုသည် ၁၈၂၉ တန်ဖြစ်ပြီး ယခင် တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၃၄၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှအောက်တိုဘာ ၂ရက်မှ ၈ရက်အတွင်း ကိုလံဘီယာနိုင်ငံသို့ အမေရိကန်ဒေါ်လာ၃၀၇၅၀ဖိုးရှိဗီယာ ၅မှတ် ဆန် ၇၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၉၈၇၂ ဖိုးရှိ ဗီယာ ၂၅ မှတ် ဆန် ၁၂၅ တန်ခန့်ကို စင်္ကာပူနိုင်ငံသို့ တင်ပို့ခဲ့ရာ စုစုပေါင်းဆန်တင်ပို့မှု တန် ၂၀၀ ခန့် ရှိခဲ့ပါတယ်။စင်္ကာပူနိုင်ငံသို့ ဆန် သာမက အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၇ သန်းဖိုးရှိ ဆန်ကွဲတန် ၅၀၀ ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန်ရောဆန်ကွဲပါ တင်ပို့မှုမရှိခဲ့ပါဘူး။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ဆန်နဲ့ဆန်ကွဲ နှစ်ရပ်ပေါင်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၈၀ ဒသမ ၉၃၄ သန်း တန်ဖိုးနဲ့ တန်ချိန်မှာ၅၂၄၅၄၅ ကျော် ဖြစ်ပါတယ်။ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၄၂ ဒသမ ၃၉၇ သန်းနဲ့ ၃၉၄၁၀၁ တန်ဖြစ်ပြီး ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၅၃၇ သန်းနဲ့ ၁၃၀၄၄၄ တန်ကျော် ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**



## ပြည်တွင်းမြို့ကြီးများ၏ (၁၄-၁၀-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | ▽ | ၂၀၀၀၀ | □ | ၇၂၈၀ | ▽ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၃၀ | □ | ၂၂၈၀၀ | □ | ၇၃၆၀ | □ | ၃၁၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၄၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၁၁၀၀၀ | □ | ၄၁၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | ▽ | ၂၂၀၀၀ | ▽ | ၇၅၀၀ | □ | ၃၀၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၆၀၀၀ | ▽ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၃၅၀ | ▽ | ၁၈၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၉၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၈၇၀၀ | △ | ၂၅၀၀၀ | ▽ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၆၅၀၀ | △ | ၂၂၅၀၀ | □ | ၈၂၀၀ | △ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၅၀၀၀ | □ | ၂၀၀၀၀ | ▽ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၀-၁၀-၂၀၁၆ မှ ၁၄-၁၀-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 352 | 20,236,968.601 |
| 2 | Form D | 42 | 2,503,910.610 |
| 3 | Form E | 90 | 1,935,895.630 |
| 4 | Korea GSP | 5 | 146,505.450 |
| 5 | Form AK | 127 | 4,840,492.310 |
| 6 | Form AJ | 8 | 572,137.980 |
| 7 | Form AI | 78 | 3,421,067.070 |
| 8 | Form AANZ | 7 | 79,743.830 |
| 9 | Form DFTP | - | - |
| **Grand Total** | | **709** | **33,736,721.481** |

## အောက်တိုဘာပထမပတ်အတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၆၇ သန်းကျော်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၇ ရက်အတွင်း ပို့ကုန်တင်ပို့နိုင်မှု အခြေအနေမှာ အမေရိကန်ဒေါ်လာ ၃၆၁ ဒသမ ၆၆၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၉၄ ဒသမ ၅၂၅ သန်းရရှိတဲ့အတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၅၆ ဒသမ ၁၉၂ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုပိုငွေမှာ အမေရိကန် ဒေါ်လာ ၆၇ ဒသမ ၁၄၂ သန်းဖြစ်ပြီး ထိုသို့ ပိုမိုရခြင်းမှာ ချုပ်ပြီးအထည်နဲ့ သဘာဝဓာတ်ငွေ့တင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။

ရက်သတ္တပတ်အတွင်း ပင်လယ် ရေကြောင်းကုန်သွယ်မှုမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၇၆၉သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၅၅၂သန်း ရရှိတဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၁၁၀ ဒသမ ၇၈၃ သန်းဖြစ်ပါတယ်။ကုန်သွယ်ရေးစခန်းများမှတစ်ပတ်အတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၂၃၇ ဒသမ ၈၉၈ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၅၉ ဒသ၉၇၃ သန်းရရှိတဲ့အတွက် ကုန်သွယ်မှု ပိုငွေ ၁၇၇ ဒသမ ၉၂၅ သန်းဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုနှစ်ရပ်လုံးအတွက် ကုန်သွယ်မှုပိုငွေမှာ ၆၇ ဒသမ ၁၄၂ သန်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဧပြီ ၁ရက်မှ အောက်တိုဘာ ၇ ရက်အထိ ပို့ကုန်တင်ပို့နိုင်မှုမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၃၆၆၉ ဒသမ ၉၂၄သန်း၊ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂၂၆၅ ဒသမ ၀၈၅ သန်းနဲ့ ပို့ကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၉၃၅ ဒသမ၀၀၉ သန်းဖိုး တင်ပို့နိုင်ပါတယ်။

သွင်းကုန်တင်သွင်းနိုင်မှုမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆၂၆၇ ဒသမ ၄၇၅ သန်း၊ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၄၀၄ ဒသမ ၆၅၆ သန်း၊ စုစုပေါင်းအမေရိကန်ဒေါ်လာ ၇၆၇၂ ဒသမ ၁၃၁ သန်းဖိုး တင်သွင်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၃၆၀၇ ဒသမ ၁၄ သန်းဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၄-၁၀-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၇/၁၀ | ၁၄/၁၀ | ပြောင်းလဲမှု | ၇/၁၀ | ၁၄/၁၀ | ပြောင်းလဲမှု | ၇/၁၀ | ၁၄/၁၀ | ပြောင်းလဲမှု | ၇/၁၀ | ၁၄/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၃၅၁ | ၂၂၈၈ | ▼ | ၂၄၁၇ | ၂၃၃၃ | ▼ | - | - | - | ၂၂၅၀ | ၂၂၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၁၈၃၅ | ၁၆၃၉ | ▼ | - | - | - | - | - | - | ၁၈၀၀ | ၁၆၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၀၀ | ၁၄၃၀ | ▲ | ၁၂၈၀ | ၁၄၂၂ | ▲ | ၁၃၁၆ | ၁၅၂၆ | ▲ | ၁၁၈၅ | ၁၂၁၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၆၅၀ | ▼ | - | - | - | ၂၂၆၃ | ၂၂၀၀ | ▼ | ၂၁၈၀ | ၂၁၀၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၃၀ | ■ | ၁၀၈၃ | ၁၀၈၃ | ■ | - | - | - | ၁၅၅၀ | ၁၅၅၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၇၁၁ | ၇၄၇ | ▲ | - | - | - | ၆၁၀ | ၆၁၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၄-၁၀-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၆/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု | ၆/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု | ၆/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၆၀ | ၁၁၄၀ | ▼ | ၁၂၇၆ | ၁၁၆၇ | ▼ | ၁၁၂၆ | ၁၀၄၇ | ▼ |
| ၂ | ပဲစင်းငုံ | ၉၁၀ | ၈၁၀ | ▼ | ၁၀၄၃ | ၉၄၃ | ▼ | ၁၀၀၁ | ၉၅၈ | ▼ |
| ၃ | ပဲတီစိမ်း | ၆၂၀ | ၇၀၀ | ▲ | ၇၂၀ | ၇၃၃ | ▲ | ၇၈၀ | ၇၁၈ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၅၀ | ၁၀၅၀ | ■ | ၁၅၄၆ | ၁၅၄၁ | ▼ | ၁၆၂၁ | ၁၄၉၆ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁-၁၀-၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၈-၁၀-၁၆)ထိ | ပြည်ပတင်ပို့မှု (၁-၁-၁၆) မှ (၈-၁၀-၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၂၀၉၁ | ၄၇၁၁ | ၄၀၃၃၀၉ |
| ပဲတီစိမ်း | ၃၈၄ | ၂၆၆ | ၁၄၉၅၁၉ |
| ပဲစင်းငုံ | - | ၁၃၂၀ | ၁၈၀၂၁၆ |
| ကုလားပဲ | - | ၂၄၀ | ၂၆၂၀၀ |
| ပဲလွန်းဖြူ | | ၄၈ | ၁၅၅၈၇ |
| မြေထောက်ပဲ | - | ၄၀၇ | ၁၀၄၉၆ |

## ယမန်နှစ်ကာလတူထက်ပဲမျိုးစုံ အမေရိကန်ဒေါ်လာ ၁၇၁ သန်းကျော်ဖိုးပိုမိုတင်ပို့

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စ ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅၉၃၅ ဒသမ ၀၀၉ သန်းဖြစ်ပြီး ယမန်နှစ်ကာလတူက တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅၆၅၉ ဒသမ ၈၁၂ သန်းဖြစ်တဲ့အတွက် ကာလတူထက် အမေရိကန်ဒေါ်လာ ၂၇၅ ဒသမ ၁၉၇ သန်းဖိုး ပိုမိုတင်ပို့နိုင်ခဲ့ပါ တယ်။ ပိုမိုတင်ပို့နိုင်တဲ့ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန် ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းနဲ့ အခြားပစ္စည်းများ ဖြစ်ပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်းတန်ဖိုးပိုမိုရခြင်းမှာ ပဲအမျိုးမျိုးနှင့်နှမ်း တင်ပို့မှု တန်ဖိုးပိုမိုခဲ့ပြီး ပဲအမျိုးမျိုး တွင် မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲယင်း၊ ပဲကြီး၊ ပဲကတ္တီပါ(စွန်တာနီ/ပြာ)၊ ပဲဖြူလေး၊ ဘိုကိတ်ပဲနဲ့ မြေပဲဆန်တို့ တင်ပို့မှု တန်ဖိုးပိုမိုခဲ့တဲ့အတွက် ဖြစ်ပါတယ်။ ပဲအမျိုးမျိုးတင်ပို့မှုမှာ ဘဏ္ဍာနှစ်စမှ အောက်တိုဘာ ၇ ရက်အထိ အမေရိ ကန်ဒေါ်လာ ၈၇၂ ဒသမ ၃၄၈သန်း ဖိုးတင်ပို့ပြီး ယမန်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၇၀၀ ဒသမ ၇၆၃ သန်းဖိုးသာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၅၈၅ သန်းတန်ဖိုးပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ယဉ်ယဉ်အေး

## အောက်တိုဘာဒုတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံဈေးပြန်လျှော့ခဲ့ပြီး ပဲတီစိမ်း သီးနံဈေးငြိမ် အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံ ဈေးကွက်မှာ အောက်တိုဘာလ ဒုတိယ ပတ်မှစ၍ ပဲအချို့ဈေးပြန် လျှော့နည်း သွားခဲ့ပြီး ကုလားပဲသီးနှံတစ်မျိုးသာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် ပိုလာပါတယ်။ လဆန်းရက်က ဈေး အတိုင်း ကျန်ပဲများ ဈေးငြိမ်အရောင်း အဝယ် ဖြစ်လျက်ရှိတာကို တွေ့ရပါ တယ်။ မတ်ပဲသီးနှံနဲ့ ပဲစင်းငုံသီးနှံမှာ လဆန်းရက်ကထက် ဈေးလျှော့နည်း လာလို့ မတ်ပဲတစ်တင်း ကျပ် ၄၅၅၀၀၊ ပဲစင်းငုံတစ်တင်း ကျပ် ၃၃၅၀၀တို့နဲ့ ရောင်းချခဲ့ရာ မတ်ပဲသီးနှံအား ရန်ကုန် ဝယ်လက်အဝယ်ရှိလို့ နေ့စဉ်အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပေ မယ့် ပဲစင်းငုံသီးနှံကတော့ ရက်ခြားသာ အိတ်၁၀၀နှင့်၂၀၀ကြား အရောင်း အဝယ် ဖြစ်ခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက် ခေါင်းမြို့နယ်များမှလည်း အိတ်အနည်း ငယ် ဝင်ရောက်ခဲ့သလို လက်ကျန် ပဲများလည်းရှိကာ ဝယ်လိုအားရှိသ လောက် ရောင်းချနိုင်ခဲ့ပါတယ်။ အောက်တိုဘာလဆန်း ပဲဈေးနှုန်း အနေဖြင့် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများ ဈေးပြန် မြင့် တက်လာခဲ့ပေမယ့် ယခုလလယ်မှာ တော့ မတ်ပဲသီးနှံဈေးပြန် လျှော့နည်း သွားပြီး ပဲစင်းငုံသီးနှံလည်း ဈေးလျှော့ နေခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံကတော့ ယခင်တစ်ပတ်ကဈေးအတိုင်း ဈေးငြိမ် လျက်ရှိတာကြောင့် တစ်တင်း ကျပ် ၂၄၅၀၀ ဖြင့် မန္တလေးလိုင်းသမားများ ဝယ်ယူ ခဲ့ကြပါတယ်။ ပဲဝင်ရောက်မှု သိပ်မများသော်လည်း ပန်းတောင်း၊



ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ် များမှ နေ့စဉ်ဝင်ရောက်နေခဲ့တာကြောင့် ဝယ်လိုအားရှိသလောက် အရောင်း အဝယ်ဖြစ်ခဲ့တာကိုလည်း တွေ့ရပါ တယ်။

ကုလားပဲသီးနှံမှာ ဒေသတွင်း အရောင်းအဝယ် ဖြစ်မှုများခဲ့ပြီး ပဲခွဲ စက်သမားများက နေ့စဉ်ဝယ်ယူခဲ့ကြပါ တယ်။ ပဲဝင်ရောက်မှု သိပ်မရှိတော့ ပေမယ့် လက်ကျန်ပဲများရှိတာကြောင့် ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ ကြကာ ယင်းပဲမှာ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်တဲ့ပဲဖြစ် ခဲ့ပါတယ်။ အခြားပဲဈေးနှုန်းမှာ ယခုတစ်ပတ်တွင် ဈေးလျှော့ပေမယ့် ကုလားပဲသီးနှံဈေး ကတော့ လဆန်းရက်က ဖြစ်ပေါ်ခဲ့တဲ့ ဈေးထက် ဈေးပိုရလာတာကိုတွေ့ ရပါတယ်။ ပဲတစ်တင်းလျှင် ကျပ် ၄၃၅၀၀ မှ ကျပ် ၄၄၀၀၀ အထိရရှိခဲ့လို့ စက်တင်ဘာလအတွင်းက ဈေးထက် လည်းဈေးပိုနေသလို ယခင်နှစ်က အောက်တိုဘာ ဈေးထက်လည်း ဈေးပို ရလျက် ရှိခဲ့တဲ့အတွက် ကုလားပဲ သီးနှံ ဟာ ပြည်တွင်းဝယ်လက်ပဲထဲမှာ ဈေး ကောင်းရနေတဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ နေ့စဉ်ပဲဝင်ရောက် မှုမရှိတော့ပေမယ့် လက်ကျန်ပဲများရှိ ခဲ့လို့ ပဲကြော်ဖိုလုပ်ငန်းသမားများ နေ့စဉ် ဝယ်ယူမှုအပေါ် အိတ် ၂၅၀ ကျော် ၃၀၀ ရောင်းချမှုရှိခဲ့ပါ တယ်။ ပဲဈေးနှုန်းမှာ လဆန်းရက်က ဈေး အတိုင်းဈေးဆက် ငြိမ်နေခဲ့တာကြောင့် (ရွှေကျွန်း) တစ်တင်းကျပ် ၂၇၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၂၄၀၀၀ သာရရှိခဲ့သလို ယခင်နှစ် ကာလတူက ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းထက်လည်း လျှော့နည်းခဲ့ပါတယ်။ ယခင်နှစ်က အောက်တိုဘာလအတွင်း ပဲကြီးသီးနှံ ရဲ့ ဈေးနှုန်းမှာ (ရွှေကျွန်း) တစ်တင်း ကျပ် ၃၅၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၃၂၅၀၀ ရရှိခဲ့ကြတာကို တွေ့ရပါ တယ်။

ထောပတ်ပဲသီးနှံနဲ့ ပဲပုပ်သီးနှံ ဈေးများမှာလည်း လဆန်းရက်က ဈေး အတိုင်းဈေးငြိမ်နေခဲ့ရာ ထောပတ်ပဲ တစ်တင်းကျပ် ၁၃၅၀၀၊ ပဲပုပ် တစ်တင်း ကျပ် ၂၂၀၀၀ဖြင့်လက်လီသာ အရောင်း အဝယ်ဖြစ်ခဲ့ကြတဲ့အတွက် အိတ် အနည်းငယ်သာ ရောင်းဝယ်မှုရှိခဲ့တယ် လို့သိရပါတယ်။

ခင်ဆွေဝင်း

## ပြည်ဘိုကိတ်ပဲ အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေ

ပြည်ပဲဈေးကွက်အတွင်း လက်ကျန်ပဲများနဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ ဘိုကိတ်ပဲသီးနှံဟာ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများ လက်လီသာ အရောင်း အဝယ်ရှိလို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်း ကတော့ ဈေးငြိမ်နေခဲ့တဲ့အတွက် ပဲတစ်တင်းကျပ် ၂၄၅၀၀ ဖြင့် အောက်တိုဘာ လဆန်းမှစ၍ ၎င်းဈေးအတိုင်းရရှိနေခဲ့သလို စက်တင်ဘာလ အရောင်းအဝယ်ဖြစ်ခဲ့ သောဈေးနှင့်လည်း သိပ်မကွာဘဲ ယခုချိန်အထိ ဈေးငြိမ်နေကြောင်း သိရပါတယ်။ ၂၀၁၅ အောက်တိုဘာလတွင် တစ်တင်း ကျပ် ၂၄၀၀၀ နဲ့ ကျပ် ၂၅၀၀၀ ကြားသာ ရရှိနေပြီး ယခုနှစ်နှင့်ယခင်နှစ်ဈေးတူရနေတာကိုလည်း တွေ့ရပါတယ်။

ခင်ဆွေဝင်း

## လက်လီပဲဈေးကွက်မှာ ပြည်စားတော်ပဲ ဈေးအမြင့်ဆုံးရ

ပြည်ပဲဈေးကွက်တွင် လက်လီသာအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများအနက် စားတော်ပဲသီးနှံဟာ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပုံမှန်ရောင်းဝယ်မှုရှိခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးအနေဖြင့် နှစ်စဉ်လိုလိုဈေးကောင်းရခဲ့ပြီး ကျပ်သုံးသောင်း အထက်ရရှိနေခဲ့ပါတယ်။ ယခုနှစ်မှာလည်း ပဲသစ်ပေါ်ချိန် ဖေဖော်ဝါရီလမှစ၍ ကျပ်သုံးသောင်းကျော်ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့ကြပြီး ဩဂုတ်လအတွင်းမှာ တစ်တင်း ကျပ်လေးသောင်းအထိရရှိခဲ့သလို စက်တင်ဘာလအတွင်း ဈေးလျှော့သွားလို့ တစ် တင်း ကျပ် ၃၈၅၀၀ ဖြင့်ရောင်းဝယ်ခဲ့ကြပြီး ယခုအောက်တိုဘာလအတွင်းမှာလည်း ဈေးငြိမ်လျက်ရှိခဲ့တာကြောင့် တစ်တင်းကျပ် ၃၉၀၀၀ ဖြင့် လဆန်းရက်မှစ၍ ယခု ချိန်အထိ ၎င်းဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါ တယ်။

ခင်ဆွေဝင်း

## ပြည်ဈေးကွက်မှာ လုံးဆန် ဈေးမြင့်ပြီး အဝယ်ရပ်ပေမယ့် ဆီဆန် ဈေးပုံမှန်ဖြစ်

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေးပုံမှန်ဖြစ်ပြီး၊ လုံးဆန် ဈေး မှာ အနည်းငယ်ပြန်တက်လာတာ တွေ့ရပါတယ်။ ပြည်မြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများနဲ့ ဝက်ထီးကန်၊ ပေါက် ခေါင်း၊ မြန်အောင်နဲ့ကြံခင်းဘက်မှ တစ် နေ့လျှင် အိတ် ၁၂၀၀ ခန့်ဝင်ရောက် သဖြင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်လျှင် အဝင်နည်းသွား တာတွေ့ရပါတယ်။ ဆီ ဆန်ကိုရန်ကုန်နဲ့မကွေးဘက်မှ အဝယ် ရှိပြီး လုံးဆန်ကို ယခုရက်ပိုင်းအတွင်း ဝယ်လက်မရှိ၍အဝယ်ရပ်သော်လည်း ဈေးမြင့်လာတာတွေ့ရပါတယ်။ဆီဆန် ကို ရန်ကုန်၊ မကွေးနဲ့ပြည်ဆီစက်များက အဝယ်ရှိနေသော်လည်း ဈေးပုံမှန်ဖြစ် လျက်ရှိပါတယ်။ ယခုတစ်ပတ်မြေပဲဆီ ဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၄၅၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး လုံးဆန်ဈေးမှာ (အဖြူ) တစ်ပိဿာလျှင် ကျပ် ၁၈၀၀နဲ့ လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၁၉၀၀ဖြင့် ဈေးမြင့်လာသော်လည်း အရောင်း အဝယ်မဖြစ်တာတွေ့ရပါတယ်။

ဝေဝေမင်း

# ပဲတီစိမ်း၊ ထောပတ်ပဲ၊ ပြောင်းဖူးစေ့များနှင့် ဆီထွက်သီးနှံများ အရောင်းအဝယ်သွက်လျက်ရှိတဲ့ မန်းကုန်စည်ဒိုင်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ လယ်ယာထွက်ကုန်သီးနှံဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းနဲ့မြေပဲများကို နေ့စဉ်(ဥပုသ်နေ့မှအပ) လာရောက်ပြီး အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ၂၀၁၆ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနဲ့ယခင်တစ်ပတ်အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းကို နှိုင်းယှဉ်ပါက-

| သီးနှံအမည် | ၆/၂၀၁၆ | ၁၃/၂၀၁၆ |
|---|---|---|
| ပဲတီစိမ်း | ၁၃၆၉ | ၁၅၆၄ |
| ပဲလွန်းဖြူ | ၁၀၈၃ | ၁၁၆၇ |
| ပဲကြီး | ၁၅၃၈ | ၁၄၈၄ |
| ပဲနီပြား | ၁၁၇၆ | ၁၂၁၃ |
| ပဲပုပ်(ရှမ်း) | ၉၅၈ | ၉၉၅ |
| ပဲပုပ်(ဗမာ) | ၉၃၉ | ၉၃၉ |
| ပဲယင်း (သေး) | ၆၆၇ | ၇၁၇ |
| ထောပတ်ပဲ | ၁၀၃၁ | ၁၀၆၇ |
| ပဲဇီးကွက် | ၈၇၆ | ၉၇၉ |
| နိုင်လွန်ပဲ | ၁၀၁၃ | ၉၂၈ |
| မြေထောက်ပဲ | ၁၄၈၁ | ၁၇၅၉ |
| မတ်ပဲ | ၂၄၁၇ | ၂၃၆၇ |
| ကုလားပဲဖြူကြီး | ၂၂၀၀ | ၂၂၅၃ |
| ကုလားပဲထိုင်ဝမ် | ၂၁၀၆ | ၂၁၆၉ |
| ပြောင်းဖူးစေ့ (CP) | ၃၀၆ | ၃၀၆ |
| အထွက်တိုးပြောင်း | ၃၉၆ | ၃၅၈ |
| ဆန်ပြောင်း | ၄၈၉ | ၄၇၃ |
| နှမ်းဖြူ | ၂၂၂၂ | ၂၃၃၃ |
| နှမ်းညို | ၁၆၆၂ | ၁၇၇၈ |
| နှမ်းနက် | ၂၈၈၉ | ၂၇၇၈ |
| နှမ်းနက် (စမုံ) | ၃၄၄၄ | ၂၇၇၈ |
| ပန်းနှမ်း | ၁၈၀၀ | ၁၇၇၈ |
| မြေပဲဆန် ( S1လုံးဆန်) | ၁၈၀၀ | ၁၈၀၀ |

၂၀၁၆ခုနှစ် အောက်တိုဘာလ ဒုတိယပတ်တွင် ပြည်ပ(တရုတ်)နှင့်ဒေသတွင်း ပဲခွဲစက်များက ပုံမှန်ဝယ်ယူနေတဲ့ ပဲတီစိမ်းကြီး တစ်ပိဿာ ၁၅၆၄ ကျပ်(တစ်တန် ၉၅၇၇၇၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် ကာလတူဈေးအထက် တစ်ပိဿာ ၁၉၅ ကျပ်(တစ်တန် ၁၁၉၄၁၆ ကျပ်) ဈေးမာနဲ့နေ့စဉ်သုံးတင်းအိတ် ၇၀၀ မှ ၁၀၀၀ ကြား၊ ပဲလွန်းဖြူမှာ ယခင်တစ်ပတ်ဈေးအထက် တစ်ပိဿာ ၈၄ ကျပ်(တစ်တန် ၅၁၄၄၁ ကျပ်) ဈေးမာလို့ ယခုတစ်ပတ် မှာ ပဲလွန်းဖြူတစ်ပိဿာ ၁၁၆၇ ကျပ်(တစ်တန် ၇၁၄၆၅၉ ကျပ်) ဖြင့် နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲကြီးမှာ ယခင် တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၅၄ ကျပ် (တစ်တန် ၃၃၀၆၉ ကျပ်)နဲ့ ဈေးအေးလို့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၈၄ ကျပ်(တစ်တန် ၉၀၈၇၈၇ ကျပ်)နဲ့ နေ့စဉ်သုံးတင်း အိတ် ၃၀၀ ခန့်၊ ပဲနီပြားမှာ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၃၇ ကျပ်(တစ်တန် ၂၂၆၅၈ ကျပ်)၊ ဈေးမာလို့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၁၃ ကျပ်(တစ်တန် ၇၄၂၈၂၉ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ကျော်၊ ပဲပုပ်(ရှမ်း) တစ်ပိဿာ ၉၉၅ ကျပ်(တစ်တန် ၆၀၉၃၂၈ ကျပ်)၊ ပဲပုပ်(ဗမာ) တစ်ပိဿာ ၉၃၉ ကျပ်(တစ်တန် ၅၇၅၀၈၄ ကျပ်)နဲ့ အရောင်း အဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ ကွာဟမှုအနည်းငယ်သာရှိပြီး နေ့စဉ်သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲယင်း(သေး) တစ်ပိဿာ ၇၅၇ ကျပ်(တစ်တန် ၄၇၉၀၈၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအထက် တစ်ပိဿာ ၅၀ ကျပ်(တစ်တန် ၁၀၆၂၀ ကျပ်) ဈေးအေးနဲ့ နေ့စဉ်သုံး တင်း အိတ် ၂၀၀ ကျော်၊ ထောပတ်ပဲတစ်ပိဿာ ၁၀၆၇ ကျပ်(တစ်တန် ၆၅၃၄၂၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်း အထက်တစ်ပိဿာ ၃၆ ကျပ်(တစ်တန် ၂၂၀၄၆ ကျပ်) ဈေးမာခဲ့သလို အရောင်းအဝယ်သွက်လက်လို့ နေ့စဉ် သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ပဲဇီးကွက်မှာ ယခင်တစ်ပတ်ဈေးရဲ့ အထက်နဲ့ တစ်ပိဿာ ၉၇၉ ကျပ်(တစ်တန် ၅၉၉၅၃၀ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့်၊ နိုင်လွန်ပဲမှာ ယခင်တစ်ပတ်ရဲ့ ဈေးနှုန်းအောက် အနည်းငယ်ကျဆင်းပြီး ယခုတစ်ပတ်မှာ တစ် ပိဿာ ၉၂၈ ကျပ်(တစ်တန် ၅၆၈၂၉၈ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပ(အိန္ဒိယ)နဲ့ ရန်ကုန်ဝယ်လက်များဝယ်ယူမှုရှိနေတဲ့ မတ်ပဲ ယခင်တစ်ပတ်ဈေးအောက် တစ်ပိဿာ ၅၀ ကျပ်(တစ်တန် ၃၀၆၂၀ ကျပ်) ဈေးအေးလို့ ယခုတစ်ပတ်မှာ မတ်ပဲ တစ်ပိဿာ ၂၄၆၇ ကျပ်(တစ်တန် ၁၄၄၉၅၂၇ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၅၀၀ မှ ၇၀၀ ကြား၊ ကုလားပဲဖြူကြီး နဲ့ ကုလားပဲထိုင်ဝမ်များမှာ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၅၃ ကျပ်(တစ်တန် ၃၂၄၅၇ ကျပ်) ဈေးမာလို့ ယခုတစ်ပတ်မှာ ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၂၂၅၃ကျပ်(တစ်တန် ၁၃၇၉၇၁၅ ကျပ်)၊ ကုလားပဲထိုင်ဝမ်တစ်ပိဿာ ၂၁၆၉ ကျပ်(တစ်တန် ၁၃၂၈၂၇၄ ကျပ်)နဲ့ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့များ ဈေးငြိမ်၊ ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်ရာ ပြောင်းဖူးစေ့(ရှမ်း)နဲ့ ပြောင်းဖူးစေ့(ဗမာ) မှာအရောင်းအဝယ်ပါးကာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အရောင်း အဝယ်ဖြစ်လျက်ရှိပြီး ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၃၀၆ ကျပ်(တစ်တန် ၁၈၇၃၉၁ ကျပ်)၊ အထွက်တိုး ပြောင်းတစ်ပိဿာ ၃၅၈ ကျပ်(တစ်တန် ၂၁၉၂၃၆ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၄၇၃ ကျပ်(တစ်တန် ၂၈၉၆၆၀ ကျပ်)နဲ့ နေ့စဉ် ပြောင်းဖူးစေ့မျိုးစုံ သုံးတင်းအိတ် ၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းရောင်စုံနဲ့ မြေပဲများရဲ့ ဈေးနှုန်းများမှာ နှမ်းဖြူတစ်ပိဿာ ၂၃၃၃ ကျပ်(တစ်တန် ၁၄၂၈၇၀၆ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၇၇၈ ကျပ်(တစ်တန် ၁၀၈၈၈၂၉ ကျပ်)၊ နှမ်းနက်နှင့်နှမ်းနက်(စမုံ) တစ်ပိဿာ ၂၇၇၈ ကျပ်(တစ်တန် ၁၇၀၁၂၁၉ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၁၇၇၈ ကျပ်(တစ်တန် ၁၀၈၈၈၂၉ ကျပ်)နဲ့ အဆိုပါနှမ်း ရောင်စုံများ နေ့စဉ်သုံးတင်းအိတ် ၃၅၀၀ ခန့် အရောင်း အဝယ်ဖြစ်ပြီး မြေပဲ S1 လုံးဆန် တစ်ပိဿာ ၁၈၀၀ ကျပ် (တစ်တန် ၁၁၀၂၃၀၂ ကျပ်) နဲ့နေ့စဉ်သုံးတင်းအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပဲအများစုဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း ပြောင်းဖူးစေ့နဲ့ ဆီထွက်သီးနှံအများစု ဈေးအနည်းငယ်အေးပေမယ့် အရောင်းအဝယ်ကောင်းကြောင်း၊ မန္တလေးကုန်စည်ဒိုင်အနေဖြင့် အရောင်းအဝယ်ပြုလုပ်ရာတွင် ပြည်ပ(တရုတ်) ဈေးကွက်ကို များစွာမှီခိုနေကြောင်း၊ တရုတ်သို့တင်ပို့သည့် ပဲများအနက် ပဲတီစိမ်းနှင့် ထောပတ်ပဲ နှမ်းရောင်စုံနှင့်မြေပဲဆန်မှာ အရောင်းအဝယ်သွက်လက် လျက်ရှိကြောင်း၊ ပြောင်းဖူးစေ့များမှာ ယခင်လများထက် တင်ပို့မှုများစွာ ပိုမိုသဖြင့် အရောင်းအဝယ်သွက်လက်လျက်ရှိကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင် (မန္တလေး)**

## မန္တလေးမှ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ပြည်ပ(တရုတ်)သို့ စီးထွက်သွားသည့် လယ်ယာထွက်ကုန်သီးနှံနှင့် သကြားပမာဏ

မန္တလေးမြို့အထွက် ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ကို နေ့စဉ်အနယ်နယ်အရပ်ရပ်မှ လုပ်ငန်းရှင်များက မိမိတို့၏ ထွက်ကုန်သီးနှံများကို ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ၎င်းမှတစ်ဆင့်ပြည်ပ(တရုတ်)သို့ နေ့စဉ်တင်ပို့ရောင်းချပြီး ကုန်သွယ်မှုပြုလုပ်ရာ ယခုလအတွင်း (အောက်တိုဘာလ) အများဆုံးစီးထွက်သွားသည့် လယ်ယာထွက်ကုန်သီးနှံများအနက် ပဲတီစိမ်းကြီးမှာ ပြည်ပ(တရုတ်) ဝယ်လက်ပုံမှန်ရှိလို့ ဈေးနှုန်းအပေါ် မူတည်ပြီး အရောင်း

| ကုန်ပစ္စည်း၊ သီးနှံအမည် | ၁. ၁၀. ၂၀၁၆ မှ ၁၁. ၁၀. ၂၀၁၆ ထိ | | |
|---|---|---|---|
| | စုစုပေါင်း/တန် | တစ်ရက်/တန် | တစ်ရက်ပျမ်းမျှ အိတ် |
| ပဲတီစိမ်း | ၁၉၈၅. ၀ | ၁၈၀. ၅ | ၁၉၆၅ |
| ထောပတ်ပဲ | ၅၅၄. ၂ | ၄၉. ၅ | ၅၃၈ |
| နှမ်း (ဖြူ/ညို/နက်) | ၅၂၄၆. ၀ | ၄၇၇. ၀ | ၆၄၉၁ |
| ပြောင်းဖူးစေ့ | ၃၂၂၂. ၅ | ၂၉၃. ၀ | ၃၃၂၃ |
| မြေပဲ | ၉၈၂. ၇ | ၈၉. ၀ | ၉၉၄ |
| သကြား(Re Export) | ၄၆၀၃. ၇ | ၄၁၉. ၀ | ၈၅၄၃ (၃၀ ပိဿာ) |
| သကြား(Normal) | ၂၃၆၂၆. ၀ | ၂၁၄၈. ၀ | ၄၂၉၆၀ (၃၀ ပိဿာ) |

အဝယ်ဖြစ်လျက်ရှိရာ နေ့စဉ်သုံးတင်းအိတ်နှစ်ထောင်ခန့်၊ ထောပတ်ပဲမှာ နေ့စဉ်သုံးတင်းအိတ် ငါးရာကျော်၊ နှမ်းရောင်စုံ နေ့စဉ်သုံးတင်း အိတ် ခြောက်ထောင်ငါးရာခန့်၊ ပြောင်းဖူးစေ့နေ့စဉ်သုံးတင်းအိတ် သုံးထောင်သုံးရာကျော်၊ မြေပဲ သုံးတင်းအိတ် တစ်ထောင်ခန့်၊ သကြား ၃၀ ပိဿာဝင်အိတ် ငါးသောင်းတစ်ထောင်ကျော် တင်ပို့ခဲ့သည်။ ကုန်ပစ္စည်း သယ်ယူပို့ဆောင်သည့် ဝန်ဆောင်ခ အနေဖြင့် မန္တလေး-မူဆယ် တစ်ပိဿာ ၅၉ ကျပ်(တစ်တန် ၃၆၁၃၁ ကျပ်)၊ မန္တလေး-လားရှိုး တစ်ပိဿာ ၄၅ ကျပ်(တစ်တန် ၂၇၅၅၈ ကျပ်)ဖြင့် သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**စိုးအောင်-မန္တလေး**

## ငပုတောမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့မဈေးကြီးအတွင်း စားသုံးရန် မသင့်သည့် စားသောက်ကုန်များ ရောင်းချမှု ရှိမရှိ ကွင်းဆင်းစစ်ဆေး

ငပုတောမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်စန်းနဲ့ ဦးသိန်းရွှေတို့က ဆက်စပ်ဌာနများဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပါဝင်လျက် ငပုတော မြို့မဈေးကြီးအတွင်းရှိ ကုန်စုံဆိုင်များတွင် စားသုံးရန် မသင့်တဲ့ စီးကရက်ပုံ မုန့်များ ရောင်းချခြင်းမရှိစေရေးအတွက် အောက်တိုဘာ ပထမပတ်တွင် ကွင်းဆင်းစစ်ဆေးရာ ရောင်းချမှုမရှိကြောင်း တွေ့ရှိရပြီး နောင်တွင်လည်း ရောင်းချခြင်းမပြုရန် အသိပညာပေးပြောကြားခဲ့သည်။

ဈေးကွက်အတွင်း ရောင်းချနေတဲ့ ဆိုင်များမှလည်း စားသောက်ကုန်များတွင် ကျန်းမာရေးနဲ့ညီညွတ်မှု ရှိ/မရှိ၊ သက်တမ်းကုန်ရက်စွဲ ရေးထားခြင်း ရှိ/မရှိ သိရှိရန်နှင့် အရည်အသွေး စည်းကမ်းလိုက်နာ ထုတ်လုပ်တဲ့စားသောက်ကုန်စည်များကိုသာ ရောင်းချစေလိုကြောင်း၊ ယခုအခါ အမျိုးသားအစားအသောက်ဥပဒေ၊ ဆေးဝါးဥပဒေများကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ရာ ယခုလို ကွင်းဆင်းစစ်ဆေး ခြင်းဖြင့် စံ မမီသောစားသောက်ကုန်များ ပျောက်ကွယ်သွားစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဒေါ်မြင့်မြင့်စန်းက ပြောကြားခဲ့သည်။

**မင်းမင်းဦး - ပုသိမ်**

## ကြက်သွန်

### ပြည်ကြက်သွန်ဖြူ အရောင်းအဝယ်ပုံမှန်ဖြစ်ပြီး ဈေးဆက်မြင့်

ပြည်စားဖိုဆောင်သုံး ပွဲရုံများတွင် ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်နေပြီး အရောင်းအဝယ်မှာလည်း ပုံမှန်ဖြစ်နေပါတယ်။ ယခုရက်ပိုင်းအတွင်း အလှူအတန်းများ၊ ပွဲလမ်းသဘင်များကြောင့် လက်လီအဆွဲများလာကာ အရင်ရက်တွေထက် အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ နယ်စပ်မှ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူရဲ့ဈေးနှုန်းတွေကလည်း မြင့်သည်ထက် မြင့်လာတာတွေ့ရပါတယ်။ (ရှမ်းစ) ကြက်သွန်ဖြူဈေးလည်း အနည်းငယ်တက်လာတာ တွေ့ရပါတယ်။ ယခု တစ်ပတ် ပြည်ပွဲရုံ ကြက်သွန်ဖြူ တစ်ပိဿာဈေး (ရှမ်းစ) ကျပ် ၄၀၀၀နှင့် ဒေသတွင်း လက်လီဈေးမှာ ကျပ် ၄၆၀၀ရှိပြီး (ကြူကုတ်စ) ပွဲရုံဈေး ၄၆၀၀ ကျပ်နှင့် လက်လီဈေးမှာ ကျပ် ၄၈၀၀ ရှိကြောင်း တွေ့ရပါတယ်။ အောက်တိုဘာ ဒုတိယပတ်အတွင်း ကြက်သွန်ဖြူ အိတ် ၃၀၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**နီနီဝင်း**

### စခန်းစုံမှ ကြက်သွန်နီ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ပထမပတ်အတွင်း အမေရိကန်ဒေါ်လာ၄၇၂၀၃တန်ဖိုးရှိကြက်သွန်နီ ၃၁၆တန်ကျော်ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၈၀၃၄ တန်ဖိုးရှိ ကြက်သွန်နီ ၂၄၆ တန်ကျော်ကိုလည်းကောင်း၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၉၈၅ တန်ဖိုးရှိ ကြက်သွန်နီ ၂၅တန်ကိုလည်းကောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၈၅၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၂၀၀ နဲ့ အမေရိကန်ဒေါ်လာ ၁၆၉၅၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၉၀ ကိုလည်းကောင်း အသီးသီး တင်ပို့ခဲ့ကြပါတယ်။

ယခင် သီတင်းပတ်က မူဆယ်မှ ကြက်သွန်နီ တန် ၇၅၀၊ မြဝတီမှ ၄၆၅တန်ကျော်နဲ့ တာချီလိတ်မှတန်၄၀၀တင်ပို့ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ အောက်တိုဘာ ပထမပတ်တွင် ကြက်သွန်နီ တစ်ပိဿာကို ၈၀၀-၁၀၀၀ ကျပ်နဲ့ ကြက်သွန်နီ တစ်ပိဿာကို ၄၀၀၀-၄၅၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**



### သီတင်းကျွတ်ပွဲတော်ကြောင့် ပြည်ကြက်သွန်နီ ဈေးတက်

သီတင်းကျွတ်ပွဲတော်ကာလဖြစ်တာကြောင့် ယခုတစ်ပတ်မှာ ကြက်သွန်နီ သီးနှံအနေနဲ့ အရောင်းအဝယ်သွက်လာကာ ဈေးမြင့်လျက်ရှိနေပါတယ်။ အခါရက်ဖြစ်တာရယ် ယိုးဒယား၊ တရုတ်ဘက်အထွက်များတာရယ်ကြောင့် ဈေးမြင့်သွားတယ်လို့သိရပါတယ်။ ပွဲရုံလုပ်ငန်းရှင်များက ကထိန်ရာသီ တန်ဆောင်မုန်းလပြည့်နေ့အထိ ဆက်လက် အရောင်းအဝယ်ကောင်းပြီး ဈေးနှုန်းလည်း ကောင်းလာမယ်လို့ ခန့်မှန်းထားကြောင်းသိရပါတယ်။

ယခုတစ်ပတ်အတွင်း ပြည်ပွဲရုံများ၌ ကြက်သွန်နီပိဿာချိန်ပေါင်း ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဝင်ရောက်မှုအနေနဲ့လည်း မှာယူတင်သွင်းမှုများနေကြောင်း၊ တစ်ရက်လျှင် အိတ် ၂၀၀ ဆံ့ကားစီးရေ သုံးစီးခန့် ဝင်ရောက်မှုရှိကြောင်း သိရပါတယ်။ ဈေးနှုန်းအားဖြင့် ပွဲရုံလက်ကားဈေး တစ်ပိဿာကို (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၆၅၀ ၊ (သေး) ကျပ် ၅၅၀ တို့ရှိပြီး၊ လက်လီဈေးအသေးများတွင် (ရွယ်သန့်) ကျပ် ၈၅၀၊ (ကြီး) ကျပ် ၈၀၀၊ (လတ်) ကျပ် ၇၅၀၊ (သေး) ကျပ် ၆၀၀ တို့ နှင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ချင်း

### တရုတ်နိုင်ငံသို့ ချင်းခြောက်တင်ပို့

အောက်တိုဘာ ၁ရက်မှ ၇ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၆၂၂တန်ဖိုးရှိ ချင်းခြောက် ၁၇တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က စစ်တွေနဲ့ မောင်တောမှ ချင်းစို ၅၂တန်ကျော်တင်ပို့ခဲ့ပြီး ချင်းခြောက် တင်ပို့မှုမရှိခဲ့သလို ယခုတစ်ပတ်မှာလည်း မူဆယ်မှသာ ချင်းခြောက် တင်ပို့နိုင်ခဲ့ပြီး စစ်တွေ၊ မောင်တောမှ ချင်းစို တင်ပို့မှုမရှိခဲ့ကြောင်းသိရပါတယ်။ **မော်မော်အောင်**



### ရှမ်းချင်းကို ပြည်တွင်းဝယ်လက်အဝယ်ရှိ

ရှမ်းပြည်နယ်မှာလက်ရှိအချိန်ထိ မိုးကောင်းနေဆဲဖြစ်ပါတယ်။ ပွဲတော်တွေကလည်းဆက်တိုက်ဖြစ်လာပါပြီ၊ စိုက်ချိန်၊ ပျိုးချိန်တွေလည်းပြီးသွားတာကြောင့် တောင်သူတွေကလည်း အလုပ်နားပြီး အလှူပွဲတွေပြုလုပ်လာကြပါတယ်။ အလှူပွဲအတွက် တောင်သူတွေက ပစ္စည်းထုတ်ရောင်းကြလို့ ဒီတစ်ပတ်မှာတော့ ယခင်တစ်ပတ်ကထက်ပစ္စည်းတွေဝင်လာတယ်လို့သိရပါတယ်၊ ချင်း(ဥမ)လက်ကျန်တွေကလည်းရှိနေပါသေးတယ်။ အလှူပွဲတွေကြောင့် ပြည်တွင်း ဝယ်လက်တွေကလည်း အဝယ်ရှိလာပါတယ်။ တပ်ကုန်း၊ ရန်ကုန်၊ ပြည်၊ မုံရွာစတဲ့မြို့တွေက ဝယ်ယူနေပါတယ်။ ပြည်ပဝယ်လက်ကတော့အခုထိ အဝယ်မရှိသေးပါဘူး။ ပြည်တွင်းဝယ်လက်သမားတွေအဝယ်ရှိနေလို့ တစ်ပတ်အတွင်းမှာ ချင်း(စို)ပိဿာ ချိန်ပေါင်း ၁ ဒသမ ၅ သန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ချင်းခြောက်ကိုတော့ ရန်ကုန်နဲ့ ပြည်ဝယ်လက်တွေက ဝယ်ယူနေပါတယ်။ တစ်ပတ်အတွင်းမှာ ချင်းခြောက်ပိဿာချိန်ပေါင်း လေးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒီတစ်ပတ်ချင်းပေါက်ဈေးတွေက ချင်း(စို) တစ်ပိဿာကျပ် ၂၀၀ မှ ကျပ် ၃၀၀ရှိပြီး ချင်းခြောက်က ကျပ်၁၆၀၀ မှ ကျပ် ၁၇၀၀ဈေးရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

### ပြည်ချင်းဈေးကွက် အဝင်သွက်၊ အရောင်းအဝယ်သွက်

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်အတွင်းရှိ ပွဲရုံများမှ သီတင်းကျွတ်အခါကာလ ချင်းခားလှီးသမားများ အဝယ်လိုက်နေပြီး၊ ပြည်ပွဲရုံများသို့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းတက်အသစ်များဝင်လာတာကို တွေ့ရပါတယ်။ ပြည် ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၂၅၀ အဝင်ရှိပြီး ယခင်တစ်ပတ်ကထက် အဝင်များလာပါတယ်။အဝင်များပေမယ့်ဈေးနှုန်းမှာ ကျဆင်းမသွားဘဲ ယခင်အတိုင်းရှိနေပါတယ်။ ကထိန်အလှူပွဲများရှိနေလို့ ပိဿာချိန် ၅၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးနှုန်းမှာ ချင်းတစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ၁၂၀၀ တို့နဲ့ဈေးငြိမ်နေကြောင်း သိရပါတယ်။ **ဝင်းဝင်းခိုင်**

### မောင်တောကုန်သွယ်ရေး ခေတ္တရပ်နား

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းအနေဖြင့် မြန်မာနိုင်ငံဘက်ရော ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ပါ လူဝင်လူထွက်များ ပိတ် ထားခြင်း၊ ညမထွက်ရအမိန့်လည်းထုတ်ထားခြင်းတို့ကြောင့် ကျောင်းများလည်း ပိတ်ထားကြောင်း၊ ကုန်သွယ်မှုပြုလုပ်ခြင်းကို ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ခေတ္တရပ်နားထားကြောင်း၊ မောင်တောတွင် အနယ်နယ်အရပ်ရပ်မှလာရောက် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနက် မိမိနေရပ်ဒေသများသို့ပြန်ကြသော ဝန်ထမ်းများလည်းရှိသကဲ့သို့ စစ်တွေမြို့သို့လည်း သွားရောက်နေထိုင်ကြသည့် ဝန်ထမ်းများလည်း ရှိကြောင်းသတင်းရရှိ ပါသည်။ **မော်မော်အောင်**

## နနွင်း

### မူဆယ်ရော မြဝတီမှပါ နနွင်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁ရက်မှ ၇ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၁၂၂၃ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၅၄တန်ခွဲနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၁၈၄၃ တန်ဖိုးရှိနနွင်းတက် (ကျောက်ဆည်) ၁၆တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင် သီတင်းပတ်က မူဆယ်မှ နနွင်းတက် ၉၈တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် နနွင်းတက် တင်ပို့မှု တန်၄၀ကျော် လျော့နည်းခဲ့ပါတယ်။ မူဆယ်မှာ နနွင်းတက် တစ်တန်ကို (ငွေလဲနှုန်းအရ) ၉၆၂၆၅ကျပ် ဈေးခန့်ရှိပြီး မြဝတီမှာတော့ ၉၃၉၈၀၀ ကျပ် ဈေးခန့် ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်းကို ပွဲရုံတွေကသာ အဝယ်များ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းအရောင်းအဝယ် အနည်းငယ်ဖြစ်တယ်လို့သိရပါတယ်။ သီတင်းကျွတ်ပွဲမှာ လှူဖို့အတွက် တောင်သူတွေကနှစ်စဉ်ဒီအချိန်မှာ ငွေပေါ်ဖို့အတွက် ပစ္စည်းထုတ်ရောင်းလေ့ရှိတာကြောင့် ဒီအချိန်မျိုးမှာ သီးနှံတွေ အဝင်လှိုင်လေ့ရှိပါတယ်။ တောင်သူတွေထုတ်ရောင်းတဲ့နနွင်းတွေကို ပွဲရုံတွေကသာ ဝယ်ယူနေတဲ့ ဈေးကွက်ဖြစ်ပြီး ပြန်ရောင်းရတာကတော့ အနည်းအကျဉ်းသာရှိတယ်လို့လည်းသိရပါတယ်။ ပုံမှန်ဝယ်ယူနေကျအမှုန့်ကြိတ်သမားတွေကပါ အဝယ်ရှိလာလို့ တစ်ပတ်အတွင်းမှာနနွင်းပိဿာချိန်ပေါင်း ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်တွေက ဆင်တောင်နနွင်းကို အဓိကထား ဝယ်ယူနေပေမယ့် အောင်ပန်းဈေးကွက်မှာ ဆင်တောင်နနွင်းက ကုန်သလောက်ဖြစ်နေတာကြောင့် အောင်ပန်းဈေးကွက်ဝင် ဟိုပုံးနနွင်းကို ဝယ်ယူနေတယ်လို့သိရပါတယ်။

အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ် နနွင်းတစ်ပိဿာ ပေါက်ဈေးတွေက တောင်ပို့(လစ) ကျပ် ၁၄၀၀ မှ ကျပ် ၁၆၀၀ ဈေးရှိပြီး ဟိုပုံးနနွင်းက ကျပ် ၁၈၀၀ ဈေးရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**




# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Public Forum နှင့် မြန်မာ

■ **အောင်မင်းသိုက်**

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့မှာစက်တင်ဘာလ ၂၆ ရက်မှ ၃၀ ရက် အထိ ကျင်းပခဲ့တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ Public Forum ဟာ မြန်မာ နိုင်ငံအတွက် တကယ့်ကို အကျိုးရှိလှတဲ့ ဖိုရမ်တစ်ခုဖြစ်ခဲ့ပါတယ်။

စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီးဒေါက်တာသန်းမြင့်နဲ့ ကုန်သွယ်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူး ချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့က ညွှန်ကြားရေး မှူးချုပ်ဦးအောင်စိုးနဲ့တာဝန်ရှိသူတွေတက်ရောက်ခဲ့ကြပါတယ်။

အဲဒီဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး Myanmar: Opening up for Business Forum ကိုပါ ထည့်သွင်းကျင်းပခဲ့တာကြောင့် မြန်မာ့ စီးပွားရေးအတွက် အလွန်ပင် အထောက်အကူပြုမယ့် ဆွေးနွေးပွဲတစ်ခုဖြစ် တယ် လို့ဆိုရမှာပါ။

အဲဒီဆွေးနွေးပွဲကိုတက်ရောက်ရတဲ့ ရည်ရွယ်ချက်တွေကတော့ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ရဲ့ EIF လုပ်ငန်းစဉ်အောက်မှာ ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုဘက်စုံလေ့လာ ဆန်းစစ်ခြင်း (DTIS) လုပ်ငန်း စဉ်ရဲ့တိုးတက်အောင်မြင် ဖြစ်ထွန်းမှုများအား နိုင်ငံတကာသို့ ရှင်းလင်းချပြ ဆွေးနွေးသွားရေး၊ဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးလျက်ရှိတဲ့ နိုင်ငံ တကာအဖွဲ့အစည်းများနဲ့သာမက မိတ်ဖက်နိုင်ငံများနဲ့ပါ ကုန်သွယ်မှုဆိုင်ရာ ကိစ္စများမှာ ပိုမိုထိတွေ့ဆက်ဆံနိုင်ရေးနှင့် မိမိနိုင်ငံအတွက် နိုင်ငံတကာ အတွေ့အကြုံနှင့် အထောက်အကူများရရှိရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ရဲ့ လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံမှ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင် ရေးနဲ့ မြန်မာနိုင်ငံရဲ့အခန်းကဏ္ဍပိုမိုမြှင့်တင်နိုင်ရေးတို့ပဲဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ Enhanced Integrated Framework Division မှ အမှုဆောင်ဒါရိုက်တာဖြစ်သူ Dr. Ratnakar Adhikari နဲ့ တွေ့ဆုံခဲ့သလို EIF Country Director ဖြစ်သူ Mr. Simon Hess နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။

ယခုကျင်းပခဲ့တဲ့ WTO ရဲ့ Public Forum ဟာ (၁၅)ကြိမ် မြောက်ဖြစ် ပါကြောင်း၊ ယခုအခါ ကမ္ဘာ့ကုန်သွယ်မှုဟာ ကျဆင်းလျက်ရှိနေပါကြောင်း၊ ယခုလိုကမ္ဘာ့ကုန်သွယ်မှုကျဆင်းလာခြင်းဟာ စီးပွားရေးကျဆင်းခြင်းရဲ့ လက္ခဏာများပင်ဖြစ်ပါကြောင်း၊ စီးပွားရေးကျဆင်းလာတာနဲ့အမျှ အလုပ် လက်မဲ့များလည်း များပြားလာပါကြောင်း၊ Growth and Development ကိုယှဉ်တွဲဖွံ့ဖြိုး တိုးတက်ရေးအတွက်နည်းပညာများရဲ့အခန်းကဏ္ဍဟာ အလွန်ပင် အရေးကြီးလှပါကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြား ရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုက Public Forum ဖွင့်ပွဲအခမ်း အနားမှာထည့်သွင်းပြောကြားခဲ့ပါတယ်။

ကမ္ဘာ့ဘဏ်ဟာ မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုကဏ္ဍ ဘက်စုံလေ့လာ ဆန်းစစ်မှုအစီရင်ခံစာလုပ်ငန်းစဉ်(DTIS)တွေမှာ အကူအညီပေးခဲ့တဲ့အဖွဲ့ တစ်ဖွဲ့ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့အကူအညီကြောင့် DTIS ရဲ့လုပ်ငန်းစဉ် တွေ အောင်မြင်ခဲ့ရသလို နောက်ဆက်တွဲ အစီအစဉ်တစ်ခုဖြစ်တဲ့ ကာလ လတ် အစီအစဉ်များကိုလည်း ရေးဆွဲလျက်ရှိပါတယ်။ အဲဒီလုပ်ငန်းစဉ် ကြောင့် မြန်မာနိုင်ငံရဲ့စီးပွားရေးမူဝါဒ (၁၂)ရပ်ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ တာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာကုန်သွယ်မှုနဲ့ စီးပွားရေးလုပ်ငန်းများအပေါ် တံခါး ဖွင့်မူဝါဒကိုကျင့်သုံးပြီး ကုန်သွယ်မှုမြှင့်တင်ရေးကို ဦးစားပေးလုပ်ဆောင် လျက်ရှိနေတာဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ စိန်ခေါ်မှုတွေရှိနေပါကြောင်း၊အဲဒီ စိန်ခေါ်မှု တွေအနက် Capacity Building တိုးမြှင့်ရေး၊ Product Diversification ကဏ္ဍနဲ့အဆောက်အဦ အထူးသဖြင့် ကုန်သွယ်မှုနဲ့ဆက်နွယ်ပတ်သက်နေ တဲ့အခြေခံအဆောက်အအုံကဏ္ဍတွေမှာ နိမ့်ကျနေတာကြောင့်အဲဒီကဏ္ဍ တွေမှာအိမ်နီးချင်းနိုင်ငံများနဲ့ယှဉ်ပြိုင်ရာမှာ အားနည်းနေပါကြောင်း၊ ဒါကြောင့် ကမ္ဘာ့ဘဏ်အနေနဲ့ အဲဒီကဏ္ဍတွေအတွက် ကူညီထောက်ပံ့မှုတွေ ဆက်လက် ပံ့ပိုးပေးဖို့ တောင်းဆိုလိုပါကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကမ္ဘာ့ ဘဏ်ရဲ့အကြီးအကဲဖြစ်သူ Ms. Anable Gonzalez နဲ့ တွေ့ဆုံရာမှာ ပြော ကြားခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုဝန်ကြီးဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူးချုပ် မစ္စတာရောဘတ်တိုအဇယ်ဗယ်ဒိုနဲ့ တွေ့ဆုံရာမှာ မြန်မာနိုင်ငံအနေနဲ့ အခြားသော ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများနည်းတူ နိုင်ငံတကာကုန်သွယ်မှု စနစ်မှာ လိုက်ပါဆောင်ရွက်မှုအခြေအနေများနဲ့ တိုး တက်လာမှုအခြေအနေများ၊ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ် နှံမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်နေမှု အခြေ အနေများ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနဲ့ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာကိစ္စရပ်များတွင် နည်းပညာအကူအညီများ ဆက်လက်ပံ့ပိုးပေးနိုင်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါတယ်။

ယခုကျင်းပခဲ့တဲ့ Public Forum ဆွေးနွေးပွဲမှာ EIF: Trade for LDC Development Impact Report ၂၀၁၅ စာအုပ်မိတ်ဆက်ပွဲကို ထည့်သွင်းကျင်းပခဲ့ပါ တယ်။ အဲဒီစာအုပ်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ EIF Division မှ ပညာရှင်များ၊ သုတေသီများ စုပေါင်းပြုစု ထားခြင်းဖြစ်ပြီး EIF အစီအစဉ်ရဲ့ရည်ရွယ်ချက်များနဲ့ အဲဒီအစီအစဉ်မှာပါဝင်တဲ့နိုင်ငံတွေရဲ့ လုပ်ငန်းစဉ် ဆောင်ရွက်မှုနဲ့တိုးတက်မှုလုပ်ငန်းစဉ်ကို ဖော်ပြထား တဲ့အစီရင်ခံစာတစ်ခုဖြစ်ပါတယ်။

အဲဒီစာအုပ်မိတ်ဆက် ပွဲကို ပြည်ထောင်စုဝန်ကြီး နဲ့အဖွဲ့တို့လည်း တက်ရောက်ခဲ့ကြပါတယ်။

အဲဒီနောက် စက်တင်ဘာလ ၂၉ရက်မှာMyanmar: Opening up for Business Fourm ကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စတင်လျက် တာဝန်ယူဆောင်ရွက်ခဲ့တဲ့ အစိုးရသစ်ဟာ အစိုးရရဲ့စီးပွားရေး ဆိုင်ရာမူဝါဒ (၁၂) ချက်ကို ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်မှုဟာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေး နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအဓိက ကျတဲ့ အခန်းကဏ္ဍမှာပါဝင်တဲ့အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိ ပါကြောင်း၊ ကုန်သွယ်မှုကုန်ကျစရိတ်လျှော့ချခြင်းနဲ့ စီးပွားရေးအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက် စေရန်နဲ့ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်တို့ကို ဦးတည်ပြီး ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ ဥရောပသမဂ္ဂက မြန်မာနိုင်ငံ အပေါ် စီးပွားရေးပိတ်ဆို့မှုများအား ဖယ်ရှားပေးခဲ့ပြီး ဖြစ်သဖြင့် ဈေးကွက်အခွင့်အလမ်းများပိုမိုရရှိခဲ့ပါ ကြောင်း၊ ၂၀၁၄ ခုနှစ်၊ မတ်လမှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ကုန်သွယ်မှုမူဝါဒလေ့လာ ဆန်းစစ်ခြင်း လုပ်ငန်းစဉ်အားအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါ ကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာရေးဆွဲခြင်းနဲ့ အသိပေးကြေငြာခြင်းလုပ်ငန်းစဉ်ကို ၂၀၁၅ ခုနှစ်မှာ ကြေငြာခဲ့ပါကြောင်းအဲဒီကြေငြာချက်အရ ပို့ကုန်ကဏ္ဍ များမှာ အဓိကဦးစားပေးကဏ္ဍတွေကို ရွေးချယ်သတ် မှတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များ ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင် ရွက် နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ITC) မှ နည်းပညာ အကူအညီများနှင့်ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ(GIZ) မှ ငွေကြေး အကူအညီ များ ပံ့ပိုးပေးခဲ့ပါကြောင်း ပြောကြားခဲ့ပါတယ်။

အဲဒီဖိုရမ်ကို ကမ္ဘာ့ဘဏ်အဖွဲ့၊ ဥရောပသမဂ္ဂ၊ EIF အတွင်းရေးမှူးရုံးအဖွဲ့၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ မှပုဂ္ဂိုလ်များ၊ အာဆီယံနိုင်ငံ များမှကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ကိုယ် စားလှယ် ၁၀၀ဦးတက်ရောက်ခဲ့ပြီး Myanmar: Opening up for Business Forum နဲ့ပတ်သက်ပြီး သိရှိ လိုတာများကိုမေးမြန်းခဲ့ကြရာမှာ သက်ဆိုင်ရာ တာဝန် ရှိသူတွေက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပါ တယ်။

**ဆက်လက်ဖော်ပြပါမည်။**

**”**

**ကမ္ဘာ့ဘဏ်အနေနဲ့ အဲဒီကဏ္ဍတွေအတွက် ကူညီထောက်ပံ့မှုတွေ ဆက်လက် ပံ့ပိုးပေးဖို့....**

# ခတ်ဆီ/ဒီဇယ်

## ဒီဇယ်တန် ၂ဝနီးပါးနဲ့ ခတ်ဆီ တန် ၄ဝနီးပါးဝင်

အောက်တိုဘာ ၂ ရက်မှ ၈ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၇၈၂၅၄၅ တန်ဖိုးရှိ ဒီဇယ် ၁၉ ဒသမ ၂၇၈ တန်နဲ့ ကန်ဒေါ်လာ ၂ဝ၄၈၃၂၃ တန်ဖိုးရှိ ခတ်ဆီ ၃၇ ဒသမ ၉၈၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်၊ ခတ်ဆီ အဝင်မရှိဘဲ ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ အဆင့်မြင့် ဒီဇယ်၊ **(92 )** နဲ့ **(95)** တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၈၉ဝ၄၂၂ တန်ဖိုးရှိ ခတ်ဆီ ၁၅၆၄ ဒသမ ၅၆၈ တန်၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၄၄၃၂ တန်ဖိုးရှိ ခတ်ဆီ ၄၃ဝ ဒသမ ၄ဝ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၅၃၁၄၉၈တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၁၁ဝဝ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊အောက်တိန်း **(92)**နဲ့ အောက်တိန်း **(95)** မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၆၁ဝ ကျပ်၊ အောက်တိန်း **(92)** ၆၂ဝ ကျပ်၊ အောက်တိန်း **(95)** ၆၆ဝ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၆၃ဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၁ဝ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၂ဝဝဝဝ ကျပ်၊ ရောင်းဈေး ၁၂၂ဝဝဝ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ အောက်တိုဘာ ၁ဝ ရက်မှာ ခတ်ဆီ ဝယ်ဈေး ၁၂၅ဝဝဝ ကျပ်၊ ရောင်းဈေး ၁၂၈ဝဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ခတ်ဆီတစ်ဂါလန် ၂၈ဝဝ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆ဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခတ်ဆီဈေးငြိမ်နေသော်လည်း ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ခတ်ဆီ တစ်လီတာ ၆၄၅ ကျပ်၊ ဒီဇယ် ၅၈ဝကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၄၅ကျပ်၊ အောက်တိန်း **(92)** ၆၄၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ အောက်တိုဘာ၁ဝ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၂၁ဝဝဝ ကျပ်၊ရောင်းဈေး ၁၂၄ဝဝဝကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာအောက်တိုဘာ ၁၂ရက်နေ့တွင်ဝယ်ဈေး ၁၂၃ဝဝဝ ကျပ်၊ ရောင်းဈေး၁၂၅ဝဝဝကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေး နည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ခတ်ဆီဈေးမှာ အောက်တိုဘာ ၁ဝ ရက်တွင် ဝယ်ဈေး ၁၃၁ဝဝဝကျပ်၊ ရောင်းဈေး ၁၃၃ဝဝဝ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆ဝဝကျပ်၊ ဓါတ်ဆီ ၃ဝဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ်နဲ့အောက်တိန်းမှာ ဆက်လက် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ခတ်ဆီ တစ်ဂါလန် ၃ဝဝဝ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၅၅ ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၆၅၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၁ဝဝ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇ဝဝ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၇ဝဝကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ခတ်ဆီ၊ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာ ခတ်ဆီ တစ်ဂါလန် ၂၇ဝဝ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇ဝဝကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ တစ်ဂါလန် ၂၉ဝဝ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၈ဝဝ ကျပ်နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းပြီးနောက် ပြန်လည်မြင့်တက်လာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် အနိမ့်ဆုံးဈေးအဖြစ် ၁၂၄၄ ကျပ်သို့ကျဆင်းပြီးမှ ပြန်လည်မြင့်တက်လာခဲ့ကာ ၁၂၇၅ ကျပ်အထိ အမြင့်ဆုံးဈေးသို့ရောက်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက နိုင်ငံခြားငွေ ကိုင်ဆောင်လဲလှယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့်ပြည်တွင်းရှိ ပုဂ္ဂလိကငွေလဲလှယ်ရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကဘဏ်များအား ဗဟိုဘဏ်က ခေါ်ယူတွေ့ဆုံခဲ့ပြီးနောက် ငွေလဲနှုန်းများ ကျဆင်းခဲ့သည်။ သို့သော် ယခုတစ်ပတ်၏ အစပိုင်းတွင် ကျဆင်းခဲ့သော်လည်း ရက်သတ္တတစ်ပတ်၏နောက်ဆုံးရက်များတွင် ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဈေးကွက်အတွင်း အဝယ်လိုက်လာခြင်းကြောင့် မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူများက ဆိုသည်။

"ဈေးကွက်ထဲမှာ ဒီတစ်ပတ်က အဝယ်လိုက်နေတယ်။ အဝယ်လိုက်လာတော့ ဈေးတက်လာတာ။ ဒီတစ်ပတ်ထဲမှာက အကျကနေ ပြန်တက်လာတာဆိုတော့ ဈေးကွက်ထဲမှာ အဝယ်ရော အရောင်းပါသွက်လာတယ်။ ဈေးကစားတာတွေ ပြန်ဖြစ်လာပြီလို့ထင်တယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ဆိုသည်။

ပြင်ပငွေလဲစင်တာများတွင် အောက်တိုဘာ ၁ဝ ရက်က ရောင်းဈေး ၁၂၅၉ ကျပ်၊ ဝယ်ဈေး ၁၂၅၆ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း ဈေးပိတ်ချိန်တွင် လေးကျပ်ခန့်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၁၁ ရက်တွင် ရောင်းဈေး ၁၂၄၄ ကျပ်၊ ဝယ်ဈေး ၁၂၃၈ ကျပ်အထိ ကျဆင်းခဲ့သော်လည်း နောက်ရက်များတွင် ဈေးပြန်လည်မြင့်တက်ခဲ့ကာ အောက်တိုဘာ ၁၄ ရက် ဈေးကွက်ပိတ်ချိန်တွင် ရောင်းဈေး ၁၂၇၅ ကျပ်၊ ဝယ်ဈေး ၁၂၇၁ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်းအတိုင်း ပြည်တွင်းရွှေဈေးကွက် လိုက်ပါစီးမြောနေ

ယခင်တစ်ပတ်က ပြည်တွင်းငွေလဲနှုန်း ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးနှုန်းများ ဆက်တိုက်ကျဆင်းခဲ့ရာ တစ်ပတ်အတွင်း ကျပ်သုံးသောင်းကျော်ကျဆင်းခဲ့သည်။ ယခုတစ်ပတ်အစပိုင်းတွင် ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းခဲ့မှုကြောင့် ပြည်တွင်းရွှေဈေးသည် ရက်သတ္တတစ်ပတ်အစပိုင်းတွင် ကျပ် ၈၄၈၅ဝဝ သို့ကျဆင်းခဲ့သော်လည်း ရက်သတ္တတစ်ပတ်ကုန်ဆုံးသည့်ရက်တွင်မူ ကျပ် ၈၅၈ဝဝဝ သို့ ပြန်လည်မြင့်တက်လာခဲ့သည်။

"အခုရက်ပိုင်းမှာပြည်တွင်းရွှေဈေးက ပြန်မြင့်တက်လာတယ်။ ဟိုအရင်တုန်းကဆိုရင် ပြည်တွင်းရွှေဈေးကျလာရင် ငွေလဲနှုန်းက မြင့်လာတယ်။ ပြည် တွင်းရွှေဈေး မြင့်တက်လာရင် ငွေလဲနှုန်းကကျလာတယ်။ ပြည်တွင်းရွှေဈေးနဲ့ ငွေလဲနှုန်းက ပြောင်းပြန်အချိုးကျနေတာ။ ဒါပေမယ့် အခု ဒီနှစ်ထဲမှာရွှေဈေးနဲ့ ငွေလဲနှုန်းက တိုက်ရိုက်အချိုးကျနေတဲ့အတွက် ဈေးကွက်ထဲမှာ ဘာကိုမှ မှန်းဆလို့မရဘူးဖြစ်နေတယ်။ အခုလည်းငွေလဲနှုန်းမြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးက ပြန်ပြီးမြင့်တက်လာတယ်။ ငွေလဲနှုန်းအတိုင်း လိုက်ပြီး စီးမြောတဲ့သဘောဖြစ်နေပြီ" ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အောက်တိုဘာ ၁ဝ ရက်က ကျပ် ၈၅၇ဝဝဝ ရှိခဲ့ပြီး အောက်တိုဘာ ၁၂ ရက်တွင် ကျပ် ၈၄၈၅ဝဝ သို့ကျဆင်းခဲ့သည်။ သို့သော် အောက်တိုဘာ ၁၄ ရက်တွင် ပြန်လည်မြင့်တက်ခဲ့ကာ ကျပ် ၈၅၈ဝဝဝ သို့ ရောက်ရှိခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၁ဝ ရက်တွင် ၁၂၆၃ ဒေါ်လာရှိခဲ့ရာမှ အောက်တိုဘာ ၁၂ ရက်တွင် ၁၂၅၆ ဒေါ်လာ၊ အောက်တိုဘာ ၁၄ ရက်တွင် ၁၂၅၉ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

October 14, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.32 |
| BDT | Bangladesh Taka | 78.32 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.72 |
| EUR | Euro | 0.91 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.86 |
| I DR | Indonesia Rupiahs | 13080.96 |
| JPY | Japan Yen | 104.09 |
| MYR | Malaysia | 4.21 |
| PKR | Pakistan Rupees | 104.65 |
| PHP | Philippines Pesos | 48.40 |
| RUB | Russia Rubles | 62.99 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1134.44 |
| LKR | Sri Lanka Rupe | 146.83 |
| THB | Thailand Baht | 35.30 |
| GBP | United Kingdom Pounds | 0.82 |
| VND | VietnamDon | 22306.49 |

*Source : xe.com*

## World Gold Price

Octber, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 10 | 1260 | 1260 | 1260 |
| 11 | 1260 | 1259 | 1259 |
| 12 | 1253 | 1254 | 1255 |
| 13 | 1357 | 1359 | 1359 |
| 14 | 1352 | 1354 | 1356 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 10 -10- 2016 | 854.00 | 853.50 |
| 11 -10- 2016 | 842.50 | 841.50 |
| 12-10-2016 | 848.50 | 847.00 |
| 13-10-2016 | 862.00 | 860.50 |
| 14-10-2016 | 858.00 | 857.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂ဝ၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 10 | 6 .71 | 35.14 | 78.45 | 66.51 |
| 11 | 6. 71 | 35.25 | 78.64 | 66.78 |
| 12 | 6 72 | 35.47 | 78.64 | 66.78 |
| 13 | 6 .73 | 35.70 | 78.49 | 66.85 |
| 14 | 6.72 | 35.30 | 78.32 | 66.86 |

## အစုရှယ်ယာဈေးနှုန်းအသီးသီး အနည်းငယ်စီမြင့်တက်

ယခုတစ်ပတ်တွင် YSX ၌ ရောင်းဝယ်လျက်ရှိသည့် စတော့ရှယ်ယာအသီးသီး၏ ဈေးနှုန်းများ အနည်းငယ်စီ မြင့်တက်ခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ FMI ၏ အစုရှယ်ယာများသာလျှင် ဈေးကွက်အတွင်း ပမာဏအများဆုံး အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကျန်အစုရှယ်ယာများမှာ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် ငွေလဲနှုန်းများ မြင့်တက်လျက်ရှိသဖြင့် ရှယ်ယာဈေးနှုန်းများ မြင့်တက်ရခြင်းဖြစ်သည်ဟု ဆို သည်။

MTSH နှင့် FMI တို့၏ရှယ်ယာများမှာ ကျပ်တစ်ထောင်စီမြင့်တက်ခဲ့ပြီး MCB ၏ရှယ်ယာမှာကျပ်နှစ်ထောင်မြင့်တက်ခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း FIB (ပထမပုဂ္ဂလိကဘဏ်)သည် YSX သို့ စာရင်းဝင်တော့မည်ဖြစ်သည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။ **မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 10 - October | 17.68 | 2379.55 | 1702.85 | 4842.43 | 967.00 |
| 11 - October | 17.79 | 2343.71 | 1713.38 | 4903.14 | 968.00 |
| 12 - October | 17.54 | 2285.02 | 1696.35 | 4869.31 | 948.00 |
| 13 - October | 17.59 | 2276.96 | 1700.16 | 4852.29 | 944.00 |
| 14 - October | 17.40 | 2289.06 | 1712.70 | 4787.10 | 931.00 |

Source:kitco.com

## Energy NYMEX 14-10-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.78 | 0.34 | 0.67 |
| Brent Crude Futr (USD/bbl) | 52.19 | 0.16 | 0.31 |
| Gasoline Rbob Fut (Cent/gal) | 148.66 | 0.48 | 0.32 |
| Natural Gas Futr (USD/MMBtu) | 3.35 | 0.01 | 0.30 |
| Heating Oil Futr (Cent/gal) | 158.51 | 0.55 | 0.35 |

## ဘိလပ်မြေ



### ဘိလပ်မြေ တန်ချိန် ၇၀၀၀ နီးပါးဝင်

အောက်တိုဘာ ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၇၄၈၂၂ တန်ဖိုးရှိ ဘိလပ်မြေ ၆၇၈၄ ဒသမ ၂၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၆၄၅၂ ဒသမ ၂၀ တန်၊ ဗီယက်နမ်မှ ၃ ဒသမ ၆၈၉ တန်နဲ့ ထိုင်းမှ ၃၂၈ ဒသမ ၃၃၅ တန် တင်သွင်းခဲ့ ပြီး တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေ တင်သွင်းမှုမှာ တန်ချိန် ၃၉၀သာရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၇၈၀ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။

### မန္တလေးဘိလပ်မြေဈေးကွက် ရောင်းအားကောင်း

အောက်တိုဘာ ၂ ရက်မှ ၈ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၇၈၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာတန်ချိန် ၃၉၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၇၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၈၂၉၀ ကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်အဝင်မှာ တန်ချိန် ၁၇၁၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၆၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ လုပ်ကိုင်မှုများလာတာကြောင့် ဘိလပ်မြေအရောင်းအဝယ်ကောင်းနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြင်းခေါင်းက ပစ္စည်းပြတ်နေပြီး အေသုံးလုံး၊ မြန်မာဆင်၊ ကျားခေါင်းက ၂၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၄၅၀၀ ကျပ်၊ မြန်မာဆင် ၄၁၀၀ကျပ်၊ ဆင်(ထိုင်း) ၆၅၀၀ကျပ်၊ စိန်(ထိုင်း) ၆၆၀၀ကျပ်၊ ဆင်မင်း၄၂၀၀ကျပ်၊ ကျားခေါင်း ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အင်းလေးဖောင်တော်ဦးပွဲတော် ကျင်းပနေတာကြောင့် အရောင်းအဝယ်ပါးသလိုဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ၆၉၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၄၀၀ကျပ်၊ ကမ္ဘောဇ ၄၁၀၀ကျပ်၊နဂါး ၄၇၀၀ကျပ်၊ ဆင်(ထိုင်း) ၆၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ပုံမှန်အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဆင်(ထိုင်း)ဈေးနည်းနည်းမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် ၅၂၃၀ ကျပ်၊ စိန် ၅၂၂၅ ကျပ်၊ ကြံ့ ၄၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ်မြေဩဇာ တန်ချိန် ၁၂၀၀၀ ကျော် ပိုမိုတင်သွင်း

အောက်တိုဘာ ၂ ရက်မှ ၈ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၅၉၃၀၄၀ တန်ဖိုးရှိ မြေဩဇာ ၂၅၁၅၆ ဒသမ ၉၅၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၉၄၆၃ ဒသမ ၈၅၈ တန်၊ ဂျာမနီနိုင်ငံမှ ၁၄၉၉ ဒသမ ၈၂ တန်၊ အိန္ဒိယမှ ၁၀တန်၊ ဂျပန်မှ တန်ချိန် ၃၀၀ ဒသမ ၃၀၆ တန်၊ ကိုရီးယားမှ ၂၃ ဒသမ ၀၄ တန်၊ စင်ကာပူမှ ၁၀၉၀ ဒသမ ၀၅ တန်၊ ထိုင်းမှ ၈၀၈ ဒသမ ၆၅ တန်၊ ဗီယက်နမ်မှ ၁၆၉၂ ဒသမ ၃၆တန်နဲ့ ဒိန်းမတ်နိုင်ငံမှ ၂၆၈ဒသမ ၈၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ နိုက်တြိုဂျင်၊ ယူရီးယား၊ အမိုးနီးယမ်း ဆာလဖိတ်၊ ကောမတ်၊ ကယ်လ်စီယမ်၊ ဖလော်လာ၊ ဝင်းနား၊ ဩဂဲနစ် စတဲ့ အမျိုးအစားများ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၁၂၇၇၄ ကျော်ရှိခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၁၂၃၈၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မြေဆီဈေးကွက်အရောင်းအေး

အောက်တိုဘာ ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ ၂၅၁၅၆ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က ၁၂၇၇၄ တန်ကျော် ဝင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၁၂၃၈၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ တန်ချိန် ၁၂၇၅၈ ကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်အဝင်မှာ တန်ချိန် ၂၁၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၂၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင် လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မိုးနည်းနည်းပါးလာတာကြောင့် ဆောင်းသီးနှံအတွက် အဆွဲ ရှိတယ်ဆိုပေမယ့် အရောင်းအသွက်ကြီးတော့ မဟုတ်သေးဘူးလို့ စိုက်ပျိုးရေး အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ ဒီတစ်ပတ် ပုလဲ-အသေး ၃၀၀ ကျပ် ဈေးမြင့်လာသလို တီစူပါက ၅၀၀ ကျပ် ဈေးမြင့်လာပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၀၈၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း)၁၅း၁၅း၁၅ (ထိုင်း) ၃၅၀၀၀ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၂၉၂၀၀ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၀၇၀၀ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်)၂၁၅၀၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အာမို ၁၆း၁၆း၈ ၅၀၀ ကျပ် ဈေးလျော့ပြီး အာမို ၁၀း၁၀း၅ က ၁၀၀၀ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅က ၂၀၀ ကျပ် ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ) ၁၆၀၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ ၁၅၅၀၀ကျပ်၊ သီးစုံ (ဝါစိမ်းပြာ)၁၅၅၀၀ ကျပ်၊ အာမို၁၅ ပတ်လည် ၃၅၅၀၀ကျပ်၊ အာမို ၁၆း၁၆း၈ ၃၃၅၀၀ကျပ်၊ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၉၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၁၈၅၀၀ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၀၀၀ ကျပ်၊ အောင်ကမ္ဘာ၁၀း၁၀း၅ ၁၈၂၀၀ကျပ်၊ တီစူပါ ၁၉၀၀၀ကျပ်၊ တောင်သူမ ၁၅၃၀၀ကျပ်၊ မြားကမ္ဘာ(၁၅း၇း၈)၁၉၀၀၀ ကျပ်၊ ဇာမဏီ ၁၇၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အင်းလေးဖောင်တော်ဦး ပွဲတော်ကြောင့် လယ်ယာလုပ်ငန်းတွေလည်း နားနေတာကြောင့် အရောင်းအဝယ် အေးနေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက် ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်) ၁၉၂၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၄၀၀ကျပ်၊ တီစူပါ ၂၀% (တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၆၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၄၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၆၀၀ ကျပ်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ရာသီချိန်မရောက်သေးတာရယ် သီတင်းကျွတ်နီးလာတာကြောင့် အရောင်းအဝယ်ပါးသလို ဈေးနှုန်းတွေလည်း သိပ်မပြောင်းဘူးလို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ယူရီးယားက ၁၀၀ ကျပ်မှ ၂၀၀ ကျပ်အတွင်း တီစူပါ က ၅၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၂၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၁၈၉၀၀ကျပ်၊ တီစူပါ(GTSP ၄၆% -တရုတ်) ၁၇၉၀၀ ကျပ်၊ မြွားသီးစုံ ၁၄၂၀၀ကျပ်၊ ပန်းသီးစုံ ၁၄၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နှမ်းဆီ နှမ်းမှုန့်

### နှမ်းဆီ တန်ချိန် ၁၅၀ နီးပါးနဲ့ နှမ်းမှုန့် တန်ချိန် ၁၈၀ ကျော်ဝင်

အောက်တိုဘာ ၂ ရက်မှ ၈ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၆၆၅၈ တန်ဖိုးရှိ နှမ်းဆီ၁၄၆ ဒသမ ၁၁၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနှံ့စိမ်း ၂၁ ဒသမ ၉၁၇ တန်နဲ့ ဒွန်းနှံ့ဆီ ၁၂၄ ဒသမ ၂၀ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နှမ်းဆီအဝင်မှာ တန်ချိန် ၁၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ကန်ဒေါ်လာ ၁၅၈၉၇၆ တန်ဖိုးရှိ နှမ်းမှုန့် ၁၂၄ ဒသမ ၂၀ တန်ကို စင်ကာပူမှ လည်းကောင်း၊ ကန်ဒေါ်လာ ၄၀၇၄၈၇ တန်ဖိုးရှိ နှမ်းမှုန့် ၆၁ ဒသမ ၃၉၁ တန်ကို မလေးရှားမှလည်းကောင်း စုစုပေါင်း ၁၈၅ ဒသမ ၅၉၁ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နှမ်းမှုန့်တင်သွင်းမှုမှာ တန်ချိန် ၁၄၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၄၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နှမ်းဆီရော နှမ်းမှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂၃၆၈ တန်ဖိုးရှိ နှမ်းဆီ ၁၃ ဒသမ ၄၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၁၀ မှ ၇/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၉ မှ ၃၀/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၈၅.၀၀ | ၁၂၁၉.၅၀ | (+) | ၆၅.၅၀ |
| ၂။ | လွယ်ဂျယ် | ၁၄၄၀.၀၀ | ၆၀၀.၀၀ | (+) | ၈၄၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၀၈၀.၀၀ | ၂၀၀၀.၀၀ | (+) | ၁၀၈၀.၀၀ |
| ၅။ | တာချီလိတ် | - | ၄၁၀၀.၀၀ | (-) | ၄၁၀၀.၀၀ |
| ၆။ | မြဝတီ | ၄၃၀.၄၀ | ၆၈၆.၉၀ | (-) | ၂၅၆.၅၀ |
| ၇။ | ကော့သောင်း | ၁၀၉၂၅.၀၀ | ၈၃၂၁.၀၀ | (+) | ၂၆၀၄.၀၀ |
| ၈။ | မြိတ် | ၁၁၃၅.၀၀ | ၂၀၀.၀၀ | (+) | ၉၃၅.၀၀ |
| | စုစုပေါင်း | ၁၈၂၉၅.၄၀ | ၁၇၁၂၇.၄၀ | (+) | ၁၁၆၈.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၁၀ မှ ၇/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၉ မှ ၃၀/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၀၆၈.၈၃၀ | ၁၄၇၃၈.၉၅၀ | (-) | ၅၆၇၀.၁၂ |
| ၂။ | လွယ်ဂျယ် | ၃၂၀.၅၀၀ | ၃၃၅.၅၀၀ | (-) | ၁၅.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၇.၅၀၀ | ၂၄၇၀.၂၅၀ | (-) | ၂၄၅၂.၇၅ |
| ၄။ | ကန်ပိုက်တီး | - | ၅၅၀.၀၀၀ | (-) | ၅၅၀.၀၀၀ |
| ၅။ | မြဝတီ | ၁၅၅၂.၁၂၅ | ၂၀၈၅.၅၇၄ | (-) | ၅၃၃.၄၄၉ |
| ၆။ | ကော့သောင်း | - | ၂၂၀.၀၀၀ | (-) | ၂၂၀.၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၈၀၀.၀၀၀ | ၆၅၀.၀၀၀ | (+) | ၁၁၅၀.၀၀၀ |
| | စုစုပေါင်း | ၁၂၇၅၈.၉၅၅ | ၂၁၀၅၀.၂၇၄ | (-) | ၈၂၉၁.၃၁၀ |

ခင်မိုးသူ

## နှမ်း

### ချင်းရွှေဟော်မှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန် သွယ်ရေး စခန်းမှ အောက်တိုဘာ ပထမပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁၁ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၉၆၈ တန်ကျော်တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းဖြူ ၄၂၉တန်ကျော်၊ နှမ်းနက် ၂၄၈၁ တန်ခွဲနဲ့ နှမ်းညို ၅၈ တန်နီးပါးဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၃၅၀၈ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ တန် ၅၄၀ခန့် လျော့နည်းသွားခဲ့ ပါတယ်။ မြဝတီ၊ တာချီလိတ်စခန်းတို့မှ ယခုတစ်ပတ် နှမ်းတင်ပို့မှု မရှိခဲ့ပါဘူး။

မူဆယ် ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၁ရက်မှ ၇ရက်အတွင်း နှမ်းဖြူတစ်တန် (မိမိဘက်ပေါက်ဈေး)မှာ ၁၂၉၀၈၀၇ ကျပ်နဲ့ နှမ်းနက် (စမုံ) ဈေး ကတော့ ၂၄၁၆၅၁၀ ကျပ် ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### သီတင်းကျွတ်နီးလာလို့ ပြည်မိုးနှမ်းဈေးပြန်မြင့်

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် နှမ်းနီ၊ နှမ်းနက်နဲ့ စမုံနက်နှမ်းဈေး ပြန်မြင့်လာတာ တွေ့ရပါတယ်။ မြန်အောင်၊ ပေါက်ခေါင်းနှင့်ပေါင်းတလည်ဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့်သာ ဝင်ရောက်မှုရှိတာကြောင့် ဈေးကွက်တွင်ပစ္စည်း နည်းသွားပြီး အဝယ်ရှိနေတဲ့အတွက် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။

မန္တလေးဝယ်လက်များက နှမ်းနက်ကို ပြည်ဈေးကွက်မှာ အဝယ်ရှိသဖြင့် နှမ်းနက်ရိုးရိုးရော စမုံနက်နှမ်းဈေးပါ မြင့်လာတာဖြစ်ပါတယ်။ နှမ်းနီကိုလည်း ဆီစက်သမားများက သီတင်းကျွတ်နီးလို့ ဆီကြိတ်ရန်အဝယ်ရှိသဖြင့် ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းနီတစ်တင်းလျှင် ကျပ် ၂၈၆၀၀ ဈေးရှိသဖြင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်လျှင် တစ်တင်းလျှင် ကျပ် ၃၀၀ ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းနက်ရိုးရိုးတစ်တင်းလျှင် ကျပ် ၄၁၆၀၀ ဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် တစ်တင်းလျှင် ကျပ် ၈၀၀၀ ဈေးပြန်မြင့်လာသလို စမုံနက်နှမ်းဈေးမှာ တစ်တင်းလျှင် ကျပ် ၅၃၃၀၀ ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်းလျှင် ကျပ် ၅၀၀၀ ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

### တက်ဈေးရခိုက် စားအုန်းဆီကို ရောင်းချလာကြသည့်အတွက် ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးမှ စားအုန်းဆီဈေးပြန်လည်ကျဆင်း

အောက်တိုဘာ ၁၂ရက်က စားအုန်းဆီဈေးသည် ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည့်အတွက် ကုန်သည်များသည် တက်ဈေးကို အခွင့်ကောင်းယူကာ စားအုန်းဆီကို ရောင်းချလာကြသည်။ ထို့ကြောင့် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် မလေးရှား စားအုန်းဆီဈေးများ ပြန်လည် ကျဆင်းခဲ့သည်။



စားအုန်းဆီရောင်းဝယ်ရာတွင် အသုံးပြုသော ငွေကြေးဖြစ်သည့် ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံခြားငွေကို အသုံးပြုဝယ်ယူသောအခါ ငွေလဲလှယ်နှုန်းအရ စားအုန်းဆီဈေးက သက်သာစေသည့်အတွက် ဈေးကွက်တွင် အဝယ်လိုက်ပြီး အခြေအနေကို ထိန်းထားနိုင်ခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် ဒီဇင်ဘာအတွက် ကြိုတင်စာချုပ်ရောင်းချသော စားအုန်းဆီ၏ အခြေခံစံထားဈေးနှုန်းမှာနေ့လယ်ဈေးကွဲချိန်တွင် သုညဒသမ ၃ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၆၄၄ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၆ ဒသမ ၃၄ ရာခိုင်နှုန်း) နှုန်းရှိခဲ့သည်။ နေ့ဝက် ရောင်းချရသော ပမာဏမှာ ၂၅ တန်ရှိ အတွဲ ၁၉၇၂၅တွဲ ရှိခဲ့သည်။

အောက်တိုဘာ၁၂ ရက်က စားအုန်းဆီဈေးသည် တစ်တန်ကို ၂၆၆၁ ရင်းဂစ်နှုန်းအထိ ရောက်ရှိပြီး ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့သည်။

"ရင်းဂစ်ငွေကြေး တန်ဖိုးကျဆင်းမှုက ဈေးကွက်ကို အထောက်အကူ ဖြစ်စေနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် မနေ့က စားအုန်းဆီ အရောင်းများသွားတာကတော့ တက်ဈေးရတုန်းရောင်းကြတာကြောင့်ဖြစ်မှာပါ"ဟု ကွာလာလမ်ပူရှိ ကုန်သည်တစ်ဦးက ပြောသည်။

ကွာလာလမ်မြို့တွင် ကျင်းပသည့်လုပ်ငန်းကွန်ဖရင့်တစ်ခုတွင် ရောင်းဝယ်ရေးလုပ်ငန်းမှ လေ့လာဆန်းစစ်သူတို့က ဈေးနှုန်းကြိုတင်ခန့်မှန်းချက်များကို ဆွေးနွေးကြမည်ဖြစ်ရာ ကုန်သည်တို့က ထိုဈေးနှုန်းခန့်မှန်းချက်ကို စောင့်ကြည့်နေကြသည့်အတွက် နံနက်ပိုင်းတွင် ဈေးကွက် ငြိမ်သက်နေသည်။

စားအုန်းဆီ ကုန်စည်ပြပွဲနှင့် နှီးနှောဖလှယ်ပွဲတွင် စားအုန်းဆီ လေ့လာဆန်းစစ်ရေးမှူးများဖြစ်သည့် သောမတ်မီး၊ ဂျိမ်းစ်ဖရိုင်းနှင့် ဒိုရပ်ပစ်စထရီတို့က ဟောပြောပို့ချရန် စီစဉ်ထားသည်။

"ကုန်သည်များက စားအုန်းဆီ ဝယ်၊ မဝယ် ဆုံးဖြတ်နိုင်ဖို့အတွက် ဟောပြောပွဲက ရရှိလာမယ့်ရလဒ်တွေကို စောင့်ဆိုင်းနေပါတယ်"ဟု ကွာလာလမ်ပူ အခြေစိုက်ကုန်သည်တစ်ဦးက ပြောသည်။

ရင်းဂစ်တန်ဖိုး ကျသည်ဖြစ်စေ မကျသည်ဖြစ်စေ စားအုန်းဆီဈေးနှုန်းက ဆက်ပြီး ကျမည့်အနေအထားတွင် ရှိနေကြောင်း သူက ပြောသည်။

အောက်တိုဘာ ၁၃ရက်က စားအုန်းဆီဈေးများ ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိစေခဲ့သည့် အကြောင်းအရင်းများတွင် စားအုန်းဆီထွက်နှုန်း ကျဆင်းမည်ဟူသည့် ခန့်မှန်းချက်ကလည်း အကြောင်းရင်းတစ်ခုအဖြစ် ပါဝင်သည်။

အယ်လ်နီညို ရာသီဥတုအခြေအနေကြောင့် သီးနှံအထွက်နှုန်း ကျဆင်းခဲ့သည့်အတွက် ယခင်နှစ်ကနှင့် နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ်အတွင်း မလေးရှားစားအုန်းဆီ ထုတ်လုပ်မှုမှာ ၅ရာခိုင်နှုန်းမှ ၇ဒသမ၅ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း စားအုန်းဆီဈေးကွက်ရှိနာမည်ကြီးကုမ္ပဏီ IOI Group အမှုဆောင်ချုပ်က ကွန်ဖရင့်တွင် အောက်တိုဘာ ၁၂ရက်က ပြောသည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၄-၁၀-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၀၀၀ | ▽ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၀၀ | ▽ |
| ရန်ကုန် | ၄၉၀၀ | ၄၄၀၀ | ▽ | ၃၅၀၀ | ၃၈၀၀ | △ | ၁၇၀၀ | ၁၆၈၀ | ▽ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၇၉၀ | ၁၇၉၀ | □ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၀၀ | ၁၇၈၀ | ▽ |
| မကွေး | ၃၆၀၀ | ၃၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၃၀၀ | ၃၂၀၀ | ▽ | ၃၁၀၀ | ၃၁၀၀ | □ | ၁၈၄၀ | ၁၈၄၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၄-၁၀-၂၀၁၆ US$/Ton

| အမျိုးအစား | အောက်တိုဘာပထမပတ် | အောက်တိုဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၈၇.၅၀ | ၆၅၉.၀၀ | ▽ |
| RBD P.Olein | ၆၉၇.၅၀ | ၆၆၆.၅၀ | ▽ |
| RBD P.Strarin | ၆၉၂.၅၀ | ၆၆၅.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၄- ၁၀ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၅၈·၂၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀·၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀·၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃·၆၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇·၂၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈·၄၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄·၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀·၃၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀·၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀·၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၀·၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆·၁၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၀၀·၅၄၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ၁၄-၁၀-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၀ ဒေါ်လာနှင့် USD ဈေး ၁၂၅၇ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၄-၁၀-၂၀၁၆နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၅၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပဲလိုအပ်ချက်ပြည့်မီနိုင်ရေးအတွက် BRICS အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းမှုရရှိရန် အိန္ဒိယကြိုးစားနေ

အိန္ဒိယနိုင်ငံသည် နှစ်နှစ်ဆက်တိုက် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံထုတ်လုပ်နိုင်မှုလျော့နည်းခြင်းနှင့်တွေ့ကြုံခဲ့ရာ ပြည်တွင်းပဲလိုအပ်ချက်ပြည့်မီရန်အတွက် ယခုအခါ BRICS အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းမှုရရှိရန် ကြိုးစားနေကြောင်း၊ ပိုလျှံနေသောမြေယာများအား ငှားရမ်းခြင်း၊ Contract Farming စနစ်ကဲ့သို့သော နည်းစနစ်များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပုံမှန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်ခြင်းတို့ ဆောင်ရွက်ခြင်းအားဖြင့် အခြားသော BRICS အဖွဲ့ဝင် နိုင်ငံများ၏ စီးပွားရေးအခွင့်အလမ်းများကိုလည်း ဆောင်ကျဉ်းပေးနိုင်မည်ဖြစ်ကြောင်း၊ BRICS အဖွဲ့ဝင်နိုင်ငံများသည် စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုတွင် ထိရောက်လုံလောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံသည်လည်း စိုက်ပျိုးရေးကဏ္ဍတွင် အစိုးရရင်းနှီးမြှုပ်နှံမှုများသာမက ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကိုပါ တိုက်တွန်းအားပေးလျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး ရာထာမိုဟန်ဆင်းက ပြောကြားထားကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများ၏ ဝယ်လိုအားနှင့် ရောင်းလိုအားတို့အကြား ကြီးမားသည့် ကွာဟချက်ရှိနေကြောင်း၊ သို့ဖြစ်၍ ပြည်ပမှတင်သွင်းမှုအပေါ်တွင် များစွာမှီခိုမှုပြုနေရကြောင်း၊ ပဲမျိုးစုံအထွက် ကွာဟချက်ကြီးမားနေရခြင်းမှာ နိုင်ငံအတွင်း ပြီးခဲ့သည့်နှစ်နှစ်တွင် မိုးခေါင်ရေရှားမှုကြောင့် ထုတ်လုပ်မှုကျဆင်းခဲ့သည့်အတွက် ဖြစ်ကြောင်း၊ သို့ဖြစ်၍ လက်လီဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်း လိုအပ်ချက်ပြည့်မီနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အိန္ဒိယအစိုးရသည် နိုင်ငံပိုင်လုပ်ငန်းဖြစ်သည့် MMTC မှတစ်ဆင့် အရန်ပဲများ စတင်ဝယ်ယူတင်သွင်းလျက်ရှိကြောင်း၊ မိုဇမ်ဘစ်နိုင်ငံမှ ပဲနီလေးဝယ်ယူရန် ကာလရှည်သဘောတူညီချက်ရယူဆောင်ရွက်လျက်ရှိကြောင်း၊ ထို့မျှသာမက အစိုးရအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်အတွက် အနိမ့်ဆုံးအထောက်အကူပြု ဈေးနှုန်း (MSP) ကိုလည်း တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်တွင်းမှဝယ်ယူခြင်းနှင့် ပြည်ပမှတင်သွင်းခြင်းတို့ဖြင့် အရန်ပဲတန်ချိန်နှစ်သန်းထားရှိ ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံတွင် နှစ်နှစ်ဆက်တိုက် မိုးခေါင်ရေရှားခဲ့ပြီး၊ ယခုနှစ် ၂၀၁၆-၁၇ သီးနှံရာသီ(ဇူလိုင်-ဇွန်) တွင် ရာသီဉတုကောင်းမွန်ခဲ့သည့်အတွက် နိုင်ငံ၏ပဲထုတ်လုပ်နိုင်မှုပမာဏကို တန်ချိန်သန်း ၂၀ခန့်သို့ တိုးမြှင့်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ သို့ရာတွင် ထုတ်လုပ်မှုပမာဏမှာ ပြည်တွင်းလိုအပ်ချက်ပမာဏဖြစ်သည့် တန်ချိန် ၂၃-၂၄ သန်းအောက် နည်းနေသေးသည့် အနေအထားတွင် ရှိနေသေးကြောင်း ၂၀၁၄-၁၅ သီးနှံရာသီတွင် ထုတ်လုပ်မှုတန်ချိန် ၁၇ ဒသမ ၁၅ သန်းရှိခဲ့သော်လည်း ၂၀၁၅-၁၆ သီးနှံရာသီတွင် တန်ချိန် ၁၆ ဒသမ ၄၇ သန်းသို့ကျဆင်းခဲ့ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံရှိ ပြည်တွင်း e-Commerce လုပ်ငန်းများအတွက် အစိုးရ၏အကူအညီများလိုအပ်

ထိုင်းနိုင်ငံရှိ ပြည်တွင်း e-Commerce လုပ်ငန်းများသည် နိုင်ငံခြား e-Commerce လုပ်ငန်းများကို ယှဉ်ပြိုင်နိုင်ရန်အတွက် အစိုးရ၏အကူအညီ အထောက်အပံ့များ လိုအပ်လျက်ရှိပါသည်။ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၌ ပြည်တွင်း e-Commerce လုပ်ငန်းများကို ဘဏ္ဍာငွေ ထောက်ပံ့ပေးခြင်းနှင့် အခွန်မက်လုံးများပေးကြောင်း၊ ထိုင်းနိုင်ငံ၏ e-Commerce ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များသည် ပြည်တွင်းလုပ်ငန်းများရှင်သန်ရပ်တည်ရေးကို အထောက်အကူ ပြုသင့်ကြောင်းနှင့် အစိုးရအနေဖြင့်လည်း ဘဏ္ဍာငွေထောက်ပံ့မှုနှင့် ယှဉ်ပြိုင်မှုမြှင့်တင်နိုင်ရေးတို့ကို ပံ့ပိုးပေးသင့်ကြောင်း ထိုင်း e-Commerce အသင်း၏ ဥက္ကဋ္ဌ Mr. Pawoot က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံတွင် အွန်လိုင်းစတိုးနှင့် e-Commerce လုပ်ငန်းများ၏ ဝင်ငွေထတ်ဝက်ကျော်ကို နိုင်ငံခြား e-Commerce လုပ်ငန်းများမှ ရရှိပါသည်။ ထိုင်းနိုင်ငံတွင် Lazada၊ စင်ကာပူ Shopee နှင့်တောင်ကိုရီးယား Eleven Street တို့ ထင်ရှားပါသည်။ အောင်မြင်ပြီး e-Commerce လုပ်ငန်းများသည် အပြိုင်အဆိုင် ဈေးလျှော့၍ ရောင်းချလျက်ရှိရာ ထိုင်းပြည်တွင်း e-Commerce လုပ်ငန်းများအနေဖြင့် နည်းလမ်းအသစ်များကို ရှာဖွေထိုးဖောက်ရန်လိုအပ်ပါသည်။

ထိုင်းနိုင်ငံတွင် အွန်လိုင်းရောင်းချမှုသည် ယမန်နှစ်က၅၀ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း ၁၀ ရာခိုင်နှုန်းသာ တိုးတက်မှုရရှိမည်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် အွန်လိုင်းရောင်းအားကျဆင်းခဲ့ခြင်းမှာ အပြိုင်အဆိုင်ဈေးနှုန်းလျှော့၍ ရောင်းချခြင်းကြောင့်ဖြစ်ပြီး ပြည်တွင်း e-Commerce လုပ်ငန်းများသည် ပုံမှန်မဟုတ်သော ဈေးနှုန်းဖြင့်လျှော့၍ ရောင်းချခြင်းများကို ခံနိုင်ရည်ရှိရန်လိုအပ်ကြောင်း Welove Shopee.com နှင့် WeMall Website များ၏ အထွေထွေမန်နေဂျာ Darunponn Jirakitanusorn ကပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# စင်ကာပူနိုင်ငံကဲ့သို့ ခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဇုန်အဖြစ် ကျွန်းကိုးကျွန်းကို အိန္ဒိယအစိုးရက ရွေးချယ်သတ်မှတ်

အိန္ဒိယနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံတစ်ခုကို ၁၅ နှစ်အတွင်း ရေးဆွဲဆောင်ရွက်လျက်ရှိသည့် Niti Aayog စီမံကိန်းကြီး၏ တစ်စိတ်တစ်ဒေသအဖြစ် အိန္ဒိယအစိုးရသည် Lakshadweep ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Azure သမုဒ္ဒရာနှင့် အဖြူရောင် သန္တာကျောက်တန်းများရှိရာ ကမ်းခြေများ၊ အက်ဒမန်နှင့်နီကိုဘားဒေသရှိ အပူပိုင်းစိမ်းလန်းတောနေရာများ အပါအဝင် ကျွန်းကိုးကျွန်းအားခရီးသွား လုပ်ငန်းမြှင့်တင်ရေးဇုန်အဖြစ် ရွေးချယ် သတ်မှတ်ခဲ့ကြောင်း၊ ခရီးသွားကဏ္ဍမြှင့်တင်ရန်အတွက် ရေပန်းခြံများနှင့် သဘာဝသယံဇာတ အရင်းအမြစ်များကို အသုံးပြုခဲ့သည့် စင်ကာပူနိုင်ငံကဲ့သို့ အဆိုပါကျွန်းများအား အိန္ဒိယနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် မောင်းနှင်အားများအဖြစ် ရှုမြင်ထားကြောင်း၊ ထိုသို့ သဘာဝ အရင်းအမြစ်များအား ခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် ထားရှိသတ်မှတ်ဆောင်ရွက်ခဲ့သည့် စင်ကာပူနိုင်ငံသည် သဘာဝ သယံဇာတ ထိန်းသိမ်းရမည့် စိတ်ခတ်များလည်း ကိန်းအောင်းလာစေခဲ့ပြီး၊ အကန့်အသတ်ဖြင့်သာရှိသော မြေဧရိယာအနေအထားကိုလည်း ကျော်လွှား ဖြေရှင်းနိုင်ခဲ့ကြောင်း၊ ကျွန်းများအနေဖြင့် သဘာဝတရားကပေးထားသည့် ဂေဟစနစ်ထိခိုက်လွယ်မှုများရှိသည့်အတွက် ဆောင်ရွက်နိုင်စွမ်းမှာ အကန့်အသတ်ရှိလိမ့်မည်ဖြစ်သော်လည်း ခရီးသွားများအတွက် ရွေးချယ်စရာများ ပိုမို များပြားလာလိမ့်မည်ဖြစ်ကြောင်း၊ ခရီးသွားများလာရောက်မှု မြင့်မားသည့် နေရာတစ်ခုအဖြစ် သတ်မှတ်ထားသည့် Lakshadweep ဒေသရှိ ရွေးချယ်စရာ နေရာများမှာ အက်ဒမန်ကျွန်းနှင့် နီကိုဘားကျွန်းတို့နှင့်နှိုင်းယှဉ်ပါက အကန့်အသတ်ဖြင့်သာရှိကြောင်း၊ ယခုရွေးချယ်သတ်မှတ်ထားသည့် ကျွန်းကိုးကျွန်းမှာ အက်ဒမန်နှင့် နီကိုဘားရှိ Smith Island၊ Ross Island၊ Avis Island နှင့် Long Island တို့နှင့် Lakshadweep ရှိ Bangaram၊ Thinnakara၊ Suheli၊ Cheriyam နှင့် Minicoy တို့ဖြစ်ကြောင်း၊ အဆိုပါကျွန်း ကိုးကျွန်း၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများအတွက် စီမံချက်တစ်ရပ် ရေးဆွဲအကောင် အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဟောင်ကောင်ရှိ အိမ်အကူများ အစိုးရက သတ်မှတ်သော အနိမ့်ဆုံးလစာအောက် လျော့နည်းရရှိ

ဟောင်ကောင်တွင် နီပေါအိမ် အကူပေါင်း ၁၀၀၀ ခန့်ရှိရာ ၄၅ ရာခိုင် နှုန်းနီးပါးခန့်မှာ အစိုးရက သတ်မှတ်သော အနိမ့်ဆုံးလုပ်ခလစာ ဟောင် ကောင်ဒေါ်လာ ၄၂၁၀ အောက် လျော့နည်းရရှိလျက်ရှိသည်။ ဟောင်ကောင်ရှိနီပေါ အိမ်အကူအသင်းမှ အိမ်အကူများအား စစ်တမ်းကောက်ယူခဲ့ရာ ၅၂ ဒသမ ၂ ရာခိုင်နှုန်းခန့်မှာ သင့်တင့်သည့် လစာရရှိသော်လည်း ၄၄ ဒသမ ၈ ရာခိုင်နှုန်းခန့်မှာ သတ်မှတ်လစာထက်လျော့နည်းရရှိခဲ့သည်။

အချို့အလုပ်ရှင်များမှာ လစာ ငွေပေးပြေစာပေါ်တွင် သတ်မှတ်ထားသော အနည်းဆုံးလုပ်ခလစာအား ရေးသား၍ အိမ်အကူများအနေဖြင့် လက်မှတ်သာထိုးရသော်လည်း လက်တွေ့တွင် သတ်မှတ်လစာအောက် လျော့နည်းရရှိခဲ့သည်။ အချို့အလုပ်ရှင်များက ဘဏ်စာရင်းတွင် သတ်မှတ် လစာပမာဏအား အပြည့်လွှဲပေးသော်လည်း နောက်ပိုင်းတွင် အိမ်အကူအား သွားရောက်ထုတ်ယူရန်စေခိုင်းပြီးနောက် အလုပ်ရှင်ပမာဏအချို့အား ပြန်လည်ပေးအပ်ရကြောင်း တွေ့ရှိခဲ့သည်။

၅၃ ရာခိုင်နှုန်းကျော်မှာ တစ်ပတ် လျှင် ၂၄ နာရီအလုပ်နားရက်မရရှိဘဲ နေ့တစ်ဝက်သာရရှိကြောင်း၊ ၅၀ ဒသမ ၅ ရာခိုင်နှုန်းမှာ နှစ်စဉ်ခွင့်ရက်နှင့် တရားဝင်ရုံးပိတ်ရက်များတွင်သာ ခွင့်ရက်ရရှိကြောင်း၊ ၅၁ ရာခိုင်နှုန်းမှာ ခွင့်ရက်ရရှိသည့် ရပိုင်ခွင့်အားမသိရှိဘဲ ၃၀ ရာခိုင်နှုန်းမှာ အလုပ်ရှင်များမှ ခွင့် ခံစားခွင့်မပေးကြောင်း သိရှိရသည်။

၅၇ ရာခိုင်နှုန်းမှာ ကိုယ်ပိုင်အိပ်ခန်းမရရှိဘဲ မီးဖိုခန်းနှင့် စတိုခန်းများတွင်သာ အိပ်ကြရကြောင်း၊ နီပေါအိမ်အကူအများစုမှာ ၎င်းတို့၏အလုပ် သမားအခွင့်အရေးနှင့် ပတ်သက်၍ ဗဟုသုတအနည်းငယ်သာရှိပြီး၊ ဥပဒေကို သိရှိသည့်တိုင် အမည်ပျက်အလုပ် သမားစာရင်းဝင်ဖြစ်မည်ကို ကြောက်ရွံ့၍လည်းကောင်း၊ စာချုပ်ဖျက်သိမ်းမည် စိုးရိမ်၍လည်းကောင်း မပြောဆိုရဲကြောင်း၊ နီပေါအိမ်အကူများသာမကအခြားနိုင်ငံခြားအိမ်အကူများအားလုံးနီးပါး အလုပ်ထိခိုက်မည်ကို စိုးရိမ်ကြကြောင်းအသင်းမှ ပြောကြားခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများမှ အိမ်အကူများအတွက် ဘာသာစကား အခက်အခဲမှာလည်း အခြားနိုင်ငံများထက် ပြဿနာပိုများစေကြောင်း အသင်းမှလေ့လာတွေ့ရှိချက်အား လေ့လာစုံစမ်းနိုင်ရေးအတွက် အလုပ်သမားဌာနသို့ အသေးစိတ်အချက်အလက်များ ပေးအပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ဟောင်ကောင်စာရင်းအင်းဌာန၏ ဟောင်ကောင်မြို့အတွင်း နိုင်ငံခြားအိမ်အကူပေါင်း ၃၄၀၃၈၀ ကျော်ရှိပြီး၊ အများစုမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့မှ ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၇–၁၀–၂၀၁၆)

မြင့်ဆွေ

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျပြီး ကုလားပဲဖြူလုံးကြီး ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိသာ ၂၃၂၅ကျပ်နဲ့ အရောင်းအ ဝယ်ဖြစ်ခဲ့ရာမှ ယခုအခါ တစ်ပိသာကို ၂၂၇၅ ကျပ်(တစ်တန် ၁၃၉၃၁၈၇ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီကို ယခင်တစ်ပတ်က ၁၈၇၅ ကျပ်နဲ့ ရောင်းခဲ့ပြီး ယခုတစ်ပတ်မှာ ၁၆၇၅ ကျပ် (တစ်တန် ၁၀၂၅၇၅၃ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းက ယခင်တစ်ပတ်အတိုင်း တစ်ပိသာ ၁၂၂၅ ကျပ် (တစ်တန် ၇၅၀၁၈၇ ကျပ်)နဲ့ ဈေးတန့်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ်ပိသာကို ၂၁၂၅ ကျပ်နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိသာကို ၂၁၇၅ ကျပ် (တစ်တန်ကို ၁၃၃၁၉၄၈ ကျပ်) အထိ ဈေးတက်ခဲ့ပါတယ်။ ပဲမျိုးစုံ တစ်နေ့ကို အိတ် ၈၀၀ ခန့် ရောင်းရတယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ် လားရှိုးပြောင်းဈေးကွက်မှာ ပြောင်းသစ်များ လှိုင်လှိုင်ဝင်လာတာကြောင့် ပြောင်းဈေးကျခဲ့ ပါတယ်။ တစ်ပိသာကိုကျပ်၃၆၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၃၂၅ ကျပ် (တစ်တန် ၁၉၉၀၂၇ ကျပ်) အထိ ကျခဲ့ပါတယ်။ ပြောင်းများကို မူဆယ်မှတဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့နေတာကြောင့် ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့ကာ ပြောင်းပိသာချိန် ၁၅၀၀၀ နီးပါးအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးက အပြောင်းအလဲမရှိဘဲ တစ်ပိသာကျပ်၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်) နဲ့ ဆက်လက် ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပိသာချိန် ၇၀၀၀၀ နီးပါး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ပါတယ်။ ယခင် တစ်ပတ်က မတ်ပဲ FAQ/RC တစ်တန်ကို ကျပ် ၁၄၇၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကို ကျပ် ၁၄၀၄၀၀၀ အထိကျခဲ့ပါတယ်။ မတ်ပဲ FQ/RC တစ်တန်ကို ယခင်တစ်ပတ်က ကျပ် ၁၅၇၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကို ကျပ် ၁၄၉၂၀၀၀ ထိ ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီကို ယခင်တစ်ပတ်က ကျပ် ၁၁၄၉၀၀၀ နဲ့ရောင်းခဲ့ပြီး ယခုတစ်ပတ်မှာ ကျပ် ၁၀၀၀၀၀၀ အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နိုင်ငံခြားငွေလဲလှယ်ရာမှာ မြန်မာကျပ်ငွေတန်ဖိုး ပြန်လည်မြင့်လာသဖြင့် ပဲဈေးများအနည်းငယ်ကျလာတယ်လို့သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပဲဇီးကွက်ဈေးတက်

ယခုတစ်ပတ် ရေစကြို ဈေးကွက်မှာ ပဲဇီးကွက်ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိသာကျပ် ၈၂၅ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၉၀၀ (တစ်တန်ကို ၅၅၁၁၅၁ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၄၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရ ပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၀ ကီလိုအိတ်တစ်အိတ်ကို ၇၈ ယွမ်နှင့်၈၂ယွမ်ကြား ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ ၇၀ ယွမ်မှ၇၆ယွမ် (တစ်တန် ၁၄၀၀ယွမ်မှ ၁၅၂၀ယွမ်)နဲ့ ရောင်းချခဲ့ပါတယ်။ မူဆယ်သို့ လားရှိုးဘက်မှ ပြောင်းများ အလုံးအရင်းဖြင့် ဝင်လာသဖြင့် ပြောင်းဈေးများ ကျသွားပြီး တစ်ဖက်နိုင်ငံသို့ ယခုတစ်ပတ်အတွင်း ပြောင်းတန်ချိန် ၂၇၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးကျ

ယခုတစ်ပတ် ဟင်္သာတမတ်ပဲဈေးကွက်မှာ ဘုရင့်နောင်ဝယ်လက်က ဈေးမပေးတဲ့အတွက် ဈေးအနည်းငယ်ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိသာကို ကျပ် ၂၂၈၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၂၂၆၅ (တစ်တန် ၁၃၈၇၀၆၃ ကျပ်) အထိ ဈေးနှုန်းကျဆင်းခဲ့ပြီး တစ်နေ့ကိုအိတ် ၁၀၀၀ ခန့် ရောင်းချခဲ့ရပါတယ်။ ယခင်တစ်ပတ်က အစေ့ ထုတ်ပြောင်း တစ်ပိသာကို ၃၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၃၃၀ (တစ်တန် ၂၀၂၀၈၉ ကျပ်) အထိ ဈေးအနည်းငယ်တက်ခဲ့ပြီး အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း ဈေးတက်၊ ပဲစင်းငုံနီနဲ့ ကုလားပဲတို့ ဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး ပဲစင်းငုံနီနဲ့ ကုလားပဲ (929)တို့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိသာ ၁၃၃၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာ တစ်ပိသာ ကျပ် ၁၄၇၀ (တစ်တန် ၉၀၀၂၁၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်မှာ တစ်ပိသာ ၁၈၅၀ ကျပ် (တစ်တန် ၉၆၇၅၇၆ ကျပ်)အထိဈေးကျခဲ့ပါတယ်။ယခင်တစ်ပတ်က ကုလားပဲ (929) တစ်ပိသာကို ၂၀၆၅ ကျပ်ဈေးမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၂၀၅၀ (တစ်တန် ၁၂၅၅၄၀၀ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ ပါတယ်။ ယခင်တစ်ပတ်က အရောင်းအဝယ်မရှိခဲ့တဲ့ ကုလားပဲဖြူ လုံးကြီး ယခုတစ်ပတ်မှာ ဝင်လာပြီး တစ်ပိသာကို ကျပ် ၂၁၆၀ (တစ်တန် ၁၃၂၂၇၆၂ ကျပ်) နဲ့ ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲမျိုးစုံ တစ်နေ့ကို အိတ် ၃၀၀ နီးပါး အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းအချို့ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းညို၊ နှမ်းနက်၊ စမုံ၊ ကုလားပဲနဲ့ ပဲတီစိမ်းတို့ ဈေးတက်ခဲ့ပြီး နှမ်းဖြူ နှမ်းနီနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းညိုတစ်ပိသာကို ကျပ် ၁၄၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၁၄၇၀ အထိ ဈေးတက်ခဲ့ပါတယ်။ နှမ်းနက် စမုံဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၃၃၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၃၄၄၅ ကျပ်အထိ တက်ဈေးရခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိသာကို ကျပ် ၂၁၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၂၁၀၀ အထိ ဈေးကျပြီး နှမ်းနီကို ယခင်တစ်ပတ်မှာ တစ်ပိသာကို ကျပ် ၂၁၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၂၀၇၀ အထိ အသီးသီး ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဈေးကွက်အတွင်း နှမ်းမျိုးစုံ တစ်နေ့ကို အိတ် ၁၅၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်၊ ကုလားပဲဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၂၀၈၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိသာကို ၂၁၀၅ ကျပ် (တစ်တန် ၁၂၈၉၀၈၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၁၁၆၀ မှ ယခုတစ်ပတ်မှာ တစ်ပိသာ ကျပ် ၁၂၄၀ (တစ်တန် ၇၅၉၃၆၄ ကျပ်) အထိဈေးတက်ခဲ့ပါတယ်။ ပဲစင်းငုံ နီဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၁၈၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၁၆၅၀ (တစ်တန်ကို ၁၀၁၀၉၉၉ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ သီတင်းကျွတ်ကာလဖြစ်သဖြင့် ဆီကြိတ်ရန်နှင့် အလှူများတွင် အသုံးပြုရန် ပဲမျိုးစုံနှင့် နှမ်းမျိုးစုံတို့ကို အနီးပတ်ဝန်းကျင်မြို့များမှ လာရောက်ဝယ်ယူသဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံဈေးတက်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံဈေးတက်လာပါတယ် ယခင်တစ်ပတ်က နှမ်းနီတစ်ပိသာကို ၁၈၈၉ ကျပ်ဈေးမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၂၀၄၄ ကျပ်အထိ ဈေးတက်ခဲ့ပါတယ်။ နှမ်းနက်ရိုးရိုးဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ၂၅၁၁ ကျပ်နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိသာကို ၂၇၇၈ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ သိပ္ပံနှမ်းဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ၃၂၆၇ ကျပ်ဈေးမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၃၅၁၁ ကျပ်အထိ ဈေးတက်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံတစ်နေ့ကို အိတ် ၈၀၀ ခန့် ရောင်းချခဲ့ရပါတယ်။ပဲစင်းငုံအနီဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၁၈၀၀ နဲ့ ရောင်းချခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၁၆၅၀ (တစ်တန် ၁၀၁၀၄၄၄ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိသာကို ၁၁၇၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၁၄၂၅ ကျပ် (တစ်တန် ၈၇၂၆၅၆ ကျပ်) အထိ ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်မှာ ကုလားပဲ တစ်ပိသာကို ကျပ် ၂၀၅၀ ကျပ်မှ ယခုတစ်ပတ်မှာ ၂၁၇၅ ကျပ် (တစ်တန်ကို ၁၃၃၁၉၄၈ ကျပ်) အထိဈေးတက်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နှမ်းမျိုးစုံကို ဆီကြိတ်ရန်အတွက် ဆီစက်များမှ လာရောက်ဝယ်ယူ ခဲ့တယ်လို့ သိရပါ တယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲတီစိမ်း ဈေးတက်

ယခုတစ်ပတ် မန္တလေး ဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲတီစိမ်းဈေးတက်လာပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိသာကို ၂၄၁၇ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၂၃၆၇ ကျပ် (တစ်တန် ၁၄၄၉၅၂၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲကို အိန္ဒိယသို့အများဆုံး တင်ပို့နေပြီး ယခုတစ်ပတ်အတွင်း တစ်ရက်ကို အိတ် ၇၀၀ ကျော်ရောင်းချနေရပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ၁၃၆၉ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၁၅၆၄ ကျပ် (တစ်တန် ၉၅၇၇၇၈ ကျပ်) အထိ ဈေးတက်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းကို တရုတ်ဝယ်လက်နှင့် ပြည်တွင်းပဲခွဲစက်များက ဈေးကောင်းပေးပြီး ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး ကုလားပဲဖြူ (လုံးကြီး)နဲ့ ပဲစင်းငုံနီတို့ ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး ကုလားပဲဖြူ (လုံးကြီး) နဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိသာကို ၁၃၁၆ ကျပ်မှယခုတစ်ပတ်မှာ တစ်ပိသာကို ၁၄၇၄ ကျပ် (တစ်တန် ၉၀၂၆၆၃ ကျပ်) အထိ ဈေးတက်ခဲ့ပါတယ်။ ကုလားပဲဖြူ (လုံးကြီး)က ယခင် တစ်ပတ်မှာ ၂၂၃၇ကျပ်မှ ယခုတစ်ပတ်မှာ ၂၁၈၄ ကျပ် (တစ်တန် ၁၃၃၇၄၆၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိသာကို ၁၈၂၅ ကျပ်မှ ယခု တစ်ပတ်မှာ တစ်ပိသာ ၁၅၈၅ ကျပ် (တစ်တန် ၉၇၀၆၃၈ ကျပ်) အထိဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဈေး ကွက်သို့မတ်ပဲ အသစ်ဝင်ရောက်လာပြီး တစ်ပိသာကို ကျပ် ၂၁၀၀ (တစ်တန် ၁၂၈၆၀၁၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် မုံရွာပဲဈေးကွက်မှာ အရောင်းအဝယ်အေးနေပြီး ပဲတီစိမ်းကို အိန္ဒိယဝယ်လက်နှင့် ပဲခွဲစက်များသို့ ရောင်းခဲ့တယ်လို့ သိရပါတယ်။

# u,m;jynfe,f c&D;oGm;vkyfief; pDrHudef;u Duyfaumfwd pnf;a0;usif;y

အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ကယား ပြည်နယ်ခရီးသွားလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာလ ၆ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ ကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) နယ်သာလန် နိုင်ငံအဖွဲ့အစည်း-CBI တို့မှ ကျွမ်းကျင် ပညာရှင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးအောင်အေးဟန်ကလည်းကောင်း၊ နယ်သာလန်နိုင်ငံအဖွဲ့အစည်း-CBI မှCountry Manager, Ms. Jeanette Scherpenzeel က လည်းကောင်း၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) မှ Project Manager, Ms. Marie-Claude Frauenrath က လည်းကောင်း အမှာစကား အသီးသီး ပြောကြားကြပါသည်။

အစည်းအဝေးတွင် စီမံကိန်းလုပ်ငန်းနှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ပြီးစီးထားမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် CBI အဖွဲ့ အစည်းမှ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တင်ပြဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏တင်ပြမှုများအပေါ် အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် Netherlands Trust Fund IV အစီအစဉ်အရ CBI နှင့် ITC မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းရွေးချယ်ရန် အစီအစဉ်များနှင့် ခရီးသွားလုပ်ငန်း တိုးတက်ရေးဆိုင်ရာ အချက်အလက်များကို အသေးစိတ်ထပ်မံဆွေးနွေးခဲ့ကြပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

ကယားပြည်နယ် ခရီးသွား လုပ်ငန်း စီမံကိန်းကို Netherlands Trust Fund III အစီအစဉ်ဖြင့် ၂၀၁၄ခုနှစ် စက်တင်ဘာလမှ စတင်ပြီး သုံးနှစ် စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းသည် ကယား ပြည်နယ်တွင် လူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဦးတည်၍ ဒေသထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အသေးစားအလတ်စားစီးပွားရေး လုပ်ငန်းများ မြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်းအသင်း အဖွဲ့များ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးချိတ်ဆက်မှု များတိုးချဲ့ဆောင်ရွက်ပေးခြင်းဖြင့် ဒေသတွင်း လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် ဖန်တီးပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ပေးရန် ရည်ရွယ်ပါသည်။

**NES Units**

## ဖျာပုံမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်ခြင်းနှင့် ကျောင်းမုန့်ဈေးတန်းအား စစ်ဆေး

ဖျာပုံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်၊ ဒုတိယ မြို့နယ်ဦးစီးမှူး ဦးမင်းဇော်နှင့် ဝန်ထမ်းများ၊ ကျောင်းကျန်းမာရေး အဖွဲ့မှ ဆရာမများသည် အောက်တိုဘာ ၄ ရက်က ကျုံကူတူးမြောင်း ကျေးရွာရှိအ-မ-က (မူလွန်) ကျောင်းတွင်လည်းကောင်း၊စားသုံးသူ ရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်အောင် ဦးဆောင်သောဝန်ထမ်းများ၊ကျောင်းကျန်းမာရေးအဖွဲ့မှ ဆရာ/ဆရာမများသည် အောက်တိုဘာ ၆ ရက်က ဖျာပုံတမံ အ-ထ-ကကျောင်းတွင်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်းနှင့် ကျောင်းမုန့်ဈေးတန်းတွင် စီးကရက်ပုံစံ မုန့်များ၊ သက်တမ်းလွန်မုန့်များ၊ စားသုံးရန် မသင့်သော မုန့်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ကျုံကူတူးမြောင်းကျေးရွာ အ-မ-က (မူလွန်ကျောင်းတွင် မြို့နယ်ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပေါ် ပေါက်လာပုံနှင့် စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုအကြောင်းကို ဟောပြောပြီး ဒုတိယမြို့နယ်ဦးစီးမှူးက ဓာတုဗေဒ ပစ္စည်းများ ပါဝင်သော အစားအသောက်နဲ့ လူသုံးကုန်ပစ္စည်းများကြောင့် ဖြစ်ပွားတတ်သည့် ကင်ဆာရောဂါအကြောင်းအား နမူနာ မုန့်၊ ပစ္စည်းများပြသ၍ဟောပြောပါတယ်။ကျောင်းကျန်းမာရေးအဖွဲ့မှ ကျောင်း အုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျောင်းဈေးသည်များ ကျောင်းသား မိဘများနဲ့ ကျောင်းသားများအား အစားအစာများကို ရွေးချယ်စားကြရန်၊ မုန့်ဈေးတန်းအား နေ့စဉ် စစ်ဆေးသွားမည်ဖြစ်ပြီး မိဘများကလည်း မိမိရင်သွေးများရဲ့ ကျန်းမာရေးအတွက် အာဟာရဖြစ်စေမည့် အစားအစာများ ရွေးချယ်ကျွေးကြရန်လိုကြောင်း မှာကြားခဲ့ပါတယ်။

ဖျာပုံတမံကျေးရွာ အ-ထ-က ကျောင်းတွင် ခရိုင်ဦးစီးမှူးက အထက်တန်းအဆင့် ကျောင်းသားများအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါအကြောင်းအရာများ၊ အန္တရာယ်ရှိ ဓာတုဆိုးဆေးလေးမျိုးအကြောင်း၊ ပြန်ကြော်ဆီနဲ့ ကြော်တဲ့အန္တရာယ်ရှိ အစားအစာများအကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများ၏ စားသုံးသူအကာအကွယ်ပေးရေးဆောင်ရွက်နေမှုများအား အကျယ်တဝင့် ဟောပြောပြီး အလယ်တန်းအဆင့် ကျောင်းသားများအားဒုတိယမြို့နယ် ဦးစီးမှူးက ပိုးသတ်ဆေးနဲ့ ပဋိဇီဝဆေး ဓာတ်ကြွင်းပါရှိတဲ့ အစားအစာများရဲ့အန္တရာယ်အကြောင်း၊ ပြည်ပမှဝင်ရောက်နေတဲ့ အသင့်စား အစားအစာများအကြောင်း၊ အကင်အမျိုးမျိုး စားသုံးရာတွင် အန္တရာယ်ရှိသည့် အကြောင်းများအား ဟောပြောခဲ့ပါတယ်။

မူလတန်းအဆင့် ကျောင်းသားများအား မြို့နယ်ဦးစီးမှူးက အစားအစာများ ရွေးချယ်စားသောက်စေရန်နဲ့ စားသုံးရန်မသင့်တဲ့ ဓာတုဆိုးဆေးပါ မုန့်များ အကြောင်းအား နမူနာမုန့်များပြသ၍ ဟောပြောပြီး ကျောင်းကျန်းမာရေးအဖွဲ့မှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းထွန်းသန်းက ကျောင်းသားများအား အစားအစာကိုရွေးချယ်စားသောက်ကြရန်နှင့် ကျောင်းဈေးသည်များကလည်း မိမိတို့ရောင်းချနေသော မုန့်များအား ဆိုးဆေးကင်းသည့် မုန့်များသာ ရောင်းချရန်နှင့် သန့်သန့်ရှင်းရှင်း ရောင်းချရန် မှာကြားပါတယ်။ ကျုံကူ တူးမြောင်း ကျေးရွာအ-မ-က (မူလွန်) ကျောင်းတွင် တက်ရောက်သူ ၃၈၈ ဦး၊ ဖျာပုံ တမံ အ-ထ-က ကျောင်းတွင် ၁၀၉၇ ဦး တက်ရောက်ကြောင်း သိရပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

## ပုသိမ်မြို့တွင် အသားတိုး ကြက်မွေးမြူရေးအသင်း ဖွဲ့စည်းရေးနှင့် မွေးမြူရေးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးပွဲ ပြုလုပ်

ပုသိမ်မြို့တွင် အသားတိုးကြက်မွေးမြူရေး အသင်းဖွဲ့စည်းရေးနှင့် မွေးမြူရေးထုတ်ကုန်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာလ ၉ ရက်နေ့က စားသုံးသူရေးရာ ဦးစီးဌာနတွင် ကျင်းပပြုလုပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာသန်းနိုင်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်နိုင်၊ စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဦး၊ ပုသိမ်မြို့တွင်း ပတ်ဝန်းကျင်ကျေးရွာများမှ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါတယ်။

အသိပညာပေးပွဲတွင် ခရိုင်ဦးစီးမှူး ဒေါက်တာသန်းနိုင်က မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ယခင်ကလို တစ်ဦးတစ်ယောက်ချင်း မွေးမြူရာထက် အသင်းအဖွဲ့ ဖွဲ့စည်းမှသာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်မှာဖြစ်ကြောင်း၊ စုပေါင်းဆောင်ရွက်ခြင်းကြောင့် ဈေးကွက်နဲ့ သတင်းအချက်အလက်များ ပိုမိုပြည့်စုံစွာ သိရှိရမှာဖြစ်ပြီး မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နဲ့လည်း ချိတ်ဆက်ထားရှိရန် လိုအပ်ကြောင်း၊ လက်ရှိတိုင်းဒေသကြီးအတွင်း CP မွေးမြူရေးကုမ္ပဏီမှ မွေးမြူရေးခြံ ၅၀ နဲ့ အသားတိုးကြက် အကောင်ရေ တစ်သိန်းခွဲခန့် မွေးမြူလျက် ဈေးကွက်ကို ဦးဆောင်လျက်ရှိကြောင်း ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ နီးစပ်ရာတိုင်း၊ မြို့နယ်များနဲ့ အင်အားကြီးမားတဲ့ ကုမ္ပဏီ များဝင်ရောက်လာပါက မိမိတို့လုပ်ငန်းများ ထင်သလောက် စီးပွားဖြစ်မှာမဟုတ်ဘဲ ဈေးကွက်ကိုထိခိုက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအ တွက် ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေများကိုလည်း သိရှိရန်လိုအပ်ကြောင်း၊ သောက်ရေကန်နဲ့နီးသော နေရာ၊ သမိုင်းဝင်နေရာ၊ အများပြည်သူ အပန်းဖြေတဲ့ ရှုခင်းသာနေရာ၊ သာသနာ့နယ်မြေနဲ့နီးတဲ့ နေရာများတွင် မမွေးမြူရန် တားမြစ်ထားပြီး ပတ်ဝန်းကျင်နဲ့ အဆင်ပြေသောနေရာများတွင်သာ မွေးမြူရမှာဖြစ်ကြောင်း၊ ဈေးကွက်သို့မတင်ပို့မီ နှစ်ပတ်အလို မွေးမြူရေးကြက်များကို ကာကွယ် ဆေးထိုးခြင်း ရှောင်ကြဉ်မှသာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်မှာဖြစ်ပြီး၊ ကြက်ခြံများတွင် ရောဂါများ ကျရောက်ပါကလည်း မွေး/ကုဌာနသို့ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဌာနမှ အချိန်မီ ကာကွယ်ပေးနိုင်မှာဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း အသေးစိတ် အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါတယ်။

ဆက်လက်၍တက်ရောက်လာတဲ့ မွေးမြူရေးခြံရှင်များရဲ့ သဘောထား၊ ဆန္ဒနဲ့အညီ ပုသိမ်မြို့နယ်၊ အသားတိုးကြက် မွေးမြူရေးအသင်းဥက္ကဋ္ဌအဖြစ် ဦးမင်းအောင်၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ ဘဏ္ဍာရေးမှူး ဦးမြင့်ဇော်၊ ကျန်သည့်မွေးမြူရေးလုပ်ငန်းရှင်များကို အသင်းသားများအဖြစ် ဖွဲ့စည်းခဲ့ကြောင်းသိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

# မူဆယ်မှ သကြားပိုမိုတင်ပို့သော်လည်း ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

အောက်တိုဘာပထမပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅၃၂ သန်းတန်ဖိုးရှိ သကြားတန်ချိန် ၃၇၃၃၀ ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က မူဆယ်မှ ၂၈၀၀၂တန်ကျော်သာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် သကြားတန်ချိန် ကိုးထောင်ကျော်ပိုမိုတင်ပို့ခဲ့ပါတယ်။ အလားတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၂၇၇၀၀ တန်ဖိုးရှိသကြား ၂၂၃ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၄၁၈ တန်နီးပါး တင်ပို့ခဲ့တာကြောင့် ချင်းရွှေဟော်မှ သကြား အနည်းငယ်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်တွင် ပြည်တွင်းသကြားဈေးမှာ တစ်တန်လျှင် ကျပ် ၉၁၂၀၀၀ ဈေးဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ် အိတ်လျှင် ၂၃၉-၂၄၀ ယွမ်ဈေးရရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၁၆၂၅၅၂၅ တန်ဖိုးရှိ သကြားတန် သုံးထောင်နီးပါး တင်သွင်းခဲ့ပါတယ်။ ယခု သီတင်းပတ်အတွင်း ရန်ကုန်ဈေးကွက်မှာ သကြားတစ်ပိဿာကို ၁၃၀၀-၁၄၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရောတန်ဖိုးပါ ပိုမိုတင်ပို့

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာပထမပတ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄၆ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၃၉၄ တန်ကျော် ကို တရုတ်နိုင်ငံ သို့ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အမေရိကန်ဒေါ်လာ၂ဒသမ၉၀၉ သန်းတန်ဖိုးရှိရေထွက်ကုန် ၁၂၅၄တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ရေထွက် ကုန်တန်ချိန် ၁၄၀ ပိုမိုပြီး တန်ဖိုးအနေနဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၇ သန်းပိုမိုခဲ့ပါတယ်။ ကဏန်း ၁၄၄ တန်ခွဲ၊ ငါးရှဉ့် ၂၂ တန်ကျော် တင်ပို့ရာတွင် တန်ချိန်အနည်းငယ် လျော့နည်းခဲ့ပေမယ့် ငါးဆားနယ်လေးတန်ကျော်၊ ပုစွန်ဖွဲ့ ၃၄ တန်ခွဲ၊ ငါးလေးခြောက် နှစ်တန်နီးပါးနဲ့ ငါးပူတင်းရေခွံခြောက် တစ်တန်ခန့်တင်ပို့ရာတွင် တန်ဖိုးအားဖြင့် ယခင်တစ်ပတ်ထက် ပိုမိုလာခဲ့တာကြောင့် ရေထွက်ကုန်တင်ပို့မှုတွင် တန်ချိန်ရော တန်ဖိုးပါပိုမိုလာခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၅၀၀၀ နဲ့ ကဏန်း တစ်တန်လျှင် ၅၁၀၀၀ ယွမ်ဈေးရရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# ပြည်တွင်းသို့ တရုတ်နဲ့ အိန္ဒိယ ဆိုင်ကယ်များ ဝင်ရောက်မှု လျော့ကျ

အောက်တိုဘာလ ပထမပတ်အတွင်း တရုတ်၊ ထိုင်းနဲ့အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၈၅ သန်းတန်ဖိုးရှိဆိုင်ကယ်မျိုးစုံ ၂၇၃၂ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၂၂၀ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၄၈၈ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များရဲ့ တင်သွင်းမှု အခြေအနေကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၈၈၂ စီး၊ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ၀၁၉ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၇၁ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၆၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၇၀၆ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာသုညဒသမ၀၈၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၇၃ စီးကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းနဲ့ တမူး ကုန်သွယ်ရေး စခန်းများမှ ဆိုင်ကယ် ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ် ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်များမှ ဆိုင်ကယ်များ တင်သွင်းမှု ကျဆင်းခဲ့တဲ့အတွက် ယခင် တစ်ပတ်ထက် လျော့နည်းရခြင်းဖြစ်တယ်လို့ သတင်း ရရှိပါတယ်။ **ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာလအတွင်း ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုကျဆင်းတဲ့အတွက် ကုန်သွယ်မှုလျော့ကျ

စစ်တွေကုန်သွယ်ရေးစခန်းသည် စက်တင် ဘာလအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၂၆၇ သန်း၊ သွင်းကုန်ဆောင်ရွက်မှု မရှိတဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ သုညဒသမ ၂၆၇ သန်းဖြစ်ပါတယ်။ အနီးစပ်ဆုံးကာလဖြစ်တဲ့ ဩဂုတ်လအောက် ပို့ကုန်အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၂ သန်း လျော့နည်းခဲ့သလို ယမန်နှစ်ကာလတူအောက် ပို့ကုန် အမေရိကန် ဒေါ်လာ သုညဒသမ ၆၄၂သန်း သွင်းကုန်အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၂ သန်းပါလျော့နည်းခဲ့တဲ့အတွက် ကုန်သွယ်မှု လျော့ကျခဲ့တယ်လို့ သိရပါတယ်။ ကုန်သွယ်မှု လျော့နည်းရခြင်းမှာ စစ်တွေ ကုန်သွယ်ရေးစခန်းတွင် စက်တင်ဘာလအတွင်း ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုကျဆင်းခဲ့သလို စက်တင်ဘာလအ တွင်း သွင်းကုန်တင်သွင်းမှု မရှိခဲ့ခြင်းကြောင့် ဖြစ်တယ်လို့သိရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်း၌ စက်တင်ဘာလအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ရေချိုငါးမြစ်ချင်း၊ ဆီးယိုထုပ်၊ မန်ကျည်းစေ့၊ စောင်၊ ဂျင်းအစို၊ ဆီးဖတ်၊ ဆီးသီးခြောက်၊ နနွင်းတက်၊ အဆင့်မြင့်ဝီစကီနဲ့ နန်းတော်အရက် တို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မြိတ်ကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာကုန်သွယ်မှု လျှာထားချက်ကျော်လွန်

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာလအတွင်းလျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာသုံးသန်းရှိခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ သန်းဖြစ်ပြီး ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၈၆ သန်း၊ သွင်းကုန်အမေရိကန် ဒေါ်လာ ၃ ဒသမ ၈၀၂ သန်းအထိ ရရှိအောင် ဆောင်ရွက်နိုင်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၈၈ သန်းဆောင်ရွက်ခဲ့ပါတယ်။ လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုမှာ ၁၁၃ ဒသမ ၇၅ ရာခိုင်နှုန်း ဖြစ်တဲ့အတွက် မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် လျာထားချက်ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာလကုန်သွယ်မှုကို ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၅၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၉ သန်းပိုမိုတဲ့အတွက် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၀ သန်းပိုမိုဆောင်ရွက်ခဲ့သလို အနီးစပ်ဆုံးကာလဖြစ်တဲ့ ဩဂုတ်လထက် ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၃ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၉ သန်းပိုမိုခဲ့ကာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅၂ သန်းပိုမိုဆောင်ရွက်ခဲ့ပါတယ်။

ကာလတူထက်ပိုမိုရခြင်းမှာ စက်တင်ဘာလအတွင်း ရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ငါးမျိုးစုံ၊ ကင်းမွန်နဲ့ကဏန်းများ၊ သစ်တောထွက်ပစ္စည်းဖြစ်တဲ့ သစ်မာခွဲသားများ ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်ပြီး၊ သွင်းကုန်ပိုင်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ လုပ်ငန်းသုံးကုန်ကြမ်းနဲ့ လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာလအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ကုန်ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ရေခဲပုစွန်၊ ငါးမှုန့်၊ ကင်းမွန်၊ အေးခဲကဏန်း ပျော့၊ သဲကဏန်း၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးအသားလွှာ၊ ကဏန်းသေးအသေတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ ကုန်ပစ္စည်းများကတော့ ဒီဇယ်ဆီ၊ ဘိလပ် မြေ၊ ဟင်းချက်ဆီ၊ ဓာတ်ဆီ၊ ဓာတ်မြေဩဇာ၊ စက်အပိုပစ္စည်း၊ အင်ဂျင်ဝိုင်တို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မြန်မာ-ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ တိုးတက်တင်ပို့လျက်ရှိ

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန် သွယ်ရေး စခန်းများမှ အောက်တိုဘာ ပထမပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ဒသမ ၇၄၄သန်း တန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၄၄၀၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၄၂၀၀ ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၀၀ ကျော် ပိုမို တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

ရေထွက်ကုန်များ ပိုမို တင်ပို့နိုင်ခြင်းမှာ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် လျော့နည်း တင်ပို့ခဲ့သော်လည်း မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ ယခင်တစ်ပတ်က တင်ပို့ခဲ့ခြင်းမရှိတဲ့ ငါးမှုန့်၊ ကဏန်းပျော့၊ ကင်းမွန်အခွံချွတ်၊ ကင်းမွန်ခေါင်းအခွံချွတ်၊ ရေခူခြောက်နဲ့ ငါးအသားလွှာများ ပိုမို တင်ပို့ခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

အောက်တိုဘာ ပထမပတ်အတွင်းမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၂၆ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန် တို့ကို တန် ၈၀ကျော် ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁ဒသမ ၃၂၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ကင်းမွန်၊ ပုစွန်၊ အခြားရေထွက်ပစ္စည်းများဖြစ်တဲ့ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်တို့ကို တန်ချိန် ၅၀၀ ကျော်နဲ့ မြိတ်ကုန်သွယ်ရေး စခန်း မှ အမေရိကန်ဒေါ်လာ ၄ဒသမ ၂၉၈ သန်း တန်ဖိုးရှိရေထွက်ကုန်မျိုးစုံ တန်ချိန် ၂၅၀၀ကျော် အသီးသီး တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းများ ပုံမှန်တင်ပို့လျက်ရှိ

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ပထမပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၀၈၅ သန်း တန်ဖိုးရှိ ရေချို ငါးမြစ်ချင်းတန် ၈၀ ခန့်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်နည်းတူ ယခုတစ်ပတ်မှာလည်း တန် ၈၀ တင်ပို့ခဲ့တာမို့ ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။ စစ်တွေ ကုန်သွယ်ရေး စခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၆ သန်းတန်ဖိုးရှိ ငါးခေါင်းပွ သုံးတန်ခွဲခန့် တင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာလအတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၁၅၆ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်းတန် ၁၅၀ ခန့်နဲ့ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၆ သန်းတန်ဖိုးရှိ ငါးခေါင်းပွ သုံးတန်ခွဲခန့်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ပထမပတ်အတွင်း ရေထွက်ပို့ကုန်များအပြင် သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ တီရှပ် ၄၅၀၀ ထည်ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ ပြောင်းသစ်များတင်ပို့ပြီး အိန္ဒိယနိုင်ငံသို့ပါ တင်ပို့ရမည့် အလားအလာများရှိနေ

မြန်မာနိုင်ငံသည် ပို့ကုန်ကဏ္ဍအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့အများဆုံး တင်ပို့နေသည့်နိုင်ငံဖြစ်သည့် အားလျော်စွာ မြန်မာ့ပြောင်းကို အဓိကအများဆုံးတင်ပို့လျက်ရှိပါတယ်။ မြန်မာ့ပြောင်းကို ပြည်တွင်း၌ တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုကြရုံမျှမက ပြည်ပနိုင်ငံများသို့လည်းအဓိကပို့ကုန်အဖြစ်တင်ပို့လျက်ရှိပါတယ်။ ပြောင်းစိုက်ပျိုးထုတ်လုပ်သည်မှ ပို့ကုန်တင်ပို့သည်အထိ Supply Chain တစ်လျှောက်ရရှိသည့် အကျိုးအမြတ်သည် တစ်နှစ်ထက်တစ်နှစ် အားကောင်းလာမှုကြောင့် နှစ်အလိုက်ပြောင်းစိုက်ပျိုးထွက်ရှိမှု ပိုမိုမြင့်မားလာတာကို လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှာ ပြောင်းကိုအများဆုံး စိုက်ပျိုးကြပါတယ်။

ယခုနှစ်တွင် ကမ္ဘာ့ပြောင်း အများဆုံးတင်ပို့နိုင်ငံများသာမက တင်သွင်းနိုင်ငံများဖြစ်သည့် အမေရိကန်၊ တရုတ်၊ ဘရာဇီးနိုင်ငံတို့တွင် ပြည်တွင်း စားသုံးမှုထက် ထုတ်လုပ်မှု ပိုလျှံလျက်ရှိခြင်းကြောင့် ပြောင်းပိုလျှံမှုများဖြစ်ပေါ်လျက်ရှိသဖြင့် မြန်မာနိုင်ငံ၏ အဓိကပြောင်းတင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံအနေဖြင့် ပြောင်းတင်သွင်းမှု လျော့ကျလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။

ဒ့ါအပြင်တရုတ်နိုင်ငံဟာ အမေရိကန်မှ Genetically Modified –GM ပြောင်းများ အများဆုံးတင်သွင်းလျက်ရှိပါတယ်။ ယခင်နှစ်က တရုတ်နိုင်ငံရဲ့ Inspection and Quarantine Official က အဆိုပါ ပြောင်းများအား စစ်ဆေးလျက်ရှိရာအငြင်းပွားမှုများနဲ့ ရင်ဆိုင် နေရသဖြင့် အမေရိကန်မှ ပြောင်းတင်သွင်းမှု လျော့နည်းခဲ့ခြင်းကြောင့် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင်တခြားကုန်သွယ်ဖက်နိုင်ငံများမှ ပြောင်းဝယ်ယူမှုပိုမိုခဲ့ကာ ယခုနှစ်တွင်မူ အဆိုပါအငြင်းပွားမှုမှာ တည်ငြိမ်သွားသည့်အပြင် ပြည်တွင်း ထုတ်လုပ်မှုပိုလျှံမှုဖြစ်စဉ်ကြောင့် ယခုနှစ်ကာလအတွင်း ပြောင်း ဝယ်ယူမှု လျော့ကျခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံ၏ ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် (ဧပြီလမှ အောက်တိုဘာ လ ၁၀ ရက်နေ့အထိ) ပင်လယ်ရေကြောင်းမှ ၃၆၉ တန်၊ နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် သုံးသိန်းကျော် တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းပြောင်းတင်ပို့မှု၏ ၇၅ ရာခိုင်နှုန်းသည် မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှု၏အဓိကလမ်းကြောင်းဖြစ်သည့် ကုန်သွယ်ရေးဇုန်မှတင်ပို့လျက်ရှိကြောင်း စုံစမ်းသိရှိရပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ရက်လျှင် ပျမ်းမျှပြောင်း ကားစီးရေ ၁၃၅စီး၊ တန်ချိန် ၃၇၀၀ခန့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ FOB ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၂၂၀ဈေးဖြင့် တင်ပို့လျက်ရှိကြောင်း သိရှိရပါတယ်။

**မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ရက်အလိုက် ပြောင်းတင်ပို့မှု ကားစီးရေနဲ့ တန်ချိန်စာရင်း**

| စဉ် | ရက်နေ့ | ကားစီးရေ | တန်ချိန် |
|---|---|---|---|
| ၁ | ၁ - ၁၀ - ၂၀၁၆ | ၁၁၈ | ၂၉၇၈. ၂၀၀ |
| ၂ | ၂ - ၁၀ - ၂၀၁၆ | ၁၀၉ | ၂၈၈၈. ၆၀၀ |
| ၃ | ၃ - ၁၀ - ၂၀၁၆ | ၁၂၅ | ၃၃၈၅. ၇၀၀ |
| ၄ | ၄ - ၁၀ - ၂၀၁၆ | ၁၀၉ | ၂၈၀၃. ၆၀၀ |
| ၅ | ၅ - ၁၀ - ၂၀၁၆ | ၁၃၅ | ၃၆၇၉. ၁၅၀ |
| ၆ | ၆ - ၁၀ - ၂၀၁၆ | ၁၆၂ | ၄၄၂၀. ၁၀၀ |
| ၇ | ၇ - ၁၀ - ၂၀၁၆ | ၁၈၂ | ၄၉၈၁. ၄၅၀ |
| ၈ | ၈ - ၁၀ - ၂၀၁၆ | ၁၇၁ | ၄၈၈၀. ၀၀၀ |
| ၉ | ၉ - ၁၀ - ၂၀၁၆ | ၁၆၂ | ၄၅၄၈. ၁၅၀ |
| ၁၀ | ၁၀ - ၁၀ - ၂၀၁၆ | ၁၄၉ | ၄၂၄၂. ၅၀၀ |
| ၁၁ | ၁၁ - ၁၀ - ၂၀၁၆ | ၁၀၆ | ၂၈၃၆. ၂၀၀ |
| ၁၂ | ၁၂ - ၁၀ - ၂၀၁၆ | ၉၉ | ၂၇၈၅. ၅၀၀ |
| ၁၃ | ၁၃ - ၁၀ - ၂၀၁၆ | ၁၃၇ | ၃၈၇၉. ၂၅၀ |
| | စုစုပေါင်း | ၁၇၆၄ | ၄၈၃၀၉. ၄၀၀ |

ကမ္ဘာ့ပြောင်းဈေးကို လေ့လာကြည့်မည်ဆိုပါက ပြောင်းဈေးမှာ ၂၀၁၄ ခုနှစ် ဧပြီလတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၂၀ ခန့်ရှိခဲ့ရာမှ တဖြည်းဖြည်း ကျဆင်းလာပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် တစ်တန်ဈေးအမေရိကန် ၁၄၈ ဒေါ်လာခန့်အထိ လျော့နည်းကျဆင်းလျက်ရှိပါတယ်။ ယခုအောက်တိုဘာလ ပထမပတ် တရုတ်နိုင်ငံ၏ FOB ပြောင်း ဈေးနှုန်းမှာ ၁၃၃-၁၄၁ ဒေါ်လာ၊ အိန္ဒိယနိုင်ငံ၏ FOB ဈေးနှုန်းမှာ ၁၆၉ဒေါ်လာ၊ အမေရိကန်နိုင်ငံ၏ FOB ဈေးနှုန်းမှာ ၁၄၈-၁၅၁ ဒေါ်လာရှိကြောင်း လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် FOB ဈေးနှုန်းမှာ ၂၁၀-၂၂၀ ဒေါ်လာရရှိသဖြင့် ကမ္ဘာ့ပြောင်းဈေးထက်ပိုမိုအသာစီးရရှိနေသည့် အနေအထားတွင် ရောက်ရှိနေသည့်အပြင် တရုတ်နိုင်ငံမှ ပြောင်းဝယ်ယူမှုအား လေ့လာကြည့်ပါက နှစ်စဉ်အောက်တိုဘာမှဒီဇင်ဘာအတွင်း အများဆုံး ဝယ်ယူသည့်ကာလဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ထို့ပြင်ကမ္ဘာ့ပြောင်းအများဆုံးထုတ်လုပ်သည့်နိုင်ငံများအနက် အဆင့်(၇)တွင် ရပ်တည်နေသော်လည်း အိန္ဒိယနိုင်ငံရဲ့ ပြည်တွင်းပြောင်းလုပ်ငန်းရှင်များဟာ ကမ္ဘာ့ပြောင်းဈေးကျဆင်းနေခြင်းကြောင့် ပြည်တွင်းဝယ်လိုအားများရှိသော်လည်း ရောင်းချခြင်းမရှိဘဲ ပြည်တွင်း၌သာ သိုလှောင်ထားသဖြင့် ပြောင်းစားသုံးမှုလိုအပ်ချက်များဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်တွင်း ပြောင်းဈေးမြင့်တက်မှု ပြဿနာများအား ဖြေရှင်းရန်အတွက် အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် ပြောင်းတန်ချိန် ငါးသိန်းကို ပြည်ပမှ တင်သွင်းသွားမှာဖြစ်တယ်လို့ အိန္ဒိယနိုင်ငံစက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်ထားကြောင်းThe Economic Times မှာ ၂၀၁၆ခုနှစ် ဇူလိုင်လက ဖော်ပြထားသည်ကို တွေ့ရှိရပါတယ်။

ယခင်နှစ် ကာလတူထက် မြန်မာ့ပြောင်းတင်ပို့မှု လျော့နည်းကျဆင်းနေသော်လည်း ယခုအခါ ရှမ်းပြည်နယ်၌ ပြောင်းသစ်ပေါ်သည့်ရာသီချိန်ခါ ဖြစ်သည့်အပြင် ဈေးနှုန်းအသာစီးရရှိနေခြင်း၊ တရုတ်နိုင်ငံရဲ့ ပြောင်းဝယ်ယူမှု အများဆုံးကာလအတွင်း ရောက်ရှိနေခြင်း၊တရုတ်နိုင်ငံသို့သာမက အိန္ဒိယနိုင်ငံသို့ပါတန်ချိန် ငါးသိန်း တင်ပို့ရောင်းချနိုင်မည့် အလားအလာရှိနေသဖြင့် ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ခြင်းတို့ကြောင့် ပြောင်းတင်ပို့မှု ပြန်လည်မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ယခုအချိန်သည် မြန်မာပြောင်းဈေးကွက်အနေနဲ့ အားသာချက်များဖြစ်ပေါ်နေသလို လားရာကောင်းများဆီသို့ ရှေးရှုနေသည့်အချိန်အခါဖြစ်ကာ တရုတ်နိုင်ငံသို့သာမက အိန္ဒိယနိုင်ငံသို့လည်းတင်ပို့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများရှိနေပြီး ယင်းရလဒ်ကောင်းများဖြင့် ဈေးကွက်သစ်ရှာဖွေတင်ပို့နိုင်ပါက မြန်မာ့ပို့ကုန်ပမာဏ မြင့်တင်နိုင်ရုံသာမကကုန်သွယ်မှုလိုငွေပြနေခြင်းကိုလည်း လျော့နည်းအောင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများရရှိနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။

**ပီတိချို (မန်းလေး)**

# ယခင်နှစ်ထက် ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၂၇၅ သန်းကျော် ပိုမိုတင်ပို့နိုင်ပြီး သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သန်း ၅၅၀ လျော့နည်းတင်သွင်း

မြန်မာနိုင်ငံ၏ လက်ရှိကုန်သွယ်မှုအခြေအနေကို လေ့လာကြည့်လျှင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အောက်တိုဘာလပထမပတ်အထိ ပို့ကုန်အမေရိကန် ဒေါ်လာ ၅၉၃၅သန်းကျော်၊ သွင်းကုန် အမေရိကန်ဒေါ်လာသန်း၇၆၇၀ကျော် ရှိပြီး စုစုပေါင်းကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၁၃၆၀၀ ကျော်ရှိခဲ့ပါတယ်။

ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ပို့ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ၂၇၅သန်းကျော် ပိုမိုတင်ပို့နိုင်ပြီး၊ သွင်းကုန်တင်သွင်းမှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၅၅၀ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရပါတယ်။

ဒီနှစ်မှာအမေရိကန် ဒေါ်လာ ၆၁၈ သန်းကျော်တန်ဖိုးရှိ CMP ချုပ်ပြီးအထည်၊ အမေရိကန်ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိမတ်ပဲ၊ အမေရိကန်ဒေါ်လာ၅၂ သန်းကျော်တန်ဖိုးရှိ ပဲတီစိမ်း၊ အမေရိကန်ဒေါ်လာသန်း၃၀ကျော် တန်ဖိုးရှိမြေပဲဆန်တို့ကိုတင်ပို့နိုင်ခဲ့ကြောင်း၊ Value Added အနေဖြင့် အမေရိကန်ဒေါ်လာ ၂၈သန်း ကျော်တန်ဖိုးရှိ သစ်ပါးလွှာနှင့်အထပ်သား၊အမေရိကန်ဒေါ်လာ၂၈သန်း တန်ဖိုးရှိရေထွက်ပစ္စည်းများ၊ Re-export စနစ်ဖြင့် တင်ပို့တဲ့ အမေရိကန်ဒေါ်လာ ၅၄၇ သန်းကျော်တန်ဖိုးရှိသကြား၊ အမေရိကန် ဒေါ်လာ ၁၅ သန်းကျော် တန်ဖိုးရှိ ဒီဇယ်ဆီတို့ကို ပိုမိုတင်ပို့နိုင်ကြောင်း စုံစမ်းသိရှိရပါတယ်။

ယခုနှစ်မှာတော့ အမေရိကန်ဒေါ်လာသန်း ၉၀၀ကျော် တန်ဖိုးရှိ သဘာဝဓာတ်ငွေ့ကိုတင်ပို့ခဲ့ရာယခင်နှစ်ကထက် လျော့နည်းတင်ပို့ခဲ့တာကို တွေ့ရပါတယ်။ သဘာဝဓာတ်ငွေ့တင်ပို့မှုမှာ တန်ဖိုးရောတန်ချိန်ပါ တင်ပို့မှုကျဆင်းခဲ့တဲ့ အချက်ကိုကြည့်ပါက သဘာဝသယံဇာတပစ္စည်းများထွက်ရှိမှု၊ ထုတ်လုပ်မှုစွမ်းအားကျဆင်းနိုင်ခြင်း၊ကမ္ဘာ့ဈေးကွက်ပေါ်တွင်မူတည်၍ ဈေးနှုန်းများကျဆင်းခြင်းကြောင့်ဖြစ်နိုင်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒ့ါအပြင် ကျောက်စိမ်းနဲ့သတ္တုရိုင်းတင်ပို့မှုမှာလည်းအမေရိ ကန်ဒေါ်လာသန်း ၂၃၀ ကျော် လျော့နည်းတင်ပို့ခဲ့တာကိုလည်းတွေ့ရပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုမှာလည်း ဆန်၊ဆန်ကွဲ တင်ပို့မှုမှာ ယခင်နှစ်ထက် လျော့နည်းနေတယ်လို့ စုံစမ်းသိရှိရပါတယ်။ ဆန်တင်ပို့မှုမှာ နိုင်ငံတကာဝယ်လိုအားနဲ့ ဈေးနှုန်းကျဆင်းမှုရှိတဲ့အပြင် မိမိပြည်တွင်း ဆန်ဈေးနှုန်းများမြင့်တက်နေခြင်းကြောင့်တင်ပို့မှု လျော့နည်းရခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ပြောင်းတင်ပို့မှုမှာလည်း ကမ္ဘာ့ပြောင်းဈေး ကျဆင်းမှုကြောင့် တင်ပို့မှုလျော့နည်းရကြောင်း သိရှိရပါတယ်။

ဒီနှစ်မှာပြည်ပမှ ပိုမိုတင်သွင်းနိုင်တဲ့ပစ္စည်းတွေကတော့ အမေရိကန်ဒေါ်လာ ၇၈သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာများ၊ အမေရိကန်ဒေါ်လာ ၆၁ သန်း တန်ဖိုးရှိ မော်တော်ဆိုင်ကယ်၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ အမေရိကန်ဒေါ်လာ ၄၁သန်းတန်ဖိုးရှိလုပ်ငန်းသုံးသီးနှံဆီများ၊ အမေရိကန်ဒေါ်လာ ၃၆ သန်းတန်ဖိုးရှိ လယ်ထွန်စက်များ၊ အမေရိကန်ဒေါ်လာ ၃၇သန်းကျော်တန်ဖိုးရှိ ဖန်ဆောက်လုပ်ရေးပစ္စည်းများပိုမိုတင်သွင်းနိုင်ခဲ့ကြောင်းသိရှိရပါတယ်။

ယခင်နှစ်ထက် လျော့နည်းတင်သွင်းတဲ့ အဓိကသွင်းကုန်ပစ္စည်းတွေကတော့ အမေရိကန်ဒေါ်လာ ၆၉၅သန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ အမေရိကန်ဒေါ်လာ သန်း၂၁၀တန်ဖိုးရှိ စက်နှင့်စက်ပစ္စည်း၊ အမေရိကန်ဒေါ်လာ ၁၇၃ သန်းကျော်တန်ဖိုးရှိ တယ်လီဖုန်းနှင့်ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ အမေရိကန်ဒေါ်လာ ၁၄၈သန်းကျော်တန်ဖိုးရှိ ရေနံထွက်ပစ္စည်း၊ အမေရိကန်ဒေါ်လာ ၄၂သန်းတန်ဖိုးရှိ သံနှင့်သံမဏိပစ္စည်း၊ အမေရိကန်ဒေါ်လာ ၁၃၁သန်းကျော်တန်ဖိုးရှိ စားအုန်းဆီတို့ကို လျော့နည်းတင်သွင်းခဲ့တာတွေ့ရပါတယ်။

သွင်းကုန်မှာအဓိကလျော့နည်းတာကရင်းနှီးမြှုပ်နှံမှုပစ္စည်း တွေတင်သွင်းမှုမှာအစိုးရကဏ္ဍအနေနဲ့ အမေရိကန်ဒေါ်လာသန်း ၉၃၀ လျော့နည်းတင်သွင်းခဲ့တာကိုတွေ့ရှိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက်Re-exportကုန်သွယ်မှုအား(သကြား၊ ကွမ်းသီး၊ စက်သုံးဆီ) စတဲ့ အခြားပစ္စည်းများကို အောင်မြင်အောင် တင်ပို့နိုင်ခဲ့ခြင်းနှင့် CMP ချုပ်ပြီးအထည်များပိုမိုတင်ပို့နိုင်ခဲ့ခြင်းတို့ကြောင့် သဘာဝသယံဇာတပစ္စည်းများတင်ပို့မှုလျော့နည်းသော်လည်း ပို့ကုန်ကို ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရှိရပါတယ်။

**ရှင်မင်းအံ့(တန့်ဆည်)**

# Myan Auto 2016 ပြပွဲ ပြသမည်

AMBTarsus ကုမ္ပဏီကကြီးမှူးကျင်းပမည့် Myan Auto 2016 ပြပွဲကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Myan Auto 2016 ပြပွဲကို စိတ်ဝင်စားသူမည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပြပွဲသို့လာရောက်ကြည့်ရှုသူများအတွက် ကံစမ်းမဲနှင့် အခြားအစီအစဉ်ပေါင်းများစွာ စီစဉ်ထားကြောင်းသိရသည်။

ယင်းပြပွဲတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ၊ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီစသည့် စက်သုံးဆီများ၊ ကားအလှဆင်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများကို ပြသရောင်းချမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ မော်တော်ယာဉ်အပိုပစ္စည်း ရောင်းချသည့်ကုမ္ပဏီများက လာရောက်ပြသရောင်းချကြမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲကို စီစဉ်ကျင်းပခဲ့သည့် AMBTarsus သည် ယခင်က AMB အမည်ဖြင့်သာ ကုန်စည်ပြပွဲများနှင့် အခြား Event များကို စီမံကိုင်တွယ်ပေးသော Event ကုမ္ပဏီအဖြစ် သီးခြားရပ်တည်ခဲ့သော်လည်း ယခုနှစ်တွင် ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်နိုင်ငံတို့၌ ကုန်သွယ်မှုဆိုင်ရာပြပွဲများကို တာဝန်ယူပေးလျက်ရှိသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Tarsus နှင့်ပူးပေါင်းခဲ့သည်ဟု သိရသည်။ **မယ်သီတာ**










# PV Power Vigor Co.,Ltd

**Generator Sales & Services (25 KVA to 2000 KVA)**





CCTV Camera and DVR (Sales , Service & Installation )

Unique power



Hydraulic Hose & Fitting



**Transformer (Sales & Installation)**



PV POWER VIGOR COMPANY LIMITED

Room(13), Building(8), Kyee Pwar Yay Housing, Thingangyun Tsp, Yangon, Myanmar.

Ph: 09 780 333 380, 09 259 260 501, 09 259 260 502, 09 261 766 123

## Give-DrinkingWater

Give DRINKING WATER

น้ำดื่มกิฟ...ขอมอบสุขภาพที่ดี
ให้แก่ประชาชนพม่า

Treated by Reverse Osmosis and Ozone Sterilization Process

Tel.092-60209599 , 092-6294-3137
092-6294-3138 , 092-6294-3139

Give.DrinkingWater@gmail.com
Give-DrinkingWater.com

New Product







SHENG WEI (SW) Co.,Ltd. No.515-521,(60)Quarter,Yadanar Road,Dagon Seik-kan Township,Yangon.Myanmar.

## ပြောင်း

### တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု လျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီး စခန်းလေးခုမှ အောက်တိုဘာလ ပထမပတ်တွင် အမေရိကန် ဒေါ်လာ ၅ ဒသမ ၄၉၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၃၉၃၁ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၂၃၀၇၇ တန်၊ လွယ်ဂျယ်မှတန် ၁၂၀၊ ချင်းရွှေဟော်မှ ၃၃၄ တန်နှင့် ကန်ပိုက်တီးမှတန် ၄၀၀ဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က အဆိုပါစခန်းလေးခုမှ ပြောင်းတန်ချိန် ၃၂၅၁၇ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှု ရှစ်ထောင်ကျော် လျော့နည်းသွားခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၃၀ ရက်က ပြောင်းတစ်တန်ကို ၂၈၇၈၅၀ ကျပ် ရှိရာမှ အောက်တိုဘာ ၇ ရက်မှာ ၂၈၈၈၀၀ ကျပ်သို့ ဈေးအနည်းငယ် ထပ်မံမြင့်တက်ခဲ့ကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ (၅၅-၅၇) ကျပ်ရှိပြီး ကားစီးရေ ၉၄၀ စီးသာ ဝင်ရောက်ခဲ့ ကြောင်း၊ ယခင်ကပြောင်းကား တစ်စီးလျှင် ၃၈တန် သယ်ယူခွင့် ပြုသော်လည်း ယခုကားတစ်စီးလျှင် တန် ၃၀ ခန့်သာ သယ်ယူခွင့်ပြုတာကြောင့် ကာခဈေးတက်ခြင်း၊ ယခင်က ပြောင်းတစ်တန်ရဲ့ သယ်ယူစရိတ် ယွမ် ၁၈၀ ရှိခဲ့ရာမှ အောက်တိုဘာ ၂ ရက်မှစ၍ ယွမ် ၃၂၀ ထိ မြင့်တက်ခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ **မော်မော်အောင်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၂၀ နီးပါးတင်ပို့

အောက်တိုဘာ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုညဒသမ ၁၂၂ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ (အခွံမပါ) ၁၆ တန် ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၅ တန် ကျော်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ အနည်းငယ် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။ ယခုသီတင်းပတ်မှာတော့ မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပရဆေး

### ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ် ရေး ဇုန်မှ အောက်တိုဘာ ၁ရက်မှ ၇ရက်အထိ သီတင်းပတ် တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၂၆၅ သန်း တန်ဖိုးရှိပရဆေးကုန်ကြမ်း အမယ်၁၄မျိုးကို တန်ချိန်၉၀၀ ကျော်အထိ တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ တောချင်း၊ ချင်းခြောက်၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ကွမ်းသီးခွံ၊ ဆေးမြင်းခွာ၊ ဒရင်ကောက်မြစ်၊ နန္ဒင်းတက်၊ ချဉ်ပေါင် ဖာလာ (အခွံပါ/မပါ)၊ ကြောင်ပန်းစေ့၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့နဲ့ တောင်လုံးကျော်တို့ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၃၀၀ခန့်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ တရုတ်နိုင်ငံသို့ ပရဆေး တင်ပို့မှု ပိုမိုလာပါတယ်။

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းကတော့ အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၄သန်း တန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်နီးပါး တင်သွင်းလာခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ဝါဂွမ်း

### မူဆယ်မှ ဝါဂွမ်းရော ပိုးအိမ်ပါတင်ပို့ပြီး မောင်တောမှ လဲမှို့တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ် ရေး ဇုန်မှ အောက်တိုဘာ ၁ရက်မှ ၇ရက်အထိ သီတင်းပတ် အတွင်း အမေရိကန်ဒေါ်လာ ၁၇၁၁၆၀ တန်ဖိုးရှိ ငွေချည်-၆- ဝါဂွမ်း ၇၈တန်နီးပါး တင်ပို့ခဲ့သလို အမေရိကန်ဒေါ်လာ ၁၉၀၀၆ တန်ဖိုးရှိပိုးအိမ် ၄တန်ခွဲကိုလည်း တင်ပို့နိုင်ခဲ့ ပါတယ်။ စက်တင်ဘာလမှာ ဝါဂွမ်း ၄၅ တန်ခွဲသာ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံက ယခုလို ပုံမှန်ဝယ်ယူမှု ကြောင့် ဝါစိုက်သူ တောင်သူတွေအတွက် အခြေအနေ ကောင်းလာတယ်လို့ တံတားဦးမြို့နယ်မှ ဝါစိုက်သူ တောင်သူ တစ်ဦးက ပြောကြားပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၃၀၉၉ တန်ဖိုးရှိ လဲမှို့ (အစေ့ပါ) ၄တန်နီးပါး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ၂၀၁၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို ၃ ဒသမ ၂ ရာခိုင်နှုန်းသို့ တိုးမြှင့်ခန့်မှန်း

ထိုင်းနိုင်ငံ၏ ၂၀၁၆ ပထမနှစ်ဝက် စီးပွားရေး တိုးတက်မှုသည် ၃ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့သောကြောင့် ၂၀၁၆ ခုနှစ်အတွက် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခင်က သုံးရာခိုင်နှုန်းရရှိမည်ဟု ခန့်မှန်းခဲ့ရာမှ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ၃ ဒသမ ၂ ရာခိုင်နှုန်းသို့ တိုးမြှင့်ခန့်မှန်းထားပါသည်။ အစိုးရ၏အသုံးစရိတ် များတိုးတက်ခြင်းနှင့် နိုင်ငံရေးတည်ငြိမ်မှုရရှိခဲ့ ခြင်းများကြောင့် တိုးမြှင့်ခန့်မှန်းခဲ့ခြင်းဖြစ်ကြောင်း ADB ဘဏ်၏ အကြီးတန်းစီးပွားရေးပညာရှင် Luxmon Attapich ကပြောကြားခဲ့ပါ သည်။

ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုနိုင်ခဲ့သည့် နောက်တွင် ပုဂ္ဂလိက ကဏ္ဍယုံကြည်မှုမြင့်တင်နိုင်ခြင်းနှင့် အစိုးရ၏ အခြေခံ အဆောက်အအုံစီမံကိန်းများ ဆက်လက်၍ အကောင်အထည်ဖော်ရန် အလားအလာကောင်းမွန်စေခဲ့သဖြင့် တိုင်းပြည်၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခုနှစ် ပထမသုံးလပတ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယသုံးလပတ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းရရှိခဲ့ပြီး ဒုတိယနှစ်ဝက် တိုးတက်မှုသည် ၃ ဒသမ ၄ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ထို့ကြောင့် ထိုင်းဗဟိုဘဏ်သည်လည်း အာရှဖွံ့ဖြိုးရေးဘဏ်နည်းတူ ၂၀၁၆ ခုနှစ် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုး တက်မှုကို ၃ ဒသမ ၂ ရာခိုင်နှုန်းသို့ တိုးမြှင့်ခန့်မှန်းထားပါသည်။

ထိုင်းနိုင်ငံ၏ ပို့ကုန်သည် ယခုနှစ်ပထမရှစ်လတွင် တိုးတက်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်အတွက် ကျဆင်းမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၇ ခုနှစ်တွင် တစ်ရာခိုင်နှုန်း တိုးတက်မှုရရှိမည်ဟု ADB ကခန့်မှန်းခဲ့ပါသည်။ ထို့အပြင် ထိုင်းဗဟိုဘဏ်ကလည်း ယခုနှစ်အတွင်း ထိုင်းပို့ကုန်မှာ တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ခန့် မှန်းထားပါသည်။

ADB ဘဏ်သည် ၂၀၁၇ ခုနှစ် အတွက် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ၃ ဒသမ ၅ ရာခိုင်နှုန်းရရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း အမေရိကန်ရွေးကောက်ပွဲ အခြေအနေ၊ အီးယူမှဗြိတိန်နုတ်ထွက်ခြင်း (Brexit)နှင့် နှေးကွေးနေသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးအခြေအနေများသည် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ထိခိုက်မှုရှိ နိုင်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ရော်ဘာ

### ရော်ဘာဈေး အတက်အကျအနည်းငယ်သာရှိ

အောက်တိုဘာပထမပတ်ဖြစ်တဲ့ ၁ ရက်မှ ၇ ရက်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၉၄ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၁၅၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS1၊ ၂၄၃ တန် ကျော် RSS3 ၆၀၇ တန်၊ RSS5 ၁၂၄ တန်၊ MSR20 ၃၅ တန်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန် ၁၅၀ တင်ပို့ ခဲ့တာ ဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၄၁ တန်ပိုမိုတင်ပို့ နိုင်ခဲ့ ပါတယ်။ ယခုတစ်ပတ် ပြည်တွင်းရော်ဘာဈေးမှာ မော်လမြိုင်ဒေသတွင် RSS3 တစ်တန်ကျပ် ၁၄ ဒသမ ၅၅ သိန်းနဲ့ RSS5 တစ်တန်ကျပ် ၁၂ ဒသမ ၃၄ သိန်းဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးကတော့ RSS3 တစ်တန်ကိုကျပ် ၁၆ ဒသမ ၅၃ သိန်း ဖြစ်ပြီး ယခင်တစ်ပတ်ဈေးထက်တစ်တန်ကို၈၆၆၄၅ကျပ်ခန့်ဈေး တက်လာကြောင်း သိရပါတယ်။

အောက်တိုဘာ ၂ ရက်မှ ၈ ရက် အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၈၄၇၅၀ တန်ဖိုးရှိ ရော်ဘာ MSR20 ၇၂ တန်ကို မလေးရှားနိုင်ငံ သို့ တင်ပို့ခဲ့ပါတယ်။ ပင်လယ်ရေ ကြောင်း ကုန်သွယ်မှုမှ ယခင်တစ်ပတ်ကရော်ဘာတင်ပို့မှု မရှိခဲ့ပါဘူး။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေး အတက်အကျ အနည်းငယ်သာရှိပါတယ်။ ဒါကြောင့်ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးကိုလည်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ယခင်တစ်ပတ်ဈေးအတိုင်း ထုတ်ပြန်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ကွမ်းသီး



### အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့မှု လျော့ကျ

အောက်တိုဘာ ပထမပတ် အတွင်း မြန်မာ - အိန္ဒိယ နယ်စပ်ရှိ ကုန် သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၁ဒသမ ၄၄၁သန်း တန်ဖိုးရှိ ကွမ်းသီးတန်ချိန် ၁၅၀၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၂၀၀၀ နီးပါး တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၄၀၀ နီးပါး လျော့နည်းတင်ပို့ ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

တင်ပို့မှု အခြေအနေကို ကြည့်ပါ က တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၈၈၂သန်း တန်ဖိုးရှိ ကွမ်းသီး ၉၀၄ တန်နဲ့ ရိဒ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၅၅၉ သန်း တန်ဖိုးရှိကွမ်းသီးတန်ချိန် ၆၀၀ ကျော်ကို အသီးသီး တင်ပို့နိုင်တယ်လို့ သိရ ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၃၄၀သန်း တန်ဖိုးရှိ စီးကရက်၊ နန့်ဖာလုံကုန်စုံ၊ ငါးလေး ခြောက်နဲ့ အုန်းသီးတို့ကို တန် ၈၀ ကျော်တင်ပို့ခဲ့ပြီး ရိဒ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၉ သန်းတန်ဖိုးရှိ မုန့်မျိုးစုံ၊ စီးကရက်၊ပလတ်စတစ်အိတ်၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ ဆေးရိုး၊ ငါးသေတ္တာ၊ ဆေးကြေမှုန့်တို့ကို တန်၈၀၀ ကျော် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများအပေါ် ပါမောက္ခ (ဂျာယာတီဂိုရှ်) အမြင်

ခင်မောင်ညို (ဘောဂဗေဒ)

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ ဂျဝါဟာလာနေရူးတက္ကသိုလ်မှ ပါမောက္ခဂျယာတီဂို့ရှ် (Jayati Ghosh) က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစိန်ခေါ်မှုများကို အခြားဖွံ့ဖြိုးဆဲနိုင်ငံများမှ သင်ခန်းစာများနှင့်ထင်ဟပ်ပြီး ဆွေးနွေးခဲ့သည်။

ပထမဦးစွာဖွံ့ဖြိုးရေး၏ အဓိပ္ပာယ်ကို ပြန်လည်ဖွင့်ဆို ရှင်းပြ သည်။ ဖွံ့ဖြိုးမှုကို လူသားနှင့်လူမှုတိုးတက်မှုအဖြစ်၊ အမျိုးမျိုးဖော်ပြ ကြသည်။ ယခင်က တိုင်းပြည်ဝင်ငွေ (ဂျီဒီပီ) တိုးတက်မှုတစ်ခုတည်းကိုသာ အခြေခံပြီး ခပ်လွယ်လွယ် ခပ်ရိုးရိုးပြောခဲ့ကြသည်။ ယခုအခါ လူသားဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ဘက်ပေါင်းစုံက နက်နက်ရှိုင်းရှိုင်း ချဉ်းကပ်လာကြသည်။ လွတ်လပ်မှု၊ လူ့အခွင့်အရေးများ တိုးတက်ရရှိမှု၊ လူသားတို့၏ စွမ်းရည်များ မြင့်မားတိုးတက်လာမှု အစရှိသည်ဖြင့် ဖော်ပြကြသည်။ ပါမောက္ခဂို့ရှ်က ဖွံ့ဖြိုးမှု၏ အခြေခံအဖြစ် နိုင်ငံစီးပွားရေးတွင် ထုတ်လုပ်မှု ပုံသဏ္ဍာန် ထုတ်လုပ်မှုစွမ်းအားရှိစွာ ဖြန့်ကြက်ခြင်း ဤသို့ဖြင့် ဆင့်တိုးတန်ဖိုး (Value added) ပိုမိုမြင့်မားသော လုပ်ရပ်များ ဖြစ်ပေါ်လာခြင်း အဖြစ်ရှုမြင်သည်။ တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှုဆိုသည်မှာ ထုတ်လုပ်မှုစွမ်းအားရှိသော အသွင်ပြောင်းလဲခြင်း (productive transformation) ပင် ဖြစ်သည်ဟု သူကဆင်ခြင်သုံးသပ်သည်။

ထိုသို့ဆိုရာတွင် အလုပ်လုပ်သူများ ကဏ္ဍတစ်ခုမှ တစ်ခုသို့ လည်းကောင်း၊ စီးပွားရေးကဏ္ဍတစ်ခုအတွင်း အလုပ်လုပ်ခြင်းကြောင့် တန်ဖိုးပိုမိုမြင့်မားစေနိုင်သော လုပ်ငန်းခွင်သို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများလည်း ပါဝင်သည်။

သမားရိုးကျပုံစံဖြစ်သော ပါမောက္ခကုဇနက်၏ စီးပွားရေး အဆောက်အအုံ ပုံသဏ္ဍာန် ပြောင်းလဲသည့် ပုံစံဖြင့် ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံကို လေ့လာကြည့်ရှုနိုင်သည်။ ထိုသို့ လေ့လာသည့်အခါ ဂျီဒီပီတွင် အခြေခံထုတ်လုပ်မှုကဏ္ဍ၏ အချိုးအစားနှင့် လုပ်သား အချိုးအစားတို့ (၁၉၆၃ - ၂၀၀၅) ကာလအတွင်း ကျဆင်း သွားကာ စက်မှုလက်မှုကဏ္ဍ၏ ဂျီဒီပီနှင့် လုပ်သားအင်အားတွင် အရေးပါမှု မြင့်မားတိုးတက်လာသည်ကို တွေ့ရသည်။ ထိုသို့သော တိုးတက်ဖြစ်ထွန်းမှု ပေါ်ပေါက်လာရန် ရှင်းလင်းပြတ်သားသော မဟာဗျူဟာများ ရှိရမည်ဟု ပါမောက္ခဂို့ရှ်က ယူဆသည်။ သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူများအကြားတွင် ညှိနှိုင်းတိုင်ပင်မှုရှိသော စီမံကိန်း ချမှတ်မှုရှိရမည်။ ကုန်သွယ်ရေးနှင့်စက်မှုလက်မှုမူဝါဒများ၊ လူမှုရေးမူဝါဒများ၊ အထူးသဖြင့် တိုက်ရိုက် ချေးငွေပေးရေးနှင့် ပတ်သက်သော ဘဏ္ဍာရေးမူဝါဒများ ရှိရမည်။ ထိုအချက်များက အစိုးရ၏အခန်းကဏ္ဍသည် အရေးကြီးကြောင်း ညွှန်ပြနေသည်။ သို့ဖြစ်၍ အစိုးရ၏ လုပ် ဆောင်မှုများနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာသုံးစွဲမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြင်သာ ထင်သာရှိရန်၊ ဒီမိုကရေစီ သဘောအရဆုံးဖြတ်ရန် လူမှုရေးအမြင် အရ တာဝန်ယူမှု-တာဝန်ခံမှုရှိရန် အရေးကြီးသည်။

ထို့ပြင် ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဆိုင်ရာ မူဝါဒများချမှတ်ပုံ သာဓကအချို့ကို ပါမောက္ခကုဇနက်ကဖော်ပြသည်။ အင်ဒိုနီးရှားရှိ ရေနံလုပ်ငန်း၊ ဖိလစ်ပိုင်ရှိ သတ္တုတွင်းလုပ်ငန်းများကဲ့သို့ အဆင့်မြင့် လုပ်ငန်းများ၊ အစိတ်အပိုင်းများ ထုတ်လုပ်သည့် လုပ်ငန်းများတွင် ပြည်တွင်းထွက်ကုန် အချိုးအစားမည်မျှ ပါဝင်ရမည်ဟု သတ်မှတ်ထားသည်။ ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချသော ကုန်ပစ္စည်းများကို တင်ပို့ခွင့် ပိတ်ပင်ခြင်း၊ အခွန်ကောက်ခြင်းများ ပြုလုပ်ပုံကို ကွန်ဂိုနှင့် ဒိုမီနီကန် သမ္မတနိုင်ငံတို့ကို ဥပမာပြုသည်။ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍအပါအဝင် စီးပွားရေးကဏ္ဍအားလုံး၌ အသေးစားနှင့် ပုဂ္ဂလိကလုပ်ငန်းငယ်များ ရှင်သန်နိုင်ရေးကို ဦးတည်၍ အခြေခံ အဆောက်အအုံများ ဖန်တီးပေးခြင်း၊ ချေးငွေနှင့် သွင်းအားစုများရရှိ စေခြင်း၊ အရောင်းမြှင့်တင်နိုင်စေရန် ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်သည်။ လုပ်ငန်းတုများ၊ လုပ်ငန်းငယ်များကို စုစည်း၍ ကျယ်ပြန့်လာသည်နှင့်အမျှ စရိတ် သက်သာရာရအောင် ဖန်တီးပေးသည်။



မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံ အသင်းကြီးက ခွင့်ပြုထားသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် သက်သာခွင့်များကို ရယူခံစားနိုင်သည်။ သို့သော် သဘောတူစာချုပ်အသစ်များ လက်မှတ်ရေးထိုးရာတွင် မူဝါဒအရ လုပ်သာကိုင်သာရှိစေရန် အထူးသတိထားသင့်သည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သော နိုင်ငံများနှင့်အငြင်းပွားမှု ဖြေရှင်းရေးကိစ္စရပ်များကို အိန္ဒိယနိုင်ငံကဲ့သို့သော နိုင်ငံများထံမှ အတုယူကာ သတိထားဆောင်ရွက်သင့်သည်။

လူမှုရေးဆိုင်ရာမူဝါဒများကို ဖွံ့ဖြိုးရေးမူဝါဒအဖြစ် ထည့်သွင်း စဉ်းစားရေးဆွဲရန်လည်း ပါမောက္ခက အကြံပြုသည်။ အာဟာရပြည့်ဝရေး၊ သန့်ရှင်းရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို အထူးဦးစားပေးကာ အခြေခံဝန်ဆောင်မှုများကို ပြည်သူလူထုအားလုံး ကျယ်ကျယ်ပြန့်ပြန့် ခံစားနိုင်ရေးအတွက် ချဲ့ထွင်ဆောင်ရွက်ပေးရန်လည်း အကြံပေးသည်။ သာဓကအနေဖြင့် ဆွီဒင်၊ နော်ဝေ၊ ဒိန်းမတ်နှင့် ဖင်လန်နိုင်ငံတို့တွင်လည်းကောင်း၊ အောင်မြင်သော အာရှစက်မှု နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်နှင့်အရှေ့အာရှရှိ ထွန်းသစ်စ စက်မှုနိုင်ငံတို့၌လည်းကောင်း ထိုသို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ယင်းကဲ့သို့ ဆောင်ရွက်မှုများကြောင့် ရုပ်ဝတ္ထုနှင့် လူမှုအခြေအနေများသာမက ကျား-မ တန်းတူညီမျှရေးကိုပါ ကောင်းမွန်လာစေနိုင်ပါသည်။ ဆင့်ပွားအကျိုးသက်ရောက်မှုများကြောင့် အလုပ်အကိုင်နှင့် စီးပွားရေးတိုးတက်မှုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော နည်းအားဖြင့်သော်လည်းကောင်း၊ အပြုသဘော အကျိုးသက်ရောက်မှုများဖြစ်စေနိုင်သည်။ စီးပွားရေးဖွံ့ဖြိုးမှု မြန်ဆန်ခြင်းကြောင့် ပေါ်ပေါက်လာတတ်သော လူမှုတင်းမာမှုများကို ဖြေရှင်းရန်အတွက်လည်း အထောက်အကူဖြစ်စေနိုင်သည်ဟု သူကဆိုသည်။

ဈေးသင့်တင့်သော၊ အတန်အသင့် အရည်အသွေးကောင်းသော အိမ်ရာများ၊ လမ်းများ၊ အခြေခံစားသောက်ကုန်၊ ကျောင်းပညာရေးနှင့် အခြေခံ ကျန်းမာရေးစောင့် ရှောက်မှုများကို ဖြည့်ဆည်းပေးခြင်းအားဖြင့် အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းကို မြင့်မားစေကာ ကျန်းမာကြံ့ခိုင်သော အလုပ်သမားများ ဖြစ်လာကြပြီး လုပ်ငန်းရှင်များအတွက်လည်း လုပ်အားခ အကုန်အကျ ခံရမှု၊ သက်သာသွားစေနိုင်သည်။ ထုတ်လုပ်သူများအနေဖြင့် ပုံသေစရိတ်မှ အချိုးအစားအများစုကို ထိထိရောက်ရောက် လျှော့ချနိုင်သဖြင့် ပြိုင်ပဈေးကွက်တွင် ပြိုင်ဆိုင်ရာ၌ပို၍ လုပ်သာကိုင်သာရှိသော အခြေအနေမျိုးကို ဖြစ်စေနိုင်သည်။

ဝင်ငွေပုံမှန်ရရှိရေးကို အာမခံနိုင်သော ပြည်သူအားလုံးအတွက် အခြေခံကျသော လူမှုဝန်ဆောင်မှုများ ရရှိစေသော၊ လူမှုရေးမူဝါဒများကို ပေါင်းစပ်ချမှတ်သင့်သည်။ အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများကို အထူးအာရုံစိုက်ပြီး သူတို့၏ ဘဝတစ်လျှောက် ကာကွယ်စောင့်ရှောက်ခြင်း၊ လုပ်ပိုင်ခွင့်ပြုခြင်းများလုပ် ပေးသင့်သည်။ အာမခံချက်ပေးရာတွင် ငွေသားအနေဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ အသက်ကြီးသူများ၊ မသန်စွမ်းသူများအတွက် ပင်စင်ပေးခြင်း၊ ကလေးငယ်များအတွက် အကျိုးခံစားခွင့်ပေးခြင်း၊ အလုပ်လက်မဲ့နှင့် ဆင်းရဲသော အလုပ်သမားများအတွက် ဝင်ငွေကို ဖြည့်ဆည်းပေးသည့် အကျိုးခံစားခွင့်များ၊ ဝန်ဆောင်မှုများပါဝင်သည်။ ၎င်းတို့ လက်လှမ်းမီနိုင်သည့် လူမှုဝန်ဆောင်မှုများကို အားလုံးရယူနိုင်စေရန် ဆောင်ရွက်ရာတွင် အခြေခံကျသည့် ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေး၊ ပညာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အိမ်သာနှင့် အခြားနိုင်ငံ၏ ဦးစားပေးအစီအစဉ်အရ သတ်မှတ်ထားသော နယ်ပယ်များလည်း ပါဝင် သည်။ လူမှုကာကွယ်ရေးမဟုတ်သော်လည်း လုပ်ခရသော အလုပ်အကိုင်များ ဖန်တီးပေးရန် လိုအပ်သည်။

အထက်ပါ ၎င်း၏အဆိုပြုချက်များအတိုင်း ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအနေဖြင့် တတ်နိုင်ခြင်း၊ ဖြစ်နိုင်ခြင်း ရှိ မရှိ ပါမောက္ခက မေးခွန်းထုတ်ထားသည်။ စွမ်းအားစုအကန့်အသတ်ဖြင့် ရှိနေသော နိုင်ငံများ၌ပင် အခြေခံလူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ် များသည် တိုင်းပြည်ဝင်ငွေ၏ အနည်းငယ်မျှသော အချိုးအစားသာ ကုန်ကျသည်။ ဘီနင်၊ အယ်ဆာဗေးဒါး မိုဇမ်ဘစ်နှင့် ဗီယက်နမ်တို့ ကဲ့သို့သော လူမှုစောင့်ရှောက်ရေးတွင် အဓိကကျသည့် အစီအစဉ် များရှိသည့် နိုင်ငံများ၌ပင်လျှင် စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ၏ တစ်ရာခိုင်နှုန်း - နှစ် ရာခိုင်နှုန်းမျှသာ ကုန်ကျသည်။ ဤပမာဏသည် ချမ်းသာကြွယ်ဝသူများထံမှ ထိထိရောက်ရောက်ကောက်ခံခြင်း မပြုနိုင်သော အခွန်များ၊ လေလွင့်နေသော အသုံးစရိတ်များကို မဖြေရှင်းနိုင်ခြင်းတို့နှင့် နှိုင်းယှဉ်လျှင် အလွန်တရာမှ သေးငယ်လှသည်။ ဤစီမံကိန်းများသည် ရေရှည်တွင် ကုန်ကျကျိုးနပ်သည်။ လုပ်သားများ၏ ထုတ်လုပ်မှုစွမ်းအားကို တက်စေနိုင်ခြင်း၊ လူ့အဖွဲ့အစည်းပိုမိုကြံ့ခိုင်လာခြင်းနိုင်ငံရေး တည်ငြိမ်မှုရှိခြင်းဟူသော အကျိုးကျေးဇူးများကို ခံစားရစေနိုင်သည်။

အခွန်အကောက်မှ ရငွေတိုးလာခြင်း၊ သယံဇာတများမှ ရရှိသော အကျိုးစီးပွားများကို ပိုမို၍ ဖိဖိစီးစီးဆောင်ရွက်ခြင်းတို့ဖြင့် လုပ်သာကိုင်သာရှိသော ဘဏ္ဍာရေးအခြေအနေတစ်ရပ်ကိုဖြစ်ပေါ်စေနိုင်ပါသည်။ အများပြည်သူ ရင်းနှီးမြှုပ်နှံမှုတိုးပွားလာခြင်းကြောင့် ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုများကို လျှော့ပါးသွားစေနိုင်သည့်အပြင် ပို၍ပင် တိုးပွားလာစေနိုင်သည်။ အထူးသဖြင့် ပြည်သူပိုင်ကဏ္ဍ၊ ရုပ်ပိုင်းနှင့် လူမှုရေးအခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံလျှင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများပါ ထပ်ချပ်မကွာ လိုက်ပါလာစေနိုင်သည်။ တိကျသော အခွန်အကောက်များ သတ်မှတ်ခြင်း၊ အခွန်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန် လာစေခြင်း၊ အခွန်ကိုလိုလိုလားလား ပေးဆောင်လာစေခြင်းနည်း များဖြင့် တိုက်ရိုက် အခွန်ကောက်ခံရရှိမှု ပိုမိုတိုးပွားလာစေနိုင်သည်။

စာမျက်နှာ (၂၄)သို့ ➤

# သွင်းကုန်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာတို့တွင် ဖော်ပြထားသည်နှင့် ကွဲလွဲတင်သွင်းလာသည့် ကုမ္ပဏီနှစ်ခုအား စစ်ဆေးအရေးယူ

အကောက်ခွန်ဦးစီးဌာနသည် ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် သွင်းကုန်လိုင်စင်ခွင့်ပြုချက်၊ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသည့် သွင်းကုန်ကြေညာလွှာတို့တွင်ပါရှိသည့် အချက်များနှင့်ကွဲလွဲ တင်သွင်းလာခြင်းနှင့် ပိုမို တင်သွင်းလာခြင်းတို့အား စစ်ဆေးတွေ့ရှိခဲ့ရသည့် CMP ပစ္စည်းများအား တင်သွင်းလာသည့် ကုမ္ပဏီနှစ်ခုအား စစ်ဆေး အရေးယူလျက်ရှိကြောင်း အကောက်ခွန်ဦးစီး ဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါကုမ္ပဏီနှစ်ခုမှာ East Growth Garment Co., Ltd. နှင့် Tek Nay Wunn Ni Manufacturing Co., Ltd. တို့ဖြစ်ကြောင်း သိရသည်။

East Growth Garment Co., Ltd. သည် စက်တင်ဘာ ၂၉ ရက်က မြန်မာစက်မှုဆိပ်ကမ်း(MIP) ကုန် သေတ္တာစစ်ဆေးရေးစခန်း၌ ID NO. 174420(၁၆-၉-၂၀၁၆) ဖြင့် ကြေညာ တင်သွင်းလာသော ကုန်သေတ္တာအမှတ် (MRKU-3608148) (ပေ-၄၀) အား စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားသည့် 100% Nylon Fabric(Print, Plain)(49804 Meters) ဟု ကြေညာထားသော်လည်း ကြေညာထားသည်ထက် 27000 Meters ပိုမိုတင်သွင်းလာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အမှုတွဲဖွင့် လှစ်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ Tek Nay Wunn Ni Manufacturing Co., Ltd. သည် စက်တင်ဘာလ ၃၀ ရက်တွင် ထီးတန်းဆိပ်ကမ်း၌ ID No.176868 (၂၁-၉-၂၀၁၆) ဖြင့်ကြေညာတင်သွင်းလာသော ပိတ်လိပ်များအား စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြ ကြေညာထားခြင်းမရှိသည့်ခန့်မှန်းတန်ဖိုး ကျပ် သိန်း ကိုးဆယ် တန်ဖိုးရှိ Polyester Tricot Mesh Fabric မီတာ ၆၅၀၀ အား ပိုမိုတင်သွင်းလာသဖြင့် အမှုတွဲဖွင့်လှစ်ကာ စစ်ဆေး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သွင်းကုန်လုပ်ငန်းရှင်များအနေ ဖြင့် မိမိတို့မူလ လျှောက်ထားသည့်သွင်း ကုန်လိုင်စင်တွင်ဖော်ပြထားသည့် အရေ အတွက်၊ ပမာဏအတိုင်းသာတင်သွင်းကြရန်နှင့် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသည့်သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားသည့် အတိုင်းသာ တင်သွင်းကြရေးအတွက် သတိပြုဆောင် ရွက်ကြရန် လိုအပ်ကြောင်း သိရှိရသည်။




## အနည်းဆုံးကျပ်သိန်း ၉၀ကျော်မှ ကျပ်သိန်း ၁၂၀အထိ တန်ကြေးရှိသည့် တန်ဖိုးနည်းအိမ်ရာအရောင်းပြပွဲ ကျင်းပမည်

အနည်းဆုံးကျပ်သိန်း ၉၀ ကျော် မှကျပ်သိန်း ၁၂၀အထိ တန်ကြေးရှိသည့် တန်ဖိုးနည်းအိမ်ရာအရောင်းပြပွဲကို ရန်ကုန်မြို့ရှိ MICT Park တွင် အောက်တိုဘာလ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအိမ်ရာအရောင်းပြပွဲကို House.com.mm မှကြီးမှူး၍ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ယင်းတန်ဖိုးနည်းအိမ်ရာအရောင်းပြပွဲတွင် အိမ်ခန်းပေါင်း ၂၂၀၈ ခန်းကို ရောင်းချမည်ဖြစ်ပြီး အိမ်ခန်းဝယ်ယူလိုသူများအနေဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဘဏ်နှင့်ချိတ်ဆက်ကာ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

အိမ်ခန်းဝယ်ယူလိုသူများသည် အိမ်ခန်းတန်ဖိုး၏ ၃၀ရာခိုင်နှုန်းကို ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေများကို ရှစ်နှစ်အရစ်ကျပေးသွင်းရမည်ဖြစ်ကြောင်း၊ တိုက်ခန်း၏တန်ဖိုးအကြေပေးသွင်းပြီးမှသာ တိုက်ခန်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများအား ပေးအပ်မည်ဖြစ်ကြောင်း၊ တိုက်ခန်းနှစ်ရှည်အရစ်ကျပေးသွင်းနိုင်ရန်အတွက် စီစဉ်လျက်ရှိပြီး ၁၅နှစ်အရစ်ကျပေးသွင်းနိုင်ရန် စီစဉ်လျက်ရှိကြောင်း ဆောက်လုပ်ရေးနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တန်ဖိုးနည်းတိုက်ခန်းများကို လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ဗန်းအိမ်ရာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဒဂုံဆိပ်ကမ်းအိမ်ရာများအား ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါတန်ဖိုးနည်းအိမ်ရာများ၏တန်ဖိုးမှာ အပေါ်ဆုံးထပ်သည် ကျပ် ၉၇ သိန်းရှိပြီး မြေညီထပ်သည် ကျပ်သိန်း ၁၂၀ရှိကြောင်း သိရသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိရာ ယခုရောင်းချမည့်တန်ဖိုးနည်းအိမ်ရာများအပြင် သန်လျင်မြို့နယ်၌ အောင်ချမ်းသာအိမ်ရာနှင့်သီလဝါတန်ဖိုးနည်းအိမ်ရာတို့ကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောကြားခဲ့သည်။

## ရန်ကုန်ကားဈေးကွက် ဈေးမကျသော်လည်း အရောင်း အဝယ်ရှိလာ

သီတင်းကျွတ်ကာလအတွင်း ရန်ကုန်မြို့ ကားဈေးကွက် အခြေအနေမှာ ယခင်ရက်သတ္တပတ်များနှင့်စာလျှင် အရောင်းအဝယ်ပြန်ရှိလာပြီး ကားအရောင်းစင်တာများတွင်လည်း အမေးရှိလာကြောင်း သိရှိရသည်။

သီတင်းကျွတ် ကျောင်းပိတ်ရက်ကာလနှင့် တိုက်ဆိုင်နေသဖြင့် ကားပွဲစားတန်းများနှင့် အခြား နေရာများတွင် လူ အဝင်၊ ထွက် ကျဲပါးပုံရှိနေသော်လည်း အချင်းချင်း ကြိုက် ရောင်း၊ ကြိုက်ဝယ် လက်သိပ်ထိုးအရောင်းများဖြင့် အရောင်း အဝယ်များရှိနေကြောင်း၊ ကျောင်းပိတ်ရက်များရှိသဖြင့် နယ်ဝယ်လက်များ ဆင်းလာကာ ရန်ကုန်မြို့တွင် ဝယ်စီးသမားများလည်း ပြန်ရှိလာသဖြင့် ယခုတလော အရောင်းအဝယ်မဆိုးလှကြောင်း ဝါရင့် ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ယခုလလဆန်းပိုင်းတွင် ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့မှ ခရီးသည်တင်ယာဉ်များ အဆင့်မြှင့်တင်ရာမှ ယာဉ်အိုယာဉ်ဟောင်း ဘတ်(စ်)ကားများ ပြန်လည်အပ်နှံသွားရေး ဆောင်ရွက်ရာတွင် ယာဉ်ပိုင်ရှင်များ နစ်နာမှုမရှိစေရေးအတွက် အပ်နှံဘတ်(စ်)ကားများအစား လူစီးယာဉ်တင်သွင်းခွင့် ပြုမည်ဟု သတင်းထုတ်ပြန်ခဲ့သဖြင့် သိန်း ၁၀၀ အထက် သိန်း ၁၂၀ နီးပါးရောက်ရှိနေသော ယာဉ်ဟောင်းအပ်နှံ စလစ်ဈေးနှုန်း ပြန်လည်ကျဆင်းလာကာ ယခုဆိုလျှင် ၁၀၆ သိန်း၊ ၁၀၇ သိန်းခန့်သာရှိတော့ကြောင်း၊ ယခုနှစ်ကုန်လျှင် စည်းကမ်းသတ်မှတ်ချက်အတိုင်း တင်သွင်းရာနိုင်ငံသို့ပြန်ပို့ရမည့်ကားများ အရေအတွက်များများ ကျန်ရှိနေသေးသော်လည်း ပြည်ပမှထပ်မံတင်သွင်းကားများ ဒေါ်လာဈေး၊ ယန်းဈေးကြီးမြင့်မှုကြောင့် ထပ်မံတင်သွင်းမှု နည်းသွားရာမှ အခြေအနေ အရပ်ရပ်ကြောင့်လတ်တလော စလစ်ဈေး ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်နှစ်ကုန်ခါနီး ရောက်လေစလစ် ဈေးမြင့်လေ ပြန်လည်ဖြစ်ပေါ်လာနိုင်သည်ဟု ယူဆကြောင်း ၎င်းတို့မှ ပြောသည်။

၂၀၁၆ ခုနှစ် ကုန်ဆုံးရန်လက်ကျန်နှစ်လခန့်သာ ကျန်ရှိတော့သဖြင့် ကားလောကအတွင်းရှိ လူများမှာ ၂၀၁၇ ခုနှစ် ထုတ်ပြန်မည့် မော်တော်ယာဉ်မူဝါဒအသစ်ကို စိတ်ဝင်စားနေပြီး ကားဈေးပိုမိုမြင့်တက်လာနိုင်သည်ဆိုသည့်အကြား သတင်းများကြောင့် လတ်တလော လိုအပ်သူများ အချိန်မစောင့်ဆိုင်းနိုင်တော့ဘဲ ဝယ်ယူစီးနင်းမှုရှိလာသဖြင့် အင်ဂျင်ပါဝါကြီး အလယ်အလတ်ကားများဖြစ်သော ပါဂျဲရိုး၊ ပါရာဒို၊ ကလူဂျာ၊ အာလ်ဖတ်၊ ဝှစ်ရှ် စသည့် ကားများနှင့် ဟွန်ဒါဖစ်၊ အေဒီဗင်၊ ပရိုဘောက်၊ မာဇဒါကားလေးများ အရောင်း အဝယ် ပြန်ရှိလာကြောင်း သိရသည်။ SN

### ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အေဒီဗင် (1.5)(၂၀၀၉) | 5H | ၁၁၅ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | မတ်(ခ်)တူး (၂၀၀၂) | 5K | ၂၁၀ သိန်း | 2.0 ဓာတ်ဆီ |
| ၃။ | ဝှစ်ရှ်(၂၀၀၃) | 9I | ၁၉၀ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | အာလ်ဖတ် (၂၀၀၂) | 3G | ၂၆၀ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ၊ ပဲခူးလိုင်စင် |
| ၆။ | ဒီမီယို (၂၀၀၉) | 7K | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ဟွန်ဒါဖစ် (၂၀၁၃) | ယာယီ | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ မန်းလိုင်စင် |
| ၈။ | ကရောင်းဆလွန်း (၂၀၀၄) | ယာယီ | ၃၅၀ သိန်း | 3.0 ဓာတ်ဆီ |
| ၉။ | ကလူဂျာ (၂၀၀၂) | 9D | ၂၄၀ သိန်း | 2.4 ဓာတ်ဆီ |
| ၁၀။ | အပ်ကား | ၂၀ နှစ် | ၉၈ သိန်း | |

# ပုသိမ်မြို့တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုသင်တန်း ဖွင့်လှစ်

မြန်မာနိုင်ငံမှ မျိုးဆက်သစ်ခေတ်ပညာတတ်လူငယ်များနှင့် ဟိုတယ်လုပ်ငန်းရှင်များအား နိုင်ငံတကာအဆင့်မီ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုပညာရပ်များကို သိရှိနားလည်စေရန် ရည်ရွယ်၍ ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသင်တန်း (Hotel Operation Carrer -Basic Level) ကို အောက်တိုဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ ပုသိမ်မြို့ရှိ ITEC ခန်းမတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ထိုင်းနိုင်ငံရှိ The Treagury Village Group မှ တွဲဖက်စီမံခန့်ခွဲရေးညွှန်ကြားရေးမှူးဖြစ်သူ ဦးကျော်ကျော်နိုင်ကလာရောက်သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။ သင်တန်းတွင် စာတွေ့သာမက ပုသိမ်ဟိုတယ်တွင် လက်တွေ့ကွင်းဆင်းလေ့လာရေးအစီအစဉ်ကိုပါ ပူးတွဲပြုလုပ်စေခဲ့ကြောင်း သိရသည်။

ထို့ပြင် သင်တန်းတွင် ထူးချွန်သူများအားလည်း ထိုင်းနိုင်ငံ၊ ဖူးခက်မြို့ရှိ ကြယ်လေးပွင့်အဆင့်ဟိုတယ်တွင် လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံများအား လေ့လာနိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

ARCCI ရုံးသို့ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများလာရောက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍကို စိတ်ဝင်တစားမေးမြန်းလျက်ရှိကြောင်း၊ ဟိုတယ်လုပ်ငန်းနှင့်ပတ်သက်၍ ဟိုတယ်ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းခန့်အပ်ထားမှု၊ ဝန်ဆောင်မှုကဏ္ဍများတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ကြောင်း၊ နောင်အနာဂတ်တွင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ယှဉ်ပြိုင်နိုင်ရန် ယခုကတည်းက ကြိုတင်သိရှိထားရမှာဖြစ်ကြောင်း ARCCI မှ အဖွဲ့ဝင်ဦးထွန်းဇံဖြိုးက ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ပုသိမ်ဟိုတယ် မန်နေဂျာအပါအဝင် အဆိုပါဟိုတယ်မှ ဝန်ထမ်းများ၊ ဟိုတယ် လုပ်ငန်းရှင်သစ်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို စိတ်ဝင်စားသည့်လူငယ်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**မင်းမင်းဦး**

## HPA - AN AND THAILAND Expo – 2016 usify

ရန်ကုန်အခြေစိုက် Melikha Services ကုမ္ပဏီ၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့၊သီရိကွင်းတွင် အောက်တိုဘာ ၁၁ ရက်က HPA-AN AND Thailand Expo–2016 ကုန်စည်ပြပွဲအား ကျင်းပခဲ့ကြောင်း၊ ထိုကုန်စည်ပြပွဲကို အောက်တို ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့တယ်လို့ သိရပါတယ်။

ကုန်စည်ပြပွဲတွင် ထိုင်းနိုင်ငံမှ ပြခန်းပေါင်း ၇၀ ဖြင့် လာရောက်ပြသခဲ့ပြီး အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ အိမ်တွင်းအလှ ဆင်ပစ္စည်းများ၊ ပလတ်စတစ် ပရိဘောဂများ၊ ဆောက်လုပ်ရေးနှင့် ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ၊ အလှကုန်နှင့် ဖက်ရှင် အသုံးအဆောင်ပစ္စည်းများ၊ ခန်းဝင်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများနှင့် အခြားအထွေထွေ လူသုံးကုန် ပစ္စည်းများဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် ထိုင်းစားသောက်ဆိုင်များလည်း ပါဝင်ပြသခဲ့ကြောင်း သိရှိရပါ တယ်။ ဒေသခံများမှ ထုတ်လုပ်တဲ့ ကုန်ပစ္စည်းများ၊ ရိုးရာအထည်များ၊ အလှကုန်ပစ္စည်းများကိုလည်း ပြသထားရာ ဒေသခံများက လှည့်လည်ကြည့်ရှုဝယ်ယူအားပေးခဲ့ကြကြောင်း သိရပါတယ်။

ဘားအံမြို့တွင် ယခုကျင်းပပြုလုပ်တဲ့ ကုန်စည်ပြပွဲသည် ပြည်ပမှ ပထမဦးဆုံးပြသသည့် ကုန်စည်ပြပွဲဖြစ်ပြီး လာမယ့်ပွင့်လင်းရာသီအတွင်း ကုန်စည်ပြပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း Melikha Services ကုမ္ပဏီမှ တာဝန်ခံ ဦးအောင်ကြိုင်က ပြောကြားပါတယ်။

**အေးအေးစိုး(ဘားအံ)**




## Panasonic က ဆံပင်နှင့် အလှအပဆိုင်ရာပစ္စည်းများအား မိတ်ဆက်ပြသ

Panasonic ကုမ္ပဏီက အသစ်တီထွင်ထုတ်လုပ်ခဲ့သည့် ဆံပင်နှင့်အလှအပဆိုင်ရာပစ္စည်းများအား မြန်မာနိုင်ငံတစ်ဝန်းတွင် အောက်တိုဘာ ၉ ရက်မှစတင်ကာ ရောင်းချလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၉ ရက်က မြန်မာပလာဇာ၌ ကျင်းပခဲ့သည့် မိတ်ဆက်ပြသသည့်အခမ်းအနားမှ သိရသည်။

အဆိုပါမိတ်ဆက်ပြသသည့် အခမ်းအနားတွင် ဂျပန်နိုင်ငံမှ နာမည်ကြီးဆံပင်ပညာရှင်တစ်ဦးဖြစ်သည့် Shunji Matsuo Hair Studio(Myanmar) မှ Senior International Director Mr. Junichi က Panasonic Hair ထုတ်ကုန်များကို အသုံးပြု၍ဆံကေသာပြုပြင်ထိန်းသိမ်းနည်းများကို ပြသခဲ့ သည်။

Panasonic ကုမ္ပဏီမှထုတ်လုပ်လိုက်သည့် ထုတ်ကုန်များသည် လျှပ်စစ်မီးအတက်အကျကြောင့် ဖြစ်ပေါ်တတ်သည့် ပြဿနာများကို ကာကွယ်ထားပြီး မီးအားဆောင့်တက်လျှင်ဖြစ်စေ၊ မီးအားကျဆင်းလျှင်ဖြစ်စေ အလိုအလျောက် ဖြတ်တောက်ပေးသည့်စနစ်ကို တပ်ဆင်ထားသည့်အတွက် အဆိုပါပစ္စည်းများကိုဝယ်ယူအသုံးပြုသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အသုံးပြုနိုင်ကြောင်း Panasonic Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုရောင်းချလျက်ရှိသည့် Panasonic ၏အသားအရေထိန်းသိမ်းသည့် ထုတ်ကုန်များမှာ Ion ပါဝင်သော မျက်နှာပေါင်းတင်စက် ကျပ် ၁၅၇၀၀၀၊ မျက်နှာအသား အရေအနု စိတ်သန့်စင်စက် ကျပ် ၁၂၄၀၀၀၊ အိုင်းယွန်းပါဝင်သောမျက်နှာသန့်စင် ချောမွေ့စက် ကျပ် ၁၇၀၀၀၀၊ မျက်နှာအအေးကပ်စက် ကျပ် ၁၃၂၀၀၀၊ မျက်နှာနှင့် ခန္ဓာကိုယ်အတွက် အမွေးဓာတ်သုံးရိုလာ ကျပ် ၁၉၅၅၀၀ တို့ဖြစ်သည်။

ထို့ပြင် Panasonic သည် နာနိုနည်းပညာကို အသုံးပြုထားသည့် ဆံကေသာအလှအပဆိုင်ရာပစ္စည်းများကိုလည်း ရောင်းချပေးလျက်ရှိသည်။

ဆံကေသာအလှအပဆိုင်ရာပစ္စည်းများမှာ Styling Straightener ခြောက်မျိုးသုံးနိုင်၍ ပုံစံအမျိုးမျိုးသွင်းနိုင်သည့် ဖြောင့်စက် ကျပ် ၇၈၈၀၀၊ Styling Straightener နှစ်မျိုးရရှိနိုင်သောဖြောင့်စက် ကျပ် ၅၅၅၀၀၀၊ Hot Air Styler ဆံပင်ပုံဖော်ရန် ပစ္စည်းခုနစ်မျိုးပါဝင်သော သာမန်ဆံပင်ပုံသွင်းစက်၊ Styling Brush Iron စွယ်စုံဆံပင်ပုံသွင်းစက် ကျပ် ၃၇၀၀၀ တို့ဖြစ်သည်။

Panasonic မှထုတ်လုပ်သည့် Hair & Beauty Product များကို ဝယ်ယူလိုပါက Panasonic အရောင်းပြခန်းများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၁၇-၁၀-၂၀၁၆ မှ ၂၃-၁၀-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မိမိကိုယ်ကိုယုံကြည်မှုပြည့်ဝပြီး ရည်မှန်းချက်ကြီးမားနေတတ်သည်။ ကြေးနီ၊ ရွှေတို့နှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရှိလာနေတတ်ပါသည်။ ပညာရေးတွင် ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်နေမည်။ ကျန်းမာ ရေးအနေဖြင့် အရိုးသန်မာမှုရှိနေတတ်သော်လည်း သည်းခြေလွန်ကဲသောရောဂါဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ငယ်ချစ်ဟောင်းနှင့် တွေ့ဆုံရခြင်း၊ ငယ်ချစ်ဟောင်း၏ ဆက်သွယ်မှုရရှိခြင်းတို့ရှိလာတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင်ဖယောင်းတိုင်(၁၀)တိုင် ပူဇော်ပြီး လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** လှပသောအရောင်အဆင်းနူးညံ့သိမ်မွေ့သောသဘောထားရှိနေတတ်ပါသည်။ ကောက်ပဲသီးနှံ လယ်ယာလုပ်ငန်း၊ သစ်သီး ဝလံပန်းမန်များ စိုက်ပျိုးခြင်းတို့ဖြင့်လည်း အကျိုးကျေးဇူးရှိနေတတ်ပါသည်။ပညာရေးကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် လေသလိပ်နှင့်ပတ်သက်သော ရောဂါသတိထားသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တူကိုယ်တူ တွေ့ဆုံပျော်ရွှင်မှုများရရှိနေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ဂန္ဓမာပန်း သက်စေ့လှူပါ။**



**အင်္ဂါသားသမီးများအတွက်** သဘောထားကြီးနုပျိုသောရုပ်သဏ္ဌာန်ရှိနေတတ်ပါသည်။ စီးပွားရေးတွင် ဓာတ်သတ္တုလုပ်ငန်း၊ ဟိုတယ်စားသောက်ဆိုင် လုပ်ငန်းများအကျိုးပြုနေတတ်ပါသည်။ ဝင်ငွေအားကောင်းလာလိမ့်မည်။ ပညာရေးတွင်ဇွဲဝီရိယအားထုတ်မှုလိုအပ်လိမ့်မည်။ ကျန်းမာရေးတွင် ရေငတ်သောရောဂါ၊ သွေးနှင့်သည်းခြေမှဖြစ်သော အဖျားကြောင့်ရောဂါဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေမည်။

**ယတြာ။ ။ ဆီထမင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လူရွှင်တော်အလုပ်၊ စာရေးဆရာ၊ သတင်းထောက်အယ်ဒီတာလုပ်ငန်းများနှင့် အောင်မြင်ကျော်စောမှုကို ရရှိနေမည်ဖြစ်ပါသည်။ ပညာရေးတွင် အလွန်ပညာဉာဏ်ရှိနေမည်။ ကျန်းမာရေးအနေဖြင့် ခေါင်းကိုက်ရောဂါ၊ မူးဝေသောရောဂါ အားကုန်ခန်းဆုတ်ယုတ်သော ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ရည်မှန်းသူနှင့်အဆင်ပြေနေတတ်သည်။

**ယတြာ။ ။အအေးဓာတ်ပေးနိုင်စွမ်းရှိသည့်ပန်ကာလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ဝါရွှေသောအရောင်အဆင်းရှိခြင်း၊ ခြင်္သေ့ကဲ့သို့သြဇာရှိသောအသံတို့နှင့်ပြည့်စုံနေတတ်ပါသည်။ စီးပွားရေးတွင် ငွေချေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းတို့အောင်မြင်မည်။ ကျန်းမာရေးအနေဖြင့် စိုးရိမ်လွန်၍ဖြစ်သောရောဂါ၊ မေ့တတ်သောရောဂါတို့ကို သတိရှိသင့်ပါသည်။ ပညာရေး ကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အေးချမ်းတည်ငြိမ်စွာဖြင့် နေရတတ်ပါသည်။

**ယတြာ။ ။မုန့်လက်ဆောင်း၊ ဖာလူဒါလှူပါ။**



**သောကြာသားသမီးများအတွက်** တင့်တယ်သော ကိုယ်ကာယရှိမည်။စကားပြောဆိုကောင်းမည်။ယာဉ်မျိုးစုံ၊ အဝတ်အထည်လက်ဝတ်ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ စီးပွားရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရေးတွင် ဉာဏ်ပညာကောင်းသော အရည်အချင်းရှိသည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။ ဆီး၊ အင်္ဂါစပ်တို့၌ဖြစ်သောရောဂါရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သင့်တင့် သောအခြေအနေတွင်ရှိနေမည်။

**ယတြာ။ ။ နှမ်းဆီလှူပါ။**



**စနေသားသမီးများအတွက်** အစေခံလက်အောက်ငယ်သားများနှင့်ပတ်သက်ပြီး ဘေးအန္တရာယ်ကြုံဆုံရတတ်သည်။ ကဲ့ရဲ့ရှုပ်ချခြင်းခံရတတ်သည်။ ကန်ထရိုက်လုပ်ငန်း သင့်တင့်နေမည်။ ဝင်ငွေ၊ ထွက်ငွေအားကောင်းလိမ့်မည်။ ကျန်းမာရေးတွင် လေသလိပ်ရောဂါသတိထားပါ။ ပညာရေး ကြိုးစားအားထုတ်နေရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် စိတ်ဝင်စားမှု အားနည်းနေလိမ့်မည်။

**ယတြာ။ ။ လမ်းခင်းခြင်းကုသိုလ်ပြုပါ။**

# Construction, Power & Mining Myanmar 2016 ပြပွဲ ပြသ



မြန်မာနိုင်ငံ၏အဆောက်အဦနှင့် ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအားနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ သတ္တုတွင်း နှင့်ဓာတ်သတ္တုရှာဖွေရေးတို့အတွက် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာပြပွဲ တစ်ခုဖြစ်သည့် Construction, Power & Mining Myanmar 2016 ပြပွဲကို အောက်တိုဘာလ ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ရှင်စောပုလမ်း ရှိ Myanmar Event Park တွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၂၀ မှ ပါဝင်ပြသသူပေါင်း ၁၉၀ တို့ လာရောက်ပြသခဲ့ကြပြီး တရုတ်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ စင်ကာပူနှင့်ထိုင်းနိုင်ငံတို့မှလည်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ယင်းပြပွဲတွင် Sustainability in Construction ဆွေးနွေးပွဲ၊ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများနှင့် The International Mining Conference 2016 ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ လေ့လာသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး စိတ်ပါဝင်စား စွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ ရင်းနှီးမြှုပ်နှံမှုတွေအတွက် ဆွဲဆောင်နိုင်စွမ်းရှိတဲ့ ပန်းတိုင်တစ်ခုအဖြစ် ပြောင်းလဲလျက်ရှိပြီး အခုအချိန်မှာ ဆောက်လုပ်ရေး၊ စွမ်းအင်နဲ့သတ္တုတူးဖော်ရေးကဏ္ဍတွေက ကမ္ဘာ့အကြီးမားဆုံးနဲ့ ယှဉ်ပြိုင်နိုင်မှုအမြင့်မားဆုံးလုပ်ငန်းရှင်အများစုဟာ ဒီကို ရောက်လာကြသလို အချို့ကလည်း လာရောက်ဖို့အတွက် လေ့လာနေကြပါတယ်။ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖော်ဆောင်ရာမှာ နိုင်ငံရဲ့လျင်မြန်စွာဖွံ့ဖြိုးမှုနဲ့အတူ ပြပွဲမှာ မြင်တွေ့ရနိုင်မယ့် ပြည်တွင်းက လုပ်ငန်းတွေ၊ အသစ်အဆန်းကို ရှာဖွေနေတဲ့ နိုင်ငံတကာက ကုမ္ပဏီတွေအတွက် အလွန်ကြီးမားတဲ့အခွင့်အလမ်းတွေရှိ လာမှာဖြစ်ပါတယ်"ဟု Myanmar Trade Fair Management ၏အထွေထွေမန်နေဂျာဖြစ်သူ မစ္စတာဖရေဇာ ဟော့ခ်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# ပုသိမ်မြို့တွင် သွင်းအားစု (ဓာတ်မြေသြဇာ) နှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲနိုင်ရေး ဆွေးနွေးပွဲကျင်းပ

ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာနတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုဓာတ် မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲတတ်စေရန် ဒေသခံတောင်သူများအား ဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အာမိုကုမ္ပဏီမှ တိုင်းတာဝန်ခံ ဦးစည်သူ ရန်ပိုင်လင်း၊ ပုသိမ်တာဝန်ခံ ဦးအောင်ဆန်းထွန်း၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ဒေသခံတောင်သူ ၈၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။ အာမိုကုမ္ပဏီမှ တာဝန်ရှိသူက သီးနှံအထွက်နှုန်း တိုး တက်စေရန်နဲ့ အရည်အသွေးမြင့်မားလာစေရန်အတွက် မျိုးသန့်စပါး များ ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ၎င်းအပြင် သီးနှံပင်များ အဓိကစားသုံးသော နိုက်ထရိုဂျင်၊ ဖော့ စဖရပ်၊ ပိုတက်ဆီယမ်နဲ့ အသင့်အတင့် စားသုံးသည့် ကယ်လစီယမ်၊ ဆာလဖာ စသည့် ဓာတ်မြေသြဇာတွင် ပါဝင်မှုအချိုးအစားများ သိရှိရန်နှင့် စနစ်တကျ အသုံးပြု နိုင်ရန် ရွေးချယ်ဝယ်ယူရမှာဖြစ်ကြောင်း၊ မြေခံထည့်သွင်းရမည့် ပိုးသတ်ဆေး၊ သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်ပါကလည်း ပိုးအမျိုးအစားအလိုက် ဟန့်တားနိုင်သည့် ထိသေ၊ စားသေ၊ အဆိပ်ငွေ့ အာနိသင်ရှိသော ပိုးသတ်ဆေးများကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊ သီးနှံ အမျိုးအစားအလိုက် ဓာတ်မြေသြဇာ ထည့်သွင်းအသုံးပြုမှုနှင့် ပိုးသတ်ဆေးများကို စနစ်တကျ သုံးစွဲတတ်စေရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

**မင်းမင်းဦး**

**စာမျက်နှာ (၂၁) မှ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေးစိန်ခေါ်မှုများ . . . အဆက်** ➢➢➢➢➢➢

နိုင်ငံစုံကော်ပိုရေးရှင်းကြီးများနှင့် စာချုပ်များ ချုပ်ဆိုရာတွင် သေသေချာချာ ကြိုတင် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနည်းများဖြင့် သဘာဝ သယံဇာတများမှ ရရှိသော အကျိုးကျေးဇူးကို တတ်နိုင်သမျှ များများရရှိစေရန် ဆောင်ရွက်ပြီး အီကွေဒေါ်နိုင်ငံနှင့် ဘိုလီးဗီးယားနိုင်ငံတို့တွင် ကျင့်သုံးသကဲ့သို့ အများပြည်သူ တိုက်ရိုက်အကျိုးရှိသည့်လုပ်ငန်းများအတွက် သုံးစွဲခြင်း ပြုလုပ်သင့်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အသုံးစရိတ်သုံးစွဲပုံ သုံးစွဲနည်းကို ပြည်သူများ မြင်သာထင်သာရှိကာ အများပြည်သူကို တာဝန်ယူမှု- တာဝန်ခံမှု ရှိရမည်ဖြစ်ကြောင်း ပါမောက္ခက ထောက်ပြသည်။

ဆက်လက်၍ ပါမောက္ခဂျယာတီဂို့ရှ်က အရှေ့တောင်အာရှရှိ ထွန်းသစ်စနိုင်ငံ ဈေးကွက် များတွင် တွေ့ကြုံခဲ့ရသော သင်ခန်းစာများကို ထောက်ပြသည်။ ဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော အဖွဲ့အစည်းများမှ တစ်ဆင့် တိုက်ရိုက်ချေးငွေ ထုတ်ချေးခြင်းသည် ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည်။ ဘဏ္ဍာရေးကဏ္ဍကို ဖြေလျှော့ပေးခြင်း၊ လွတ်လပ်ခွင့်ပေးခြင်းသည် ဘဏ္ဍာရေးစနစ်ကို နက်နက်ရှိုင်းရှိုင်းဖြစ်စေသော်လည်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် အမှန်တကယ် စီးပွားရေး တိုးတက်မှုအပေါ် အကျိုးပြုနိုင်ခြင်းမရှိပေ။ စုဆောင်းမှု အပို အလျှံများသာ တိုးပွားစေပြီး ၎င်းတို့ကို ပြည်ပသို့ တင်ပို့ကြကာ ထုတ်လုပ်မှုလုပ်ငန်းများ ဖြန့်ကြက်လုပ်ဆောင်မှုကို အဟန့်အတားဖြစ်စေသည်။ ပြည်တွင်းစီးပွားရေးသည်လည်း ကမ္ဘာ့ စီးပွားရေး သံသရာနှင့် ဆက်စပ်ပြီး အတက်အကျများကို ဖြစ်ပေါ်စေနိုင်သည်။ ပြည်တွင်းတိုးတက်မှုသည် စားသုံးသူချေးငွေအပေါ် အားကိုးနေရကာ ထိုချေးငွေများကြောင့် အိမ်ရာမြေများ ဈေးကြီးမှု ၎င်းတို့ နှင့် ဆက်နွယ်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မှုတို့ကို ဖြစ်ပေါ်စေနိုင်သည်။ စီးပွားရေးကျဆင်းမှုနှင့် ကြုံရသည့်အခါ အိမ်ထောင်စုများ၏ ကြွေးမြီများ မထိန်းနိုင်၊ မသိမ်းနိုင်လောက်အောင် ပုံနေပြီး ဘဏ်များ၏ ရှင်သန် ရပ်တည်နိုင်စွမ်းနှင့် ရင်းနှီး မြှုပ်နှံမှုတို့အပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ ဘဏ်များကို ဖြေလျှော့ပေးခြင်း၊ လွတ်လပ်ခွင့် ပေးခြင်းသည် ဆိုးကျိုးများကို သက်ရောက်စေနိုင်ကြောင်း ပါမောက္ခက သုံးသပ်တင်ပြထားသည်။



## မြို့ကြီးများ၏ ၁၇-၁၀-၂၀၁၆ မှ ၂၁-၁၀-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၇-၁၀-၂၀၁၆) | အင်္ဂါ(၁၈-၁၀-၂၀၁၆) | ဗုဒ္ဓဟူး(၁၉-၁၀-၂၀၁၆) | ကြာသပတေး(၂၀-၁၀-၂၀၁၆) | သောကြာ(၂၁-၁၀-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၁၀၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၁°F | ၆၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၇°F | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F |
| မန္တလေးမြို့ | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | ၄၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်ထူထပ် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F |
| လားရှိုး | ၉၀% ၂၇°C/၈၀°F | ၉၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်ထူထပ် ၃၀°C/၈၆°F | ၄၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | တိမ်ထူထပ် ၃၀°C/၈၆°F |
| လွိုင်ကော် | ၅၀% ၂၇°C/၈၁°F | ၄၀% ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| တောင်ကြီး | ၉၀% ၂၄°C/၇၆°F | ၄၀% ၂၅°C/၇၇°F | ၄၀% ၂၄°C/၇၆°F | ၄၀% ၂၅°C/၇၇°F | ၅၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၉၀% ၃၂°C/၈၉°F | ၅၀% ၃၃°C/၉၁°F | ၄၀% ၃၂°C/၈၉°F | ၃၀% ၃၁°C/၈၈°F | ၃၀% ၃၁°C/၈၈°F |
| ဘားအံ | ၉၀% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၂°F | ၄၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၈°F |
| တောင်ငူ | ၉၀% ၃၂°C/၉၀°F | ၅၀% ၃၃°C/၉၁°F | ၃၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F |
| မုံရွာ | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၆၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၁°F |
| ပုသိမ် | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| မြိတ် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၃°F |
| စစ်တွေ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | တိမ်ထူထပ် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်ထူထပ် ၃၂°C/၈၉°F |
| မကွေး | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၅၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F |
| ဖလမ်း | ၆၀% ၂၃°C/၇၃°F | ၉၀% ၂၃°C/၇၃°F | ၈၀% ၂၄°C/၇၄°F | ၄၀% ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F |

# ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် ဆာရီကာတိုင်ဖွန်းမုန်တိုင်းဖြစ်ပေါ် ဖိလစ်ပိုင်၊ တရုတ်နိုင်ငံတောင်ပိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သို့ ဝင်ရောက် တိုက်ခတ်မည်

ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် ဆာရီကာတိုင်ဖွန်းမုန်တိုင်းဖြစ်ပေါ် လျက်ရှိရာ အဆိုပါ ဆာရီကာမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်နိုင်ငံ တောင်ပိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အဆိုပါဆာရီကာမုန်တိုင်းကို ယခု လောလောဆယ်တွင်ကာရင်ဟုအမည် ပေးထားသည်ဟု ဆိုသည်။ ယင်းမုန် တိုင်းကာရင်သည် အောက်တိုဘာလ ၁၅ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ရန် အစပျိုးနေပြီဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံမိုးလေဝသဌာနမှ သတင်းထုတ်ပြန်ထားသည်။

တိုင်ဖွန်းမုန်တိုင်းကာရင်သည် ဖိလစ်ပိုင်နိုင်ငံ၏မြို့တော်ဖြစ်သည့် မနီလာမြို့၏အရှေ့ဘက်သို့ ဦးတည် တိုက်ခတ်မည်ဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုလောလောဆယ်တွင် ဖိလစ် ပိုင်နိုင်ငံ၊ မနီလာမြို့တော်တွင် မိုးသည်း ထန်စွာရွာသွန်းလျက်ရှိပြီး လေပြင်းများ လည်းတိုက်ခတ်လျက်ရှိသည်ဟု မြို့တော်တွင် နေထိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်း၏အရှိန်ကြောင့် မနီလာ မြို့တော်အလယ်ပိုင်းတွင် မိုးရွာသွန်းမှုများသည် ပိုမိုလာနိုင်ကာ မိုးရေချိန် ၁၀ လက်မကျော်အထိ ရွာသွန်းနိုင်သည်ဟု ဆိုသည်။

အဆိုပါမုန်တိုင်း ကာရင်သည် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်း၏အလယ်ဗဟိုချက်သည် မီတာ ၂၀၀ ဝန်းကျင်တွင် ရှိနေသည်ဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့သို့ ဝင်ရောက်တိုက်ခတ်ပြီးနောက် တရုတ်နိုင်ငံ တောင်ပိုင်းသို့ လာမည့်ရက်သတ္တပတ်အတွင်း ဝင်ရောက် တိုက်ခတ်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါမုန်တိုင်းသည် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းကို အဓိကဦးတည်ပြီး ဝင်ရောက် တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။

ထို့နောက် အဆိုပါမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ကာ အားပျော့ပျက်ပြယ်သွားနိုင်ကြောင်း ဆက်လက်ခန့်မှန်းထားသည်။

# ဟာရီကိန်းမက်သယူးတိုက်ခတ်ပြီးသွားသော်လည်း ကာလီဖိုးနီးယားပြည်နယ်တွင် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်နေ

အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယား ပြည်နယ်တောင်ပိုင်းတွင် ဟာရီကိန်း မက်သယူးတိုက်ခတ်ပြီးသွားသော်လည်း ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်နေ ဆဲဖြစ်ကြောင်း အမေရိကန်မိုးလေဝသ သတင်းဌာနက ရေးသားဖော်ပြထားသည်။

ကာလီဖိုးနီးယားပြည်နယ်တွင် ဟာရီကိန်းမက်သယူးကြောင့် ကာလီဖိုးနီးယားမြောက်ပိုင်းတွင် ၂၂ ဦး၊ ဖလော် ရီဒါတွင် ၁၂ ဦး၊ ဗာဂျီးနီးယားတွင် နှစ်ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

မုန်တိုင်းတိုက်ခတ်ပြီးနောက် ရေလွှမ်းမိုးမှုများကို ဆက်လက်ခံစားနေရသည့် ဒေသများမှ ပြည်သူများအား သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့မှ ကယ်ဆယ်ရေး ရဟတ်ယာဉ်များ၊ အရေးပေါ်ကူညီ ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်လျက်ရှိသည်ဟု ဆိုသည်။

မုန်တိုင်းမက်သယူးကြောင့် နေအိမ်ပေါင်း ၁၄၀၀၀ ခန့်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် အဆိုပါနေအိမ်များအား ပြန် လည်တည်ဆောက်ရန်အတွက် ဖက်ဒရယ်အစိုးရက အမေရိကန်ဒေါ်လာ ၂ ဒသမ ၆သန်း ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင်ကာလီဖိုးနီးယားပြည်နယ် အစိုးရကလမ်းများ၊ တံတားများအား ပြန်လည်ပြင်ဆင်တည်ဆောက်ရန် အတွက် အမေရိကန်ဒေါ်လာ ငါးသိန်းကို အထူးရန်ပုံငွေအဖြစ် သတ်မှတ်ပေး ခဲ့ကြောင်း သိရသည်။ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရသည့် ပြည်သူ များအား မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၄၃ လုံး တွင် နေရာ ချထားပေးခဲ့ကြောင်း၊ အဆိုပါ နေရာများတွင် နေထိုင်သူစုစုပေါင်းမှာ ၃၄၀၀ ခန့်ရှိ ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါရေလွှမ်းမိုးမှုဒဏ်ကိုခံစား နေရသည့်ဒေသများဖြစ်သည့် ကာလီဖိုးနီးယားတောင်ပိုင်း၊ ဗာဂျီးနီးယားဒေသ နှင့်ဖလော်ရီဒါဒေသတို့မှပြည်သူများအား ကူညီရန် အမေရိကန်နိုင်ငံတစ်ဝန်းမှ ဒေသပေါင်း ၄၃ ဒေသအား နှိုးဆော် ထားကြောင်း သိရသည်။

Vol: 16, No.39 Monday October 17 2016



# စားသုံးသူအကာအကွယ်ပေးရေးပညာပေးရာ၌ အများဆုံးမေးတတ်သောမေးခွန်းများနဲ့ အကြံပြုချက်များ

ခမ်လျန်စွမ်း

နိုင်ငံနဲ့အဝန်း စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးရေးဆောင်ရွက်နေတဲ့အတွက် စားသုံးသူပြည်သူများဟာယခင်နဲ့နှိုင်းစာရင်စိတ်ဝင်စားမှုမြင့်မားလာပါတယ်။ နားထောင်ရုံသက်သက်မဟုတ်တော့ဘဲဝင်ရောက်ဆွေးနွေးလာကြတယ်။ မေးခွန်းတွေမေးလာကြတယ်။ တစ်ခါတလေ အကြံပြုချက်လေးတွေပါပေးလာတတ်ကြပါတယ်။တစ်နေ့အတူတူအလုပ်လုပ်ခဲ့ဖူးတဲ့ ဝန်ထမ်း တစ်ဦးဆီကအရေးပေါ် တယ်လီဖုန်းလာပါတယ်။ “ ဆရာ-ကွမ်းစားရင်ဘာဖြစ်တတ်လဲ”ဟောပြောနေတုန်း အမေးခံရတဲ့အတွက်အရေးပေါ် အဖြေပေးဖို့ အကူအညီတောင်းခံလာတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ကျွန်တော်လည်းအရေးပေါ် ဖြေ သူလည်းပဲ သူ့ပရိသတ်ကိုအမြန်ဖောက်သည်ချနေတဲ့ သာဓကလေးတွေလည်းကြုံခဲ့ဖူးပါတယ်။

“ ဆရာ-အချိုမှုန့်ကအန္တရာယ်များတတ်တယ်ဆိုတော့ သမီးတို့ကအချိုမှုန့်မစားရရင် ဟင်းစားရတာ အရသာရှိတယ်လို့ မယူဆဘူး။ အဲဒီလိုဖြစ်နေရင်သမီးတို့ကဘာစားကြရမလဲ ”၂၀၁၄ ခုနှစ်ကစစ်ကိုင်းတိုင်းဒေသကြီးရွှေဘိုမြို့အထက(၂)မှ ကျောင်းသူလေးတစ်ဦးမေးတဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းမတိုင်မီကကျွန်တော်ဟောပြောခဲ့ရာမှာ ယနေ့ဈေးကွက်မှာ မြင်တွေ့နေရတဲ့အချိုမှုန့်အများစုဟာ သွင်းကုန်လိုင်စင်နဲ့ ခွင့်ပြုထားတာမဟုတ်ဘူး။ အစစ်နဲ့ရောပြီးဝင်လာတဲ့အချိုမှုန့်ဖြစ်ဖို့များကြောင်း၊ ဈေးပေါပေါနဲ့ရောင်းနိုင်ခြင်း၊ ကြွေထည်ပစ္စည်းများကို အဲဒီအချိုမှုန့်နဲ့ဆေးကြောပါကအလွန်သန့်ရှင်းပြီးစင်ကြယ်စေနိုင်တဲ့အတွက်ဓာတုဗေဒ ပစ္စည်းများပါဝင်ဖို့များကြောင်း၊ အစစ်ကိုပီလောပီနံ၊ ကြံရိုး၊ပင်လယ်ရေညှိစတဲ့ကုန်ကြမ်းကနေထုတ်တာဖြစ်တဲ့အတွက် အာဟာရလည်းရှိ၊ စားလို့လည်းအရသာရှိကြောင်း အစရှိသဖြင့် ဟောပြောခဲ့ခြင်းဖြစ်ပါတယ်။

ကျောင်းသူလေးရဲ့ မေးခွန်းအတွက် ကျွန်တော်ဖြေတာကတော့ “ အသား၊ ငါးနဲ့အသီးအရွက်တွေမှာ အချိုဓါတ်ပါပြီးဖြစ်တဲ့အတွက်တကယ်တမ်းဆို အချိုမှုန့်ထည့်စရာတောင်မလိုပါဘူး။အဲဒီပစ္စည်းတွေရဲ့ဖွဲ့စည်းပုံကိုက အချိုဓါတ်ပါပြီးသားဖြစ်ပါတယ်။ အချိုမှုန့်ကို အမြဲတမ်းစားနေတဲ့အိမ်ဆိုရင်တော့လျှော့စား ပြီးတော့တဖြည်းဖြည်းဖြတ်ပါ။ နောက်ပိုင်းအကျင့်ရလာပါလိမ့်မယ်။ လုံးဝမရဘူးဆိုရင် သကြားညို အနည်းငယ်ထည့်ပါ။သကြားဆိုတာလည်း ကင်ဆာရောဂါအားပေးတဲ့အတွက် သတိထားဖို့တော့လိုတယ်။ နောက်ပိုင်းသကြားတောင်မလိုဘဲ စားနိုင်ပါလိမ့်မယ်”လို့ ဖြေဆိုအကြံပြုခဲ့ပါတယ်။

၂၀၁၄ ခုနှစ်ဇွန်လလောက်ကလို့ထင်ပါတယ်။ မုံရွာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမမှာ စားသုံးသူအသိပညာ ပေးဟောပြောပွဲအခွင့်ကြုံလို့ဆွေးနွေးခဲ့ပါတယ်။ ပရိသတ်အတော်များ ပါတယ်။ ဟောပြောပွဲဆိုတာ တစ်ခါတလေကိုယ်ဘယ်လောက်ပဲပြင်ဆင်လာလာအဆင်ပြေချင်မှပြေတာ။ အဲဒီနေ့က ပရိသတ်နဲ့ကျွန်တော်အတော်ကလေး အပေးအယူတည့်နေတယ်။ စစချင်းပဲ ကျောင်းသားများကို ရယ်စရာလေးတစ်ခုနဲ့ ပြောလိုက်တော့ ပွဲစကတည်းကအဆင်ပြေနေတယ်။ဟောပြောပွဲအဆုံးသတ်ပိုင်းမှာ မေးလိုတဲ့မေးခွန်းများ ရှိရင်မေးပါ။ ကျွန်တော်မဖြေနိုင်တာရှိရင် ဖြေပေးနိုင်တဲ့ပုဂ္ဂိုလ်တွေကိုမေးပြီး အဖြေရတဲ့နည်းနဲ့ ပြန်ဖြေပေးပါ့မယ်ဆိုပြီးစခေါ်လိုက်တဲ့ အခါမှာ-ပထဝီဝင်ဌာနမှူး၊ပါမောက္ခတစ်ဦးက မေးခွန်းကြီးတစ်ခုမေးလာပါတော့တယ်။

“ ဆရာတို့က အစားအစာအန္တရာယ်တွေဟောတဲ့အခါမှာ မြန်မာနိုင်ငံရဲ့အရှေ့မြောက်ဘက်နဲ့ အရှေ့တောင်ဘက်ကလာတာတွေပဲ ကြားနေရတယ်။အနောက်ဘက်ကအန္တရာယ်ကောမရှိနိုင်ဘူးလား။ ဆွေးနွေးစေချင်ပါတယ်။”

ကျွန်တော်ကြိုးစားပြီးဖြေခဲ့ပါတယ်။အရှေ့မြောက်ဘက်ရှိနိုင်ငံကြီးဟာ ကုန်ထုတ်စွမ်းအားကြီးမားတဲ့အတွက် ကုန်ထုတ်စွမ်းအားသေးငယ်တဲ့ ကျွန်တော်တို့လိုနိုင်ငံထဲကို ကုန်ပစ္စည်းတွေ အလုံးအရင်းနဲ့ ဝင်လာခဲ့ပါတယ်။ဒီလိုကုန်ပစ္စည်းများ ဝင်လာတဲ့အခါမှာ သူ့နိုင်ငံအတွင်းမှာရှိတဲ့ လုပ်ငန်းရှင်အချင်းချင်းအားပြိုင်ပြီးတော့ များများနဲ့ မြန်မြန်ထုတ် နိုင်ရေးနဲ့ ဈေးကွက်ထဲမြန်မြန် ရောက်ရှိသွားဖို့နည်းပေါင်းစုံနဲ့တင်ပို့ကြတော့တယ်။ အဲဒီမှာ ကျွန်တော်တို့နိုင်ငံအတွက် အန္တရာယ်ရှိတဲ့ကုန်ပစ္စည်းများအလုံးအရင်းနဲ့ဝင်ရောက်လာခဲ့ပါတယ်။ အချို့လူတွေရဲ့အမြင်မှာတော့ လူမျိုးရေးအရအန္တရာယ်ရှိကုန်ပစ္စည်းအချို့ကို တမင်ပို့တာလည်းပါတယ်လို့ဆိုကြပါတယ်။ ဘာပဲဖြစ်ဖြစ် ကာကွယ်ဖို့က ကိုယ့်နိုင်ငံသားတွေရဲ့တာဝန်ဖြစ်တဲ့အတွက် တားဆီးတာ၊ ဖမ်းတာ၊ ဖျက်ဆီးတာတို့အသိပညာပေးတာတို့လုပ်တဲ့အတွက် အသံကျယ်လာလို့ ဆရာကြီးတို့သိတာ ဖြစ်ပါလိမ့်မယ်။

အရှေ့တောင်ဖက်ကနိုင်ငံကြီးဟာလည်းအရှေ့မြောက်ဘက်က နိုင်ငံကြီးနဲ့နှိုင်းယှဉ်ရင် တစ်ခုသာတာတော့ရှိပါတယ်။ သူ့နိုင်ငံထုတ်ကုန်ပစ္စည်းတွေက မာတယ်၊ ခိုင်ခန့်မှုရှိတယ်။ အန္တရာယ်ရှိကုန်ပစ္စည်းတွေကို နည်းလမ်းပေါင်းစုံနဲ့ ဝင်ရောက်လာတာချင်းတော့တူညီမှုရှိတယ်လို့ပြောရမှာဖြစ်ပါတယ်။ နှစ်နိုင်ငံကလုပ်ငန်းရှင်အချို့ဟာဘယ်သူသေသေငတေမာရင်ပြီးရော သဘောနဲ့ ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းအချို့ဟာ ကျွန်တော်တို့ကို ဒုက္ခပေးတတ်တဲ့ အတွက်ပြောနေခြင်းဖြစ်ကြောင်းရှင်းပြခဲ့ပါတယ်။ တခါတလေကျတော့လည်း ကုန်ပစ္စည်းရဲ့အပေါ်မှာအညွှန်းကို ထိုင်းစာနဲ့ရေးသားပြီး သတိပေးထားတာလည်းရှိတတ်တယ်။အချို့အချိုရည်ဟာ ကိုယ်ဝန်ဆောင်များ၊ နှလုံးသွေးတိုးရောဂါရှိသူများ မသောက်ရဆိုတာမျိုးလည်းပါပေမယ့် မြန်မာနိုင်ငံသားတွေမသိတဲ့အတွက်သောက် သုံးနေတတ်ကြပါတယ်။

အနောက်ဘက်က အန္တရာယ်ဆိုတာကတော့ အိန္ဒိယနိုင်ငံကိုညွှန်းဆိုလိုတာဖြစ်ကြောင်းနားလည်ထားပါတယ်။ သူတို့နိုင်ငံဟာ သူတို့ရဲ့အရှေ့မြောက်ပြည်နယ်လုံခြုံရေးအတွက် မြန်မာနိုင်ငံနဲ့ ပြဿနာမဖြစ်အောင် လက်ရှောင်တာလည်း ဖြစ်နိုင်ကြောင်း ဒ့ါအပြင်သူတို့ဟာအာဆီယံဈေးကွက်နဲ့ တရုတ်ပြည်ဈေးကွက်အတွက် သူတို့ရဲ့အရှေ့မျှော်မူဝါဒကြောင့်မြန်မာနိုင်ငံကို ဘယ်လိုဖြစ်ဖြစ်မဖြတ်သန်းဘဲမရတဲ့အတွက်မြန်မာနိုင်ငံနစ်နာ ထိခိုက်စေမယ့်ကိစ္စဆိုရင် လက်ရှောင်တာများပါတယ်။ နောက်နိုင်ငံတစ်နိုင်ငံကဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပါတယ်။ ဒီနိုင်ငံကတော့ ကျွန်တော်တို့ထက်တစ်ဦးချင်းဝင်ငွေနည်းတဲ့အတွက် သူတို့ရဲ့ထုတ်ကုန်များအနက်ရှူးဖိနပ်၊ ကိုယ်လိမ်းပေါင်ဒါလောက်ပဲ လာတာဖြစ်တဲ့အတွက်အန္တရာယ်သိပ်မပေးတာဖြစ်ပါတယ်။

စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲအတော်များများမှာအမေးခံရလေ့ရှိတဲ့မေးခွန်းက“အန္တရာယ်ရှိစားသောက်ကုန်အတော်များများဟာတရုတ်နိုင်ငံကလာတာလို့သိရပါတယ်။ဝင်လာတဲ့နေရာ မှတားလို့မရနိုင်ဘူးလား၊နယ်နိမိတ်တစ်လျှောက် ခြံစည်းရိုးကာလို့မရနိုင်ဘူးလား။”

တရုတ်နိုင်ငံကလာတဲ့ အန္တရာယ်ရှိစားသောက်ကုန်ပစ္စည်းတွေဟာ သူတို့ရဲ့အိမ်တွင်းမှု အသေးစားလုပ်ငန်းကထုတ်လုပ်တာများပြီးတော့ သူတို့ရဲ့ကျန်းမာရေးဆိုင်ရာထောက်ခံချက်မပါတာများတယ်။ သူတို့နိုင်ငံကနေ တရားမဝင်လာပြီးတော့ ကျွန်တော်တို့နိုင်ငံကိုလည်း တရားမဝင်ရောက်လာတာများပါတယ်။ယခင်တုန်းကတရား မဝင်ကုန်သွယ်မှုတားဆီးရေးအဖွဲ့နဲ့ တားဆီးစစ်ဆေးတာတော့ရှိဖူးပါတယ်။ နယ်စပ်တစ်လျှောက်နေရာအတော်များများကနေ ဝင်လာနိုင်တာမို့တားဆီးဖို့ဆိုတာကမလွယ်ကူတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒ့ါအပြင် ခြံစည်းရိုးကာရင်လည်း နှစ်နိုင်ငံယုံကြည်မှုမရှိတဲ့အဓိပ္ပါယ်သက်ရောက်တာဖြစ်တဲ့အတွက် ကာလေ့ကာထမရှိပါဘူး။ ကာမယ်ဆိုရင်တောင်မှ မိုင်ရာချီပြီးရှည်တာ ဖြစ်တဲ့အတွက်ငွေကုန်ကြေးကျအလွန်များပြားနိုင်ပါတယ်။ တစ်ခုတော့ရှိတယ် ကျွန်တော်တို့စားသုံးသူပြည်သူများက နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နဲ့ အဲဒီစားကုန်ပစ္စည်းတွေကို မဝယ်ဘူး၊ မစားဘူးဆိုရင်ထုတ်လုပ်သူတွေဘာတတ်နိုင်တော့မှာလဲ။ နောက်ဆုံးကျွန်တော်တို့နိုင်ငံထဲကို ဝင်လာမှာလည်းမဟုတ်ဘူး။ ဒ့ါကြောင့်လည်း ကျွန်တော်တို့က စားသုံးသူအကာအကွယ်ပေးရေး ပညာပေးရေးလုပ်ငန်းဆောင်ရွက်နေတာဖြစ်ပါတယ်။

“ အသီးအရွက်တွေမှာ ပါလာတဲ့ဓါတုဓါတ်ကြွင်းတွေကို ဘယ်လိုလုပ်ပြီးကင်းစင်အောင်လုပ်လို့ရပါသလဲ”

ယနေ့ဈေးကွက်မှာ ရောင်းနေတဲ့အသီးအရွက်အတော်များများဟာ ပိုးမထိုးတာတွေ့ရလေ့ရှိပါတယ်။ တခါတလေ ကျွန်တော်ဟာသနှောပြီး ထည့်ပြောလေ့ရှိပါတယ်။ “ ယနေ့ခေတ်လူများပိုးမကိုက်အသီးအရွက်တွေကို စားကြတဲ့အတွက် အသားအရေတွေရှေးကထက်ပိုလှလာကြတယ်။” ဆိုပြီးရယ်စရာအနေဖြင့်ဟောပြောပွဲတွေမှာ ထည့်ပြောတတ်ပါတယ်။အဓိကကတော့ ပိုးသတ်ဆေးနဲ့အသီးအရွက်အားတိုးဆေးများရဲ့ဓာတ်ကြွင်းများကြောင့် ပိုးတွေကိုက်မစားနိုင်တာဖြစ်ပါတယ်။ ပုံမှန်အားဖြင့် လူစားလို့ရတဲ့ အသီးအရွက်တွေကိုလည်း ပိုးကောင်တွေ အလွန်ကြိုက်နှစ်သက်တတ်ကြပါတယ်။

အချို့ပိုးသတ်ဆေးနဲ့ အားတိုးဆေးတွေဟာ ဆေးဖြန်းပြီးဘယ်လောက်ကြာမှခူးဆွတ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ရှိပါတယ်။ များသောအား ဖြင့်သတ်မှတ်ကာလကိုမစောင့်နိုင်တော့ဘဲ ခူးဆွတ်လို့ပြဿနာရှိလာတာဖြစ်ပါတယ်။ ဘယ်လိုဖြစ်ဖြစ်အသီးအရွက်ထဲကပါလာတဲ့ဓါတုဓါတ်ကြွင်းစားမိရင် လူမှာအဆိပ်အတောက်ဖြစ်သွားနိုင်တာဖြစ်တဲ့အတွက် အဲဒါကိုဖယ်ရှားဖို့ (Titration)လုပ်ဖို့ ကြိမ်းသေပေါက်လိုပါတယ်။ ပိုးသတ်ဆေးတို့၊ အပင်အားတိုးဆေးတို့မှာပါတဲ့ နိုက်တြိုတ်တွေကို ဆိုဒီယမ်ပါတဲ့ပစ္စည်းနဲ့သန့်စင်အောင်လုပ်ရမယ်ဆိုရင် ရှာလကာရည်တို့ ဆားရည်တို့နဲ့ဆေးကြောပြီး ချက်ပြုတ်စားသောက်ရမှာဖြစ်ပါတယ်။အခုနောက်ပိုင်းမှာ လူ့ခန္ဓာကိုယ်ထဲမတော်တဆပါလာတတ်တဲ့ ဓာတုဓာတ်ကြွင်းတွေကိုသံလွင်ဆီနဲ့နန္နွင်းမှုန့်ရောပြီး နေ့စဉ်လက်ဖက်ရည်ဇွန်းတစ်ဇွန်းစားသောက်သင့်တယ်လို့ ဆေးဝါးပညာရှင်များက အကြံပေးလာကြတာလည်းလိုက်နာသင့်ကြောင်းဖော်ပြလိုပါတယ်။

ယခုခေတ်က အိုင်တီခေတ်ဖြစ်တဲ့အတွက် အစစအရာရာမှာမြန်ဆန်မှုလူတွေသဘောကျကြပါတယ်။ ထို့အတူပဲ စာဆိုရင်လည်းတိုတောင်းမှဖတ်ကြလေတော့ ကျွန်တော်ရဲ့ဆောင်းပါးလေးကတိုတောင်းမှရမှာဖြစ်ပါတယ်။ ဒ့ါကြောင့်ကျန်တဲ့အပိုင်းလေးတွေကိုတော့ အကြံပြုချက်အပိုင်း(၂)၊ (၃)စသည်ဖြင့် အဆင်သင့်သလိုဆက်လက်ဖော်ပြသွားလိုပါတယ်။

ကျွန်တော့်ရည်ရွယ်ချက်အနေဖြင့် အနယ်နယ်အရပ်ရပ်မှာစားသုံးသူအကာအကွယ်ပေးရေး ပညာပေးရေး လုပ်ငန်းဆောင်ရွက်နေတဲ့ ဘဝတူဝန်ထမ်းများအတွက် အထောက်အကူပြုစေလိုတာကြောင့် ရေးသားတင်ပြရတာဖြစ်ပါတယ်။

# ရှမ်းယူနိုက်တက်အသင်းခေါင်းဆောင် ဝင်းမင်းထွဋ် မြန်မာ့လက်ရွေးစင်အသင်းတွင် ပြန်လည်ပါဝင်လာ

ရှမ်းယူနိုက်တက် အသင်းခေါင်းဆောင် ဝင်းမင်းထွဋ်ကို ဆူဇူကီးဖလားပြိုင်ပွဲအတွက်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်ရန် တရားဝင် ရွေးချယ်လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဥရောပနိုင်ငံများသို့ ခြေစမ်းခရီးသွားရောက်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၂ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်း၏ နောက်ခံကစားသမား ဝင်းမင်းထွဋ်သည် အသက် ၁၆ နှစ်အောက် မြန်မာ့လက်ရွေးစင်အသင်းနှင့်အတူ အောက်တိုဘာ ၇ရက် နံနက်ပိုင်းမှစတင်ကာ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီး မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ခန်း ပြန်လည်စတင်ချိန်တွင်အသင်းနှင့် ပူးပေါင်း၍ လေ့ကျင့်သွားမည်ဖြစ်သည်။

ဝင်းမင်းထွဋ်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းအတွက် ၂၂ ပွဲစလုံး ပွဲချိန်ပြည့်ဝင်ရောက်ကစားခဲ့သည့် တစ်ဦးတည်းသော ကစားသမားဖြစ်သည်။

"ဝင်းမင်းထွဋ်က အရမ်းအားကိုးရတဲ့ ကစားသမားပါ။ ပြီးခဲ့တဲ့ရာသီမှာ ပွဲတိုင်းဝင်ကစားတယ်။ လုံးဝလူစားမလဲခဲ့ရဘူး။ အဲဒီလိုကစားသမားမျိုးက အရမ်းရှားပါတယ်။ သူ့အတွေ့အကြုံတွေက လက်ရွေးစင်အသင်းကို အထောက်အကူဖြစ်စေမှာပါ"ဟု ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းက ဆိုသည်။



ဝင်းမင်းထွဋ်သည် ဝန်ကြီးဌာနခေတ်ဘောလုံးပြိုင်ပွဲများ (၂၀၀၉ ခုနှစ်မတိုင်မီ)တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး ၂၀၀၅ ခုနှစ်မှစတင်ကာ မြန်မာ့လက်ရွေးစင် အဖြစ်ရွေးချယ်ခံခဲ့ရသူဖြစ်သည်။ ပြီးခဲ့သည့်၂၀၁၅ခုနှစ် ဇွန်၁၆ရက်က ကစားခဲ့သော ၂၀၁၈ ကမ္ဘာ့ဖလား၊ အာရှဇုန်ခြေစစ်ပွဲ၏ မြန်မာနှင့်တောင်ကိုရီးယားတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ဝင်းမင်းထွဋ်သည် နောက်ဆုံးဝင်ရောက်ကစားခဲ့ပြီး၊ တစ်နှစ်ကျော်အကြာတွင် မြန်မာ့လက်ရွေးစင်အသင်းအကျီကို ပြန်လည်ဝတ်ဆင်ခွင့်ရခြင်းဖြစ်သည်။

၁၉၈၆ ခုနှစ်ဖွား ဝင်းမင်းထွဋ်သည် လက်ရွေးစင်အသင်းတွင် အသက်အကြီးဆုံးကစားသမား ဖြစ်လာမည့်အပြင် လက်ရွေးစင်အသင်း၏ ဝန်ကြီးဌာနခေတ်တွင် ကစားခဲ့သည့် တစ်ဦးတည်းသော ဘောလုံးသမားလည်းဖြစ်လာသည်။

# ချဲလ်ဆီးအသင်းနှင့် နိုက်ခ်အားကစားကုမ္ပဏီတို့ ပေါင် သန်းကိုးရာ တန်ဖိုးရှိ အားကစားဝတ်စုံဆိုင်ရာသဘောတူစာချုပ် ချုပ်ဆို

ချဲလ်ဆီးအသင်းသည် အားကစားဝတ်စုံများ ကို ထုတ်လုပ်ရောင်းချလျက်ရှိသည့် အားကစားဝတ်စုံကုမ္ပဏီကြီးတစ်ခုဖြစ်သည့် နိုက်ခ်နှင့် ပေါင်သန်းကိုးရာ တန်ဖိုးရှိ အားကစားဝတ်စုံဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းကဲ့သို့ ချုပ်ဆိုခြင်းသည် ချဲလ်ဆီးအသင်း၏ သမိုင်းတစ်လျှောက် အများဆုံးချုပ်ဆိုခဲ့သည့် ပမာဏပင်ဖြစ်သည်ဟု ဆိုသည်။

နိုက်ခ်အားကစားကုမ္ပဏီသည် ချဲလ်ဆီးအသင်းကို ၂၀၁၇-၁၈ ဘောလုံးရာသီမှစတင်ကာ အားကစားဝတ်စုံဂျာစီများ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ချဲလ်ဆီးအသင်းသည် အဲဒီးဒတ်စ်အားကစား ဝတ်စုံကုမ္ပဏီနှင့် ၂၀၁၄ ခုနှစ် ဇူလိုင်လက ပေါင်သန်း ၃၇၀ တန်ကြေးရှိ ခြောက်နှစ်တာစာချုပ် သက်တမ်းသည် ပြီးခဲ့သည့်မေလက ကုန်ဆုံးခဲ့ သည်။

အဲဒီးဒတ်စ်နှင့် စာချုပ်ချုပ်ဆိုခဲ့စဉ်က ချဲလ်ဆီး အသင်းသည် တစ်ရာသီလျှင် ပေါင်သန်း ၃၀ သာရရှိခဲ့သည်။ အဲဒီးဒတ်စ်အားကစား ဝတ်စုံကုမ္ပဏီနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် နိုက်ခ်ကုမ္ပဏီက စာချုပ်ထပ်မံချုပ်ဆိုခဲ့ခြင်းဖြစ် သည်။

နိုက်ခ်နှင့် ချဲလ်ဆီးတို့၏ သဘောတူစာချုပ်အရ နိုက်ခ်ကုမ္ပဏီသည် ဘောလုံးရာသီတစ်ရာသီလျှင် ပေါင်သန်း ၆၀ ကိုလည်း ၁၅ နှစ်ကြာ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့ သော်လည်း အဆိုပါသတင်းကို နိုက်ခ်က အတည်မပြုခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထား သည်။

"ဒီစာချုပ်ဟာ အသင်းအတွက် တကယ့်ကို အရေးပါတဲ့စာချုပ်တစ်ရပ်ဖြစ်သလို တကယ့်ကို အံ့အားသင့်ဖို့ကောင်းတဲ့စာချုပ်တစ်ရပ်လည်းဖြစ်ပါ တယ်"ဟု ချဲလ်ဆီးအသင်းမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နိုက်ခ်ကုမ္ပဏီသည် ချဲလ်ဆီးအသင်းကြီးအတွက် ဝတ်စုံကို အဓိကထား၍ ထုတ်လုပ်မည့်အပြင် အကယ်ဒမီအသင်းနှင့်အမျိုးသမီးအသင်း တို့အတွက်ပါဝတ်စုံများထုတ်လုပ်မည်ဖြစ်သည်။

ထို့ပြင် အသင်း၏ ကစားသမားများဝတ်ဆင်သည့် ဂျာစီများနှင့်ပုံစံတူဂျာစီများကို ထုတ်လုပ်မည်ဖြစ်ပြီး အသင်း၏ပရိသတ်များအတွက်လည်း ဂျာစီများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




# ဂရိတ်ဗြိတိန်အသင်း၏ ခုနစ်မျိုးစုံချန်ပီယံ ဂျက်စီကာအင်းနစ်ဟေးလ် ကစားသမားဘဝမှ အနားယူမည်

ဂရိတ်ဗြိတိန်အသင်း၏ ခုနစ်မျိုးစုံချန်ပီယံဖြစ်သူ ဂျက်စီကာအင်းနစ်ဟေးလ်သည် အားကစားလောကမှ အနားယူတော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် ၃၀ အရွယ်ရှိပြီဖြစ်သည့် ဂျက်စီကာသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ရီအိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲ၏ခုနစ်မျိုးစုံပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရရှိခဲ့ပြီးနောက် ယခုကဲ့သို့ အားကစားလောကမှ အနားယူခဲ့ခြင်းဖြစ်သည်။

ဂျက်စီကာအင်းနစ်သည် ၂၀၁၂ခုနှစ်လန်ဒန် အိုလံပစ်ပြိုင်ပွဲ၏ခုနစ်မျိုးစုံပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိပြီးကတည်းက ဘရာဇီးအိုလံပစ်ပြိုင်ပွဲ ပြီးဆုံးပါက အနားယူတော့မည်ဟု ထုတ်ဖော်ကြေညာထားခဲ့သူ ဖြစ်သည်။

"ကျွန်မ အမြဲတမ်းပြောနေတာပါ။ တစ်နေ့နေ့မှာ အနားယူတော့မယ်။ဘရာဇီးအိုလံပစ်ပွဲမှာ ဆုတံဆိပ်တစ်ခုခုချိတ်ခဲ့ရင် အားကစားလောကကို စွန့်ခွာတော့မယ်လို့ ကြေညာထားပြီးသားပါ။ ကျွန်မရဲ့မိသားစုကိုရော၊ ကျွန်မရဲ့အသင်းကိုရော အထူးပဲကျေးဇူးတင်ပါတယ်။ သူတို့တွေရဲ့ပံ့ပိုးပေးမှုကြောင့် ကျွန်မအခုလိုအောင်မြင်မှုတွေရခဲ့တာပါ"ဟု ဂျက်စီကာက ဘီဘီစီသို့ ပြောကြားခဲ့သည်။

ဂျက်စီကာသည် လန်ဒန်အိုလံပစ်ပြိုင်ပွဲအပြီး ၂၀၁၄ ခုနှစ်တွင် ရက်ဂျီကို မွေးဖွားခဲ့သည်။ ထို့နောက် ၁၃ လအကြာတွင် ဒုတိယအကြိမ်ကမ္ဘာ့ ခုနစ်မျိုးစုံချန်ပီယံဆုကို ရရှိခဲ့သည်။ ဗြိတိသျှပြေးခုန်ပစ်အားကစားအဖွဲ့က ၎င်း၏စံချိန်များနှင့်ပတ်သက်၍ ဖော်ပြရာတွင် ကမ္ဘာ့အကောင်းဆုံး အားကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခဲ့ပြီး သားသည်မိခင်ဘဝနှင့်ပင် ဆုတံဆိပ်ကို ရရှိအောင်ယူနိုင်ခဲ့သဖြင့် အားကစားသမားကောင်းအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

၂၀၁၇ ခုနှစ်ကမ္ဘာ့ပြေးခုန်ပစ် ချန်ပီယံပြိုင်ပွဲကို လန်ဒန်မြို့တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲကျင်းပသည့်နေရာသည် ၎င်း၏ပထမဆုံးရွှေတံဆိပ်ကို ဆွတ်ခူးရရှိခဲ့သည့်နေရာလည်းဖြစ်သည်။

# မြန်မာယူ–၂၂အသင်းနှင့်မလေးရှားယူ–၂၂အမျိုးသား လက်ရွေးစင်ဘောလုံးအသင်းတို့ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်

မြန်မာယူ-၂၂ အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းနှင့် မလေးရှား ယူ-၂၂အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းတို့သည် ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါခြေစမ်းပွဲနှစ်ပွဲကို ရန်ကုန်မြို့ရှိသုဝဏ္ဏ ဘောလုံးကွင်း၌ ဒီဇင်ဘာ ၉ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးများကိုမူ သတ်မှတ်ရခြင်းမရှိသေးကြောင်း သိရသည်။

"ခြေစမ်းပွဲကစားဖို့ကို မလေးရှားဘောလုံးအဖွဲ့ချုပ်က ကမ်းလှမ်းခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၇ မလေးရှားဆီးဂိမ်းအကြိုပြင်ဆင်မှုအနေနဲ့ ဒီခြေစမ်းပွဲနှစ်ပွဲကို လက်ခံခဲ့တာပါ" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။လက်ရှိအချိန်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေ ဖြင့် မြန်မာယူ-၂၂ အသင်းအတွက် ပဏာမကစားသမားစာရင်းကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးကြည်လွင်ကိုတာဝန်ပေးအပ်သွားမည်ဖြစ်သည်။

ယခုအခါတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မလေးရှားဆီးဂိမ်းပြိုင်ပွဲနှင့် ဆူဇူကီးဖလား ပြိုင်ပွဲများအတွက် ယူ-၂၂ အသင်းနှင့် လက်ရွေးစင်အသင်းအတွက် ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ အဆိုပါ အသင်းများအတွက် ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာယူ-၂၀ အသင်းမှ အသက်မီသည့်ကစားသမားများကိုလည်း ရွေးချယ်သွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် အဆိုပါယူ-၂၂ အသင်းအတွက် ကြံ့ခိုင်ရေးနည်းပြခန့်အပ်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်က စီစဉ်လျက်ရှိပြီး ၎င်းရာထူးအတွက် ဂျာမနီ နိုင်ငံသားမားကပ်စ်ကို ကမ်းလှမ်းလျက်ရှိရာသဘော တူညီမှုရရှိပါကခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

# ဇွဲကပင်ယူနိုက်တက်အသင်းမှ ဂိုးသမား ကျော်ဇင်ထက်ကို ရန်ကုန်ယူနိုက်တက်အသင်း နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ

၂၀၁၇ ဘောလုံးရာသီအတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဇွဲကပင်ယူနိုက်တက် ဂိုးသမား ကျော်ဇင်ထက်ကို နှစ်နှစ်သက်တမ်းရှိသည့် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီဖြစ်သည်။ ဇွဲကပင်အသင်း၏ အဓိကကစားသမား ကျော်ဇင်ထက်သည် ဇွဲကပင်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်းနှင့် လက်တွဲခဲ့ခြင်းဖြစ်သည်။

ကျော်ဇင်ထက်သည် ကစားသမားဘဝကို ၁၉၉၉ ခုနှစ်တွင် ရန်ကုန်အား/ကာသိပ္ပံမှ စတင်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ကစားခဲ့သည်။ ထို့နောက် ကမ္ဘောဇအသင်းကို ၂၀၀၈ ခုနှစ်တွင် ပြောင်းရွှေ့ကစားခဲ့သည်။ မြန်မာနေရှင်နယ်လိဂ် စတင်ပေါ်ပေါက်လာချိန်တွင် ရှမ်းယူနိုက်တက်အသင်း (ယခင်ကမ္ဘောဇအသင်း)တွင် ဆက်လက်ကစားခဲ့ပြီး၂၀၁၅ ခုနှစ်တွင် အသင်းနှင့်လမ်းခွဲခဲ့သည်။ ထို့နောက် ဇွဲကပင်အသင်းတွင် ၂၀၁၆ တစ်ရာသီကစားခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးသဖြင့် ယခု ရန်ကုန်ယူနိုက်တက်အသင်းနှင့်လက်တွဲခြင်းဖြစ်သည်။

ဂိုးသမား ကျော်ဇင်ထက်သည် မြန်မာ့လက်ရွေးစင်အသင်းတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ရွေးချယ်ခံခဲ့ရပြီး ဆီးဂိမ်းနှင့် AFF Suzuki (ယခင်တိုက်ဂါးဖလား)ပြိုင်ပွဲများနှင့် ပြိုင်ပွဲပေါင်းများစွာကို နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ကစားခဲ့သည်။

# ရေစကြိုမြို့အတွင်းရှိ စာသင်ကျောင်းများနှင့် အောင်လံမြို့အတွင်းရှိ လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

ပခုက္ကူခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၄ ရက်နေ့က ရေစကြိုမြို့ပေါ်ရှိ အလယ်တန်းကျောင်းများတွင်လည်းကောင်း၊ ရွှေကျောင်းရွာ၊ ထန်းတိုကျေးရွာ၊ တောင်အိုကျေးရွာ၊ မြစ်လှချောင်း ကျေးရွာနှင့် ခင်မွန်ကျေးရွာတို့ရှိ မူလတန်း ကျောင်းများတွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ကြပါသည်။



ရေစကြိုမြို့နယ်အတွင်း အောက်တိုဘာ ၄ ရက်နေ့ တွင် အသိပညာပေးနိုင်ခဲ့မှုမှာ အလယ်တန်းကျောင်းသုံးကျောင်း၊ မူလတန်းကျောင်းငါးကျောင်းတို့တွင် အသိပညာ ပေးဆွေးနွေး ဟောပြောခဲ့ရာတွင် ကျောင်းအုပ်နှင့် ကျောင်းဆရာ ဆရာမ ၇၃ဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၆၀၃ဦး၊ ကျောင်းသားမိဘ ၂၇၇ ဦး၊ ကျောင်းမုန့် ဈေးသည်၁၃ ဦး၊ ကျောင်းအကျိုးတော်ဆောင် ၁၁ဦး၊ ကျေးရွာသူ၊ ကျေးရွာသား ၁၄၃ ဦး၊ စုစုပေါင်း ၂၁၂၆ ဦးတို့အား အသိပညာပေးနိုင်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

အလားတူ အောင်လံမြို့စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်း၍ အောက်တိုဘာ ၅ ရက်က အောင်လံမြို့ရှိ FDA ထောက်ခံချက် ရယူမည့် 'လက်တို့လိုက်ပါ' အမှတ်တံဆိပ် မြေပဲယို၊ နှမ်းယို လုပ်ငန်းနှင့် 'ရှုတိုင်းယဉ်' အမှတ်တံဆိပ် သောက်ရေသန့် စက်ရုံတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံ စားသုံးသူတာဝန်ခံက ထုတ်လုပ်သူလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ လုပ်ငန်းရှင်များ လိုက်နာရမည့် ကျင့်ဝတ်များနှင့် တာဝန်များ၊ အခွင့်အရေးများအကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုအပိုင်းနှင့်စပ်လျဉ်း၍ ထုတ်ကုန်များထုတ်လုပ်ရာတွင် ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ ကုန်အမှတ်တံဆိပ်၊ ပါဝင်သည့် အညွှန်းစာသားများ၊ ထုတ်လုပ်သူ၏လိပ်စာ၊ FDA ထောက်ခံချက် ပါရှိမှသာ ဈေးကွက်အတွင်းရောင်းချခွင့်ရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းခဲ့ပြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးကလည်း FDA နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းခဲ့ပါသည်။

ထို့နောက်ဆက်လက်၍ အောင်လံမြို့ရှိ ဆီစက် လုပ်ငန်းရှင်လေးဦးတို့အား တွေ့ဆုံ၍ စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာ ကိစ္စရပ်များနှင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ်ရှင်းလင်းခဲ့ကြောင်း သတင်းရရှိပါသည်။ **စန္ဒာစိုးလွင်(မကွေး)**

## ရွှေဘိုမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများသို့ ကျောင်းရှိ ကျောင်းမုန့်ဈေးတန်းများအား စားသုံးသူအကာအကွယ်ပေးရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

ရွှေဘိုခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ကျောင်း ကျန်းမာရေးအဖွဲ့ အခြေခံပညာ ဦးစီးဌာနနှင့် သက်ဆိုင်ရာ ကျောင်းအုပ်များ ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းများကို ကွင်းဆင်း စစ်ဆေးခဲ့ပါသည်။

အောက်တိုဘာလ ၁၂ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ရွှေဘိုခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးကျော်ငွေ၊ ဦးစီးမှူး ဒေါ်နှင်းနှင်းခိုင်၊ အငယ်တန်း စာရေး ဒေါ်ဇင်မျိုးမော်၊ အခြေခံပညာဦးစီးဌာနမှ ခရိုင်ပညာရေးမှူး ဒေါ်ငွေငွေမြင့်၊ ဒုတိယဦးစီးမှူး ဦးကိုကိုအောင်၊ ခရိုင် ကျောင်းကျန်းမာရေးအဖွဲ့မှ ဆရာဝန်များ အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဝင်းပပအေး၊ ကျန်းမာရေးမှူး ဦးချစ်ငြိမ်းနှင့် ရွှေဘို မြို့ပေါ်ရှိ အထက ကျောင်းများမှ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းများရှိ စားသောက်ကုန်များ သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ၊ ဓာတုဆိုးဆေးများပါဝင်သော မုန့်များရောင်းချခြင်း ရှိမရှိ၊ အန္တရာယ်ရှိသော စားသောက်ကုန်များ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ရွှေဘိုမြို့ရှိ အထကကျောင်း အများစုတွင် မြန်မာမုန့် အများဆုံးရောင်းချနေပြီး သန့်ရှင်း သပ်ရပ်မှုရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါကျောင်းများအနက် အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်းသည် ကျန်သော အထကကျောင်း များနှင့်မတူ ဈေးသည်များသည် ခေါင်းစီးများ၊ ခါးစီးများ၊ လက်အိတ်များဖြင့် စနစ်တကျ ရောင်းချနေကြောင်း တွေ့ရှိရပါသည်။

ကျောင်းမုန့် ဈေးတန်းများရှိ ဈေးသည်များကို ကျန်းမာရေး ဦးစီးဌာနမှ ထုတ်ပေးထားသော ကျန်းမာရေး ထောက်ခံချက် ကတ်များအား ပလတ်စတစ်လောင်း၍ ဈေးဆိုင်များတွင် ချိတ်ထားပါရန်၊ ပန်းကန်များ ဆေးကြောရာတွင် ရေကိုထပ်ခါ ထပ်ခါ လဲလှယ်ပေးကြရန်၊ သက်တမ်းကုန်ဆုံးနေသော မုန့်များ မရောင်းချရန်၊ ဓာတုဗေဒနည်းများဖြင့် ပြုလုပ်ထားသော အချဉ်(ဆော့စ်)များအား အသုံးမပြုရန်၊ အသင့်စား မုန့်များအစား မြန်မာ့ရိုးရာမုန့်များကို အဓိက ရောင်းချရန်၊ ဟင်းချိုမှုန့်များ လျှော့၍ထည့်ကြရန်နှင့် ကျောင်းတွင်း ဖွဲ့စည်းထားသော ကျောင်းကျန်းမာရေး အဖွဲ့များမှ မိမိကျောင်းကို တစ်ပတ်တစ်ကြိမ် စစ်ဆေးကြရန် အကြံပြုခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။ **ဇင်မျိုးမော်(ရွှေဘို)**

## ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုးနှင့် ဝန်ထမ်းများ၊ စစ်ကိုင်းခရိုင် စည်ပင်သာယာရေး ကော်မတီ၊ စစ်ကိုင်းခရိုင်ဥပဒေဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၂ ရက်က စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး ရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်မှ ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ စစ်ကိုင်းခရိုင် စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးမျိုးအောင်က လက်ရှိဆောင်ရွက်နေသည့် စည်ပင်သာယာရေးကိစ္စရပ်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စားသုံးသူကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ပြီး ခရိုင်ဥပဒေမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်မှပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၀၉၉ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ပါသည်။ **ချိုချိုဝင်း-စစ်ကိုင်း**

## မုံရွာမြို့နယ်တွင် အောက်တိုဘာလအတွင်း စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲများအား ရည်မှန်းချက် ကျော်လွန်ကျင်းပခဲ့

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန လက်အောက်ရှိ မုံရွာမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ် တာဝန်ခံဦးထွန်းလှိုင်သည် မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ခရိုင်ဦးစီးမှူးဦးမြင့်အောင်နှင့် ဝန်ထမ်းများ လိုက်ပါလျက် မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းဆွေနှင့် ပူးပေါင်းကာ မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာသို့ စားသုံးသူအကာအကွယ်ပေးရေး၊ အသိပညာပေးရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ဟောပြောပွဲများကို အောက်တိုဘာလ ၆ ရက်မှ ၁၂ ရက်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

အဆိုပါဟောပြောပွဲများတွင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါသိ ကောင်းစရာများ၊ စားသုံးသူများလိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့် များ၊ ဓာတုဓာတ်ကြွင်းပါ စားသောက်ကုန်များကြောင့် ဘေးထွက်ဆိုးကျိုးအဖြစ် ကင်ဆာရောဂါနှင့်တကွ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်စသည့်ရောဂါများရရှိနိုင်သည့် အချက်အလက်များ စားသုံးသူ များအနေဖြင့် အကြည့်မမှားဘဲ သတိနဲ့စားသောက်ရမည့်အချက်များကိုအသေးစိတ်ဟောပြော အသိပညာပေးခဲ့သလို မုံရွာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ခံက ပြန်ကြားရေး ဦးစီးဌာနက လှူဒါန်းသည့်စာအုပ်မျိုးစုံကို အခြေခံပညာကျောင်းများ ရှိ ကျောင်းစာကြည့်တိုက်နှင့်ကျေးလက်စာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းခဲ့ကြောင်းသိရပါသည်။

အဆိုပါဟောပြောပွဲများကို ပူးပေါင်းအဖွဲ့အနေဖြင့် အောက်တိုဘာလ လျာထားချက်ထက်ကျော်လွန်ကာ ကျေးရွာရှစ်ရွာမှ ကျေးလက် ပြည်သူ ၁၃၅ ဦး၊ အခြေခံပညာ ရှစ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမပေါင်း ၁၆၈၅ ဦးအား အသိပညာပေး ဟောပြောခဲ့ပြီး စားသုံးသူရေးရာ သိကောင်းစရာ လက်ကမ်းစာ စောင် ၇၈၅ စောင်နှင့် စာအုပ်စာတမ်းများ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

**ထွန်းလှိုင်၊ မုံရွာ**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အလုံမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ



စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနဲ့ တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၆ရက်က အလုံမြို့နယ်ရှိ အလုံမြို့နယ်ခန်းမ၌ လည်းကောင်း၊ အောက်တိုဘာ ၁၂ရက်က မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိစန္ဒိမာခန်းမ၌ လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဟောပြော ဆွေးနွေးပွဲများတွင် အလုံမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နဲ့ မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနဲ့ ဦးစီးအရာရှိဒေါ်ထားထားလှိုင်တို့က ကမ္ဘာ့နိုင်ငံအသီးသီးတွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ပေါ်ပေါက်လာပုံ၊ တိုင်းအဆင့်နဲ့ ခရိုင်အဆင့်များတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းပေးရေး အဖွဲ့များ ဥပဒေနဲ့အညီဖွဲ့စည်းထားမှုနဲ့ လုပ်ငန်းတာဝန်များ၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ရသည့် ရည်ရွယ်ချက်၊ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စားသုံးသူနဲ့ လုပ်ငန်းရှင်တို့ သိရှိလိုက်နာရမည့် အချက်များ၊ ရပိုင်ခွင့်နှင့်တာဝန်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိဒေါက်တာစုမြတ်ဖြူနှင့် ဦးစီးအရာရှိ ဒေါ်ချိုချိုဝင်းတို့က အမျိုးသား အစားအသောက် ဥပဒေပါ အကြောင်းအရာများကို လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ လုပ်ဆောင်သည့် အနေဖြင့် ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီး ဆောင်ရွက်ချက်များ၊ အလှကုန်ပစ္စည်းများနှင့်ပတ်သက်၍ သက်တမ်းလွန်သော အလှကုန်များ၊ အွန်လိုင်းမှ ကြော်ငြာအား ကောင်းသော ပစ္စည်းများအား မသုံးစွဲရန်နဲ့ မှတ်ပုံတင်ထားသော ပစ္စည်းများကိုသာ ဝယ်ယူသုံးစွဲကြရန်၊ နာမည်ကြီး အမှတ်တံဆိပ်များနှင့် မိမိနှင့် ရင်းနှီးကျွမ်းဝင်သည့် ဆိုင်များမှ ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲကြရန် လည်းကောင်း၊ အလုံမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ နန်းထက်ဝင်းနဲ့ မရမ်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာအေးအေးမျိုးတို့က အိမ်ရှင်မများ အစားအစာ ဝယ်ယူချက်ပြုတ်ရာတွင် လည်းကောင်း၊ သိမ်းဆည်းထားသိုရာတွင် လည်းကောင်း လိုက်နာရမည့် အချက်များကို အသီးသီး ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အနောက်ပိုင်းခရိုင် ဦးစီးမှူးနှင့်အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ အရာထမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အရာထမ်းများ၊ အလုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မရမ်းကုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဈေးသူဈေးသားများနှင့် စတိုးဆိုင် လုပ်ငန်းရှင်များ၊ အလုံမြို့နယ်တွင် စုစုပေါင်း ၇၀ ဦးခန့်နှင့် မရမ်းကုန်းမြို့နယ်တွင် စုစုပေါင်းလူဦးရေ ၉၀ ဦးခန့် တက်ရောက်ခဲ့ ပါတယ်။

အလားတူ အောက်တိုဘာလ ဒုတိယပတ်အတွင်း ရန်ကုန် တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်း ခရိုင်တွင် ရှစ်နေရာ၊ အနောက်ပိုင်းခရိုင်တွင် ၁၈ နေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၉ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ရှစ်နေရာတို့၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **လဲ့လဲ့ဌေး (စားသုံးသူ)**

## ကရင်ပြည်နယ်၊ စားသုံးသူအကာအကွယ်ပေးရေး အောက်တိုဘာလပထမပတ် ဆောင်ရွက်မှုများ

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၏ ၂၀၁၆ ခုနှစ် အောက်တိုဘာလ လျာထားချက် အပေါ် ကရင်ပြည်နယ် ရုံး၊ ဘားအံခရိုင်ရုံး၊ မြဝတီမြို့နယ်ရုံး၊ ကော့ကရိတ်မြို့နယ် ရုံးတို့မှ ဝန်ထမ်းများသည် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်းနှင့် စားသောက်ကုန်ထုတ် ပစ္စည်းများအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက် ရှိကြောင်း သိရပါတယ်။

ဟောပြောပွဲများကို ဘားအံမြို့နယ်ရှိ လှာကဒေါင် ကျေးရွာ၊ အုန်းတပင်ကျေးရွာ၊ နောင်လုံ အနောက်ကျေးရွာတို့၌ လည်းကောင်း၊ ကော့ကရိတ်မြို့နယ်ရှိ ကျွန်းကလေး အ. မ. က ကျောင်းနှင့် ငါးတိုင်ကျေးရွာ အ. လ. က ကျောင်းများတွင် လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ကြောင်း သိရှိရပါတယ်။ ၎င်းဟောပြောပွဲများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ခေါင်းစဉ်ဖြင့် စားသုံးသူတို့ သိသင့်သိထိုက်သော စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူတို့ ရရှိနိုင်သည့် အခွင့်အရေး၊ စားသုံးသူတို့၏ တာဝန်အကြောင်း၊ စားသုံးသူ ပြည်သူများ စိတ်ချလုံခြုံမှု ရှိသော ထုတ်ကုန်ပစ္စည်းများကို ရွေးချယ် စားသောက်နိုင်သော အသိပညာပေးမှုများအကြောင်း၊ စားသောက်ခြင်း၊ သုံးစွဲခြင်းပေါ် မိမိတို့သည် အဓိက ဆုံးဖြတ်မှု မှန်ကန်ရမည့် အကြောင်း စသည်တို့အား PowerPoint ဖြင့် ရှင်းလင်းပြီး၊ ဆက်စပ်ဌာနများဖြစ်သော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီး ဌာနမှ တာဝန်ရှိသူတို့ကလည်း အမျိုးသား အစားအသောက် ဥပဒေအကြောင်း၊ စားသောက်ကုန်ပစ္စည်းတို့တွင် ထည့်သုံးကြသော ဆိုးဆေးအကြောင်း၊ ဓါတုဆိုးဆေး၏ နောက်ဆက် တွဲ ဖြစ်ပေါ်လာနိုင်သော ရောဂါများအကြောင်း၊ ဆေးဝါးနှင့် ပတ်သက်၍ ဆေးဆိုင်ပိုင်ရှင်များ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ၊ ဆေးဝါးအထားအသိုများ၊ ဆေးဝါးအတုများ၊ စပ်ဆေးများ အကြောင်းနှင့် အလှကုန်ပစ္စည်းတို့အား သုံးစွဲရာ တွင် ဓာတုပစ္စည်းများ ပိုမိုထည့်ထားသော ပစ္စည်းများ မသုံးကြရန် ဓာတ်ပုံများနှင့်တကွ ရှင်းလင်း ပြောကြားပါတယ်။

မြဝတီမြို့၊ ရပ်ကွက်နှစ်ခု အတွင်းရှိ လက်လီအရောင်းဆိုင် ရှစ်ဆိုင်တို့တွင် ရောင်းချနေမှုနှင့် စားသောက်ကုန် ပစ္စည်းတို့သည် လတ်ဆတ်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရက်လွန် မုန့်များ မရောင်းချရန်၊ ဓာတုဆိုးဆေး လွန်ကဲစွာပါဝင်သော မုန့်များ မရောင်းကြရန် အသိပညာပေး၍စစ်ဆေးမှုတို့ ပြုလုပ်ခဲ့ကြောင်းနှင့် ၎င်းစစ်ဆေးခြင်းနှင့် ဟောပြောခြင်းတို့တွင် ဆက်စပ်ဌာနများဖြစ်သော စားသုံးသူရေးရာ ဦးစီးဌာန၊ FDA၊ စည်ပင်သာယာ၊ အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းလည်း သိရပါတယ်။ ၎င်းဟောပြောပွဲသို့ တက်ရောက်သူ စုစုပေါင်း ၅၅၆ ဦးနှင့် စစ်ဆေးမှုပြုသော ဈေးဆိုင်များအားလုံးအား စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်း စာစောင်များ ဝေငှခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား စားသုံးသူ အကာအကွယ်ပေးဥပဒေစာအုပ်များဝေငှခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည် (ကရင်ပြည်နယ်)**

## မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ဒုတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

မန္တလေးတိုင်း ဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန အနေဖြင့် မန္တလေးတိုင်း ဒေသကြီး အတွင်းရှိ ခရိုင်လေးခရိုင်မှ စာသင်ကျောင်း၊ အများပြည်သူ ဈေးများနှင့် ရပ်ကွက်၊ ကျေးရွာများ၌ ၂၀၁၆ခုနှစ်၊ အောက်တိုဘာ ဒုတိယပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး ဟောပြော ဆွေးနွေးပွဲများအား မန္တလေး ခရိုင်တွင် ငါးကြိမ်၊ မြင်းခြံခရိုင်တွင် ငါးကြိမ်၊ ကျောက်ဆည်ခရိုင်တွင် ငါးကြိမ်၊ မိတ္ထီလာခရိုင်တွင် လေးကြိမ်၊ စုစုပေါင်း ၁၉ကြိမ် ကျင်းပပြုလုပ်ရန် လျာထားခဲ့ပြီး ယင်းလျာထားချက်ထက် ကျော်လွန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မန္တလေးခရိုင်မှာ အောက်တိုဘာ ဒုတိယပတ်အတွင်း ချမ်းမြသာစည်မြို့နယ်၊ မြို့ဟောင်းဈေး၊ အောင်သာယာရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ သီရိမန္တလာဈေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရန်အောင်ဈေး၊ (စ) ရပ်ကွက်တို့တွင် ဟောပြောပွဲနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြပါတယ်။



အဆိုပါ ဟောပြောပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူ အကာအကွယ် ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စိုက်ပျိုးရေး ဦးစီးဌာနမှ နေ့စဉ်စားသုံးနေသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ကျန်ရှိနေသည့် ပိုးသတ်ဆေး ဓါတ်ကြွင်းများ အကြောင်း၊ ကျန်းမာရေး ဦးစီးဌာနမှ ခွင့်မပြု ဆိုးဆေးများနှင့် ဆိုးဆေးအန္တရာယ်များ အကြောင်း၊ ဥပဒေချုပ် ရုံးမှ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်း တာဝန်ရှိသူ အသီးသီးက အကျယ်တဝင့် ရှင်းလင်း ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ **တင်တင်ခိုင် (မန္တလေး)**

# အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၂ သန်းကျော်တန်ဖိုးရှိ လုပ်ငန်းပေါင်း ၁၅ ခု ခွင့်ပြုပေးခဲ့



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် စက်တင်ဘာလ ၂၃ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးအမှတ်စဉ် ၁၈/၂၀၁၆နှင့် အောက်တိုဘာလ ၇ ရက်က ကျင်းပခဲ့သည့်အစည်းအဝေး အမှတ်စဉ် ၁၉/၂၀၁၆တို့မှ ဆုံးဖြတ်ချက်အရ ရင်းနှီးမြှုပ်နှံ မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၂ သန်းကျော်တန်ဖိုးရှိသည့်လုပ်ငန်းပေါင်း ၁၅ ခုကို ခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၁၈/၂၀၁၆အစည်းအဝေး၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် ခုနစ်ခုကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၃၉ ဒသမ ၆၁၇ နှင့် ပြည်တွင်း၌ အလုပ်အကိုင်ပေါင်း ၄၅၆၉ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ထို့ပြင် အဆိုပါအစည်းအဝေးမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုကို ခွင့်ပြုခဲ့ရာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၃ ဒသမ ၈၂၇ နှင့်ကျပ်သန်း ၅၉၄၆ ဒသမ ၇၄၄ အပါအဝင် အလုပ်အကိုင်ပေါင်း ၈၅ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

အလားတူ ၁၉/၂၀၁၆တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးခဲ့သည့်ရင်းနှီးမြှုပ်နှံမှုအရေအတွက်မှာ ခုနစ်ခုရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၃၉ ဒသမ ၃၄၁နှင့် အလုပ်အကိုင်ပေါင်း ၄၂၉၀ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

အစည်းအဝေး နှစ်ရပ်ပေါင်း အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက် စုစုပေါင်း ၁၄ ခုခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၇၈ ဒသမ ၉၅၈ နှင့် အလုပ်အကိုင်စုစုပေါင်း ၈၈၅၉ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

အဆိုပါခွင့်ပြုလုပ်ငန်း ၁၄ခုတွင် စက်မှုလုပ်ငန်း ၁၃ ခုနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်း တစ်ခုတို့ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ခွင့်ပြုပေးခဲ့ရာ အဆိုပါလုပ်ငန်းမှာ စက်မှုလုပ်ငန်းဖြစ်ကြောင်းသိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၂၀၁၆ခုနှစ် အောက်တိုဘာလလယ်အထိ စီးဝင်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၅၂ ခု ရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ပေါင်း ၆၆၂ ဒသမ ၈၃၅ ရှိကြောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ လုပ်ငန်းပေါင်း ၂၂ ခု၊ အမေရိကန်ဒေါ်လာသန်းပေါင်း ၉၉ ဒသမ ၈၈၆ နှင့် ကျပ်သန်း ၁၇၅၀၂၇ ဒသမ ၁၃၉ ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုပေးရာတွင် လုပ်ငန်း၏စီးပွားရေးတွက်ခြေကိုက်မှု၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှု၊ အမျိုးသားဝင်ငွေနှင့်အခွန်တိုးတက်ရရှိနိုင်မှု၊ ပြည်တွင်းပြည်ပဈေးကွက်အခြေအနေ၊ပြည်တွင်းစားသုံးရန်လိုအပ်ချက်၊ နည်းပညာဆိုင်ရာလျော့မှု၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာလွှဲပြောင်းရရှိမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့်လူမှုရေးထိခိုက်မှုထိန်းသိမ်းကာကွယ်ရေးဆောင်ရွက်မှုအစီအမံများ၊ တာဝန် ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းနှင့် တည်ဆဲဥပဒေများကို လိုက်နာခြင်း စသည့်အချက်များကို အခြေခံ၍ စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# MPT က 4G ဝန်ဆောင်မှုကို သတ်မှတ်နေရာများတွင် စတင်အသုံးပြုနိုင်ပြီ

မြန်မာနိုင်ငံ၏ဦးဆောင်ဆက်သွယ် ရေးအော်ပရေတာဖြစ်သည့် MPT သည် ၎င်း၏မြန်နှုန်းမြင့်ဆက်သွယ်ရေး ကွန်ရက်ဖြစ်သည့် 4G ဝန်ဆောင်မှုကို သတ်မှတ်ထားသည့်နေရာများတွင် အောက်တိုဘာလ ၁၄ ရက်မှ စတင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း MPT က သတင်းထုတ်ပြန်ခဲ့သည်။

၎င်း 4G ကွန်ရက်ရရှိနိုင်သည့် နေရာများမှာ MPT အမှတ်တံဆိပ်ဆိုင်များဖြစ်သည့် ရန်ကုန်မြို့ရှိ ဆူးလေ Branded Store တွင် သာမက ဈေးဝယ်စင်တာများဖြစ်ကြသည့် Junction Maw Tin၊ Junction Square နှင့် တော်ဝင်စင်တာတို့တွင်လည်းကောင်း၊ နေပြည်တော်ရှိ ဈေးဝယ်စင်တာများ ဖြစ်သည့် Junction Center နှင့် Capital Hyper Mart တို့တွင် MPT ၏ 4G ဝန်ဆောင်မှုများကို




စတင်သုံးစွဲနိုင်ပြီ ဖြစ်သည်။

MPT ၏ 4G ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန်အတွက် ဆွေသဟာ အစီအစဉ်ကို ရယူအသုံးပြုရမည်ဖြစ်ပြီး 4G အသုံးပြုနိုင်သည့် ဟန်းဆက်နှင့် ဆင်းမ်ကတ်လည်းရှိနေရမည်ဖြစ်သည်။

4G အသုံးပြု၍မရသည့် ယခင်ဆင်းကတ် ကိုင်ဆောင်ထားသူများအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်ရှိ MPT ၏ Branded Store ဆိုင်များတွင် မိမိလက်ရှိအသုံးပြုနေသည့်နံပါတ်အတိုင်း အခမဲ့လဲလှယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"အစိုးရက ၂၀၁၇ခုနှစ်မှာ 1.8 GHz ရှိတဲ့ Spectrum လှိုင်းနှုန်းစဉ်ကို ထုတ်ပြန်လိုက်ပြီဆိုတာနဲ့တစ်ပြိုင်နက် အဲဒီလှိုင်းနှုန်းစဉ်ကို အသုံးပြုပြီးတော့ ကြီးမားကျယ်ပြန့်တဲ့ 4G ကွန်ရက်ကို တည်ဆောက်သွားဖို့ အရင်ကတည်းက ကျွန်တော်တို့ စောင့်ကြိုနေခဲ့တာပါ။ 4G ဝန်ဆောင်မှုကို အကြိုမိတ်ဆက်တဲ့အနေနဲ့ ကျွန်တော်တို့ရဲ့သုံးစွဲသူတွေအတွက် သတ်မှတ်ထားတဲ့နေရာတွေမှာ လက်ရှိ Spectrum နဲ့ပဲ မြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုတွေကို စတင်သုံးစွဲလို့ရအောင် လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ပြီးတော့ MPT ဟာ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ဖို့ နည်းပညာအားဖြင့် အဆင်သင့်ဖြစ်နေပြီဆိုတာကိုလည်း လက်တွေ့ပြသနိုင်ခဲ့ပါတယ်"ဟု MPT-KGSM Joint Operation ၏ Chief Commercial Officer ဖြစ်သူ မစ္စတာကိုအိချိကာဝါဆဲက ပြောကြားခဲ့သည်။




# ၂၀၁၆ ခုနှစ်ရန်ကုန်မြို့၏အိမ်ခြံမြေ အကြောင်း ရှုမြင်သုံးသပ်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပ

၂၀၁၆ခုနှစ် ရန်ကုန်မြို့၏အိမ်ခြံ မြေအကြောင်း ရှုမြင်သုံးသပ်ခြင်း ခေါင်း စဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို စက် တင်ဘာလ ၃၀ ရက်က ရန်ကုန်မြို့ရှိ Golden City တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် အိမ်ခြံမြေဈေးကွက်၏ ပညာရှင်များဖြစ်ကြသော SMART GROUP ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ MYANMAR'S LAND CEO & Founder ဦးလင်းသိုက်ညွှန့်နှင့် Colliers International မှအုပ်ချုပ်မှု ဒါရိုက်တာ Mr. Tony Picon တို့က အိမ်ခြံမြေဈေးကွက်မှ နောင်တစ်ချိန်တွင် ရရှိလာနိုင်သော အခွင့်အရေးများ နှင့် အနာဂတ်အိမ်ခြံမြေဈေးကွက်အား ရင်းနှီးမြှုပ်နှံခြင်းများအကြောင်းကို ပြောကြားခဲ့သည်။

ဦးကျော်ကျော်လှိုင်က "ဒီခေတ်မှာ ၃ နှစ် ၅ နှစ်အရွယ်ကလေးတွေတောင် ဒစ်ဂျီတယ်ပစ္စည်းတွေကို သုံးနေကြပြီးတော့ လူတွေအားလုံးကလည်း ဒီ Social Media ကိုပဲ စိတ်ဝင်စားနေကြတယ်။ လူတွေက အွန်လိုင်းကိုသုံးပြီးတော့ အရောင်းအဝယ်တွေလုပ်တယ်ပြီးတော့ သူတို့နဲ့ဒီပစ္စည်းက အသုံး တည့်လား မတည့်ဘူးလားဆိုတာကို လည်း ဒီ Social Media နဲ့ပဲ ကြည့်ပြီး ဆုံးဖြတ်နေကြတယ်။ ဒါကြောင့် စီးပွား ရေးသမားတွေက သူတို့ရဲ့ ဝယ်ယူသူ တွေကို Social Media App တွေဖြစ်တဲ့ Facebook, Instagram နဲ့ တခြား Social Media App တွေကနေပြီး ရှာဖွေကြတော့တယ်။ ၂၀၁၆ ခုနှစ်မှာဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ Social Media ကို Check လုပ်တဲ့နှုန်းက ပိုပြီးမြင့် တက်လာတာကိုတွေ့ရပါတယ်။ ဒါကြောင့် Social Media ဟာ လူတိုင်း ရင်းနှီးမြှုပ်နှံမှုတွေလုပ်နေတဲ့ နေရာ တစ်ခုဖြစ်လာပါတယ်။ အဲဒီထဲမှာ အိမ်ခြံမြေလုပ်ငန်းလည်းပါဝင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဦးလင်းသိုက်ညွှန့်က "ဒီခေတ် အနေအထားအရ အိမ်ခြံမြေလုပ်ငန်းတွေမှာ စီးပွားရင်းနှီးဖို့ အကောင်းဆုံး အချိန်အခါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော် ရင်းနှီးဖို့ကောင်းတယ်လို့ ပြောလိုက်တဲ့အချိန်မှာလည်း ရိုးရိုးတိုက်ခန်းတွေကို အများကြီးဝယ်မယ့်အစား GOLDEN CITY လို အရည်အသွေး ကောင်းပြီး အဆင့်မြင့်တဲ့ အိမ်ယာစီမံ ကိန်းမျိုးမှာ အရင်းအနှီး လုပ်သင့်တာကို ပြောတာဖြစ်ပါတယ်။ ဒီလိုရင်းနှီးဖို့ ရှာတဲ့အခါမှာလည်း တီထွင်ဖန်တီးတတ်တဲ့ အစွမ်းအစရှိပြီးတော့ Code of Honor ကိုစောင့်ထိန်းတဲ့အကောင်းဆုံး ဆောက်လုပ်ရေးပညာရှင်တွေကိုသာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ နောက် ဆုံးတစ်ခုအနေနဲ့ လူတိုင်းက ဈေးကွက် အခြေအနေပေါ်မှာမူတည်ပြီးတော့ မိမိတို့ရဲ့ဥစ္စာပစ္စည်းတွေကို ဘယ်အချိန် ရောင်းသင့်တယ်၊ ဝယ်သင့်တယ်ဆိုတာကို နားလည်သဘောပေါက်ဖို့လည်း လိုပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

# tE&d, yJaps;uGuf &ufo wåywf

အဂရိဝပ်ချ်တွင် ဖော်ပြထားသော ပဲဈေးကွက် အခြေအနေမှာ အချို့သော အချက်အလက်များ ယခင်ရက်သတ္တပတ်က အခြေအနေအတိုင်း အပြောင်းအလဲ မရှိသေးသည်ကို တွေ့ရသည်။

အဂရိဝပ်ချ်မှ ထုတ်ပြန်သော အောက်တိုဘာ ၁၀ရက်တွင် ကုန်ဆုံးသည့် ရက်သတ္တပတ်အတွက် အစီရင်ခံစာအရ စစ်တမ်းကောက်ယူခဲ့ရာ ကုလားပဲမှအပ လက်ငင်းဈေးကွက်ရှိပဲအမျိုးမျိုး၏ ဈေးနှုန်းများမှာ အတက်အကျ အမျိုးမျိုးရှိနေသည်။ ပွဲတော်ကာလဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ ကုလားပဲ ဝယ်လိုအား မြင့်တက်မှုကြောင့်လည်းကောင်း ကုလားပဲဈေးနှုန်းမှာ မြင့်တက်လျက်ရှိသည်။ ရောင်းလိုအား ကျဆင်းနေသော်လည်း ဈေးမြင့်တက်မှု အလားအလာမှာ ယခုလကုန်အထိ ဆက်လက် တည်ရှိမည် မဟုတ်ဟု ခန့်မှန်းကြသည်။ ပြည်ပမှ တင်သွင်းလာမည့် ကုလားပဲ ပမာဏမှာ မြင့်တက်လာမည့် အလားအလာရှိပြီး မွမ်ဘိုင်းဈေးကွက်တွင် လာမည့်လများ၌ တစ်ကွင်တယ်ကို ရူပီး၅၄၀၀ မှ ၅၅၀၀ အကြား ရှိနိုင်သည်။ မိုးစိုက်ကုလားပဲများလည်း ဈေးကွက်အတွင်းသို့ ဝင်ရောက်လာမည်ဖြစ်ပြီး စားသုံးသူတို့ကလည်း ကုလားပဲမှ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့ကို ပြောင်းလဲစားသုံးမည်ဟု ခန့်မှန်းရသည်။



၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၆ရက်မှ ၂၉ ရက် အထိ ချန်နိုင်းနှင့် ခရစ်ရှနာပါတနမ် ဆိပ်ကမ်းများသို့ ရောက်ရှိလာမည့် ပဲမျိုးစုံ ကုန်သေတ္တာ အရေအတွက်မှာ ၁၉၅လုံး ရှိခဲ့သည်။ ကုန်သေတ္တာ ၁၉၅ လုံးအနက် မတ်ပဲက ၆၇လုံး၊ ပဲစင်းငုံက ၇၂လုံး၊ ပဲဝါလေးက ၃၀လုံး၊ ပဲတီစိမ်းက ၁၄လုံး၊ ပဲလွန်းက ၃လုံးနှင့် ပဲလုံးက ၉လုံးရှိသည်။

အောက်တိုဘာ ၁၃ရက်တွင် ထုတ်ပြန်သော အဂရိဝပ်ချ်၏ ပဲမျိုးစုံ နေ့စဉ် အစီရင်ခံစာတွင် ပဲမျိုးစုံ လက်ငင်းဈေးကွက်များတွင် အရောင်းအဝယ် ကျဆင်းနေကြောင်း ဖော်ပြထားသည်။ အဓိကအားဖြင့် အားလပ်ရက်များ များပြားမှုကြောင့် အဓိကဈေးကွက်ကြီးများတွင် ပုံမှန်ရောင်းဝယ်မှုများကို ထိခိုက်စေခဲ့သည်။ နယူးဒေလီရှိ ကုလားပဲ ဈေးနှုန်းမှာ မူရင်းဈေးအောက် တစ်ကွင်တယ်ကို ရူပီး၅၀၀မှ ရူပီး ၆၀၀အထိ ကျဆင်းသည်။ ရာဂျက်စသန် ကုလားပဲဈေးမှာ ဒေလီတွင် တစ် ကွင်တယ်ကို ရူပီး ၁၀၂၀၀ အထိ ဈေးပေါက်ခဲ့သည်။ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲလုံးနှင့် ပဲတီစိမ်းများလည်း လာမည့် သီတင်းပတ်တွင် ပဲသစ်များအဖြစ် ဝင်ရောက်လာမည်ဟု ခန့်မှန်းထားသည်။

မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံ ပေါက်ဈေးက တစ်ကွင်တယ်ကို ရူပီး ၆၇၀၀ နှင့် မတ်ပဲက တစ်ကွင်တယ်ကို ပေါက်ဈေး ရူပီး ၈၀၀၀ ရှိသည်။ ကုလားပဲက တစ်ကွင်တယ်ကို ရူပီး ၁၀၄၀၀ ဈေးရှိသည်။ မြန်မာပဲစင်းငုံ CNF ဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၄၀၊ FAQ ဈေးက အမေရိကန်ဒေါ်လာ ၁၂၄၀နှင့် SQM ဈေးက အမေရိကန်ဒေါ်လာ ၁၂၉၅ နှုန်းရှိသည်။ အောက်တိုဘာ ၂ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း အိန္ဒိယနိုင်ငံက ပဲမျိုးစုံ ၁၁၂၀၃၀တန် တင်သွင်းခဲ့ရာ ယခင်ရက်သတ္တပတ်က တင်သွင်းခဲ့သော တန်ချိန် ၇၆၉၃၃တန်နှင့် နှိုင်းယှဉ်ပါက ၄၅ဒသမ ၆၂ရာခိုင်နှုန်း ပိုမိုခဲ့သည်။

၂၀၁၆ အောက်တိုဘာ ၁၁ရက် စာရင်းများအရ JNPT ဆိပ်ကမ်းမှတစ်ဆင့် အိန္ဒိယက တင်သွင်းခဲ့သော ပဲမျိုးစုံကုန်သေတ္တာ အရေအတွက်မှာ ၅၇၈လုံး ရှိသည်။ စုစုပေါင်း ပဲအမျိုးအစားများအနက် အများဆုံး တင်သွင်းသော ပဲမှာ ပဲစင်းငုံဖြစ်သည်။ စုစုပေါင်း ရောက်ရှိပြီးသော ပဲစင်းငုံကုန်သေတ္တာ အရေအတွက်မှာ ၄၅၆လုံးရှိသည်။ ကနေဒါမှတင်သွင်းသော ကုလားပဲမှာ ကုန်သေတ္တာ ၂၅လုံးရှိသည်။ ပဲနီလေးက ၂၈လုံး၊ ပဲဝါလေး ၇လုံး၊ ပဲလုံး ၁၄လုံးနှင့် မတ်ပဲ ၄၅လုံး အသီးသီးရှိသည်။ ယခုရက်အတွင်း ပဲတီစိမ်း တင်သွင်းမှု မရှိသော်လည်း ဘိုစားပဲက ကုန်သေတ္တာ ၃လုံး ရှိသည်။

အဂရိဝပ်ချ်က အောက်တိုဘာအတွက် ထုတ်ပြန်သော လစဉ်အစီရင်ခံစာအရ မိုးစိုက်ပဲ ထုတ်လုပ်မှု အလားအလာ ကောင်းမွန်မှု၊ ပြည်ပမှ တင်သွင်းသော ပမာဏကြီးမားမှုနှင့် ဆောင်းစိုက်ပဲများ ကောင်းမွန်မည့် အလားအလာတို့ကြောင့် ကုလားပဲမှအပ ဈေးနှုန်းများ ကျဆင်းမည်ဟု ဖော်ပြထားသည်။ လောလောဆယ်တွင် ပွဲတော်ရာသီဝယ်လိုအားက လက်ငင်းဈေးကွက်အရောင်းအဝယ်ကို ထောက်ပံ့ပေးနိုင်သည့်အတွက် မတန်တဆ ဈေးကျမည့် အလားအလာကို မတွေ့ရသေးပါ။ သို့သော် မိုးစိုက်ပဲ ကောင်းမွန်မှုကြောင့် ယခုလကုန်လောက်တွင် ဈေးနှုန်း အခြေအနေအပေါ် အကျိုးသက်ရောက်မှု ရှိလာပြီး ပဲဈေးနှုန်းများ ကျဆင်းနိုင်သည်။ ဝယ်လိုအား ကောင်းမွန်ပြီး ဈေးကွက်ထဲတွင် ပစ္စည်းရှားပါးသဖြင့် ကုလားပဲဈေးမှာမူ မာနိုင်သည်။ အားလုံး ခြုံကြည့်မည်ဆိုပါက ပဲမျိုးစုံဈေးကွက်မှာ ဆက်လက် ကျဆင်းနေဦးမည်။

**စံမီအောင်**

## ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ပိုးမွှားကျရောက်မှုကြောင့် ဆန်အထွက်နှုန်းကျဆင်း

ဗီယက်နမ်နိုင်ငံ မဲခေါင် မြစ်ဝကျွန်းပေါ် ဒေသရှိ လယ်သမားများ ယခုနှစ်ရာသီအတွက် တတိယမြောက်သီးနှံဖြစ်သော ဆန်စပါးကို စတင် ရိတ်သိမ်းနေပြီဖြစ်ကြောင်းနှင့် ပို့ကုန်လုပ်ငန်းတွင် ကြုံတွေ့နေရသော အခက်အခဲများကြောင့် ဆန်ဈေးနှုန်းများ ကျဆင်းနေချိန်မှာပင် ဆန်စပါး အထွက်နှုန်းကျဆင်းမည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြသည်။

“ ပြီးခဲ့တဲ့နှစ် ဆောင်းသီးနှံတုန်းက ဆန်၊ စပါး အထွက်နှုန်းက တစ်ဟက်တာကို ၅ ဒသမ၅ တန်ကနေ ၆ တန်အထိ ထွက်ရှိပါတယ်။ ဒါပေမဲ့ ဒီနှစ်အတွက်ကတော့ ငါးတန်တောင် ပြည့်မယ်မထင်ပါဘူး” ဟု ဒေါင်သတ်ပြည်နယ် တမ်နောင် ခရိုင်ရှိ မူဒပ်ကွန်မြူးမှ ငုယင်ဗန်ဇီ ယမ်ဝိုကပြောသည်။ ဆန်စပါးကို သုံးသီးစားအဖြစ် စိုက်ပျိုးခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်နေသော်လည်း ယခုနှစ်မှာ အထွက်နှုန်း အနည်းဆုံးဖြစ်ခဲ့ကြောင်း သူက ပြောသည်။

ဟောဂျမ်းနှင့် ကီယန်ဂျမ်း ပြည်နယ်တို့အပါ အဝင် အခြားပြည်နယ်များမှ လယ်သမားများမှာလည်း ဆောင်ဦး-ဆောင်းသီးနှံ ရိတ်သိမ်းရာ၌ အထွက်နှုန်း ကျဆင်းမည်ကို စိုးရိမ်လျက်ရှိသည်။

ဆောင်းနှင့်နွေဦး စိုက်ဆန်စပါးများမှာ ပူပြင်းခြောက်သွေ့မှုနှင့် ပင်လယ်ဆားငန်ရေ ဝင်ရောက်မှုကြောင့် ဟက်တာ ၁၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း ကီယန်ဂျန်းပြည်နယ် ဟွန်ဒတ်ခရိုင်ရှိတီတောင်ကဲ ကျေးရွာအကြီးအကဲ ဒန်ဟောက ပြောသည်။ ယခုတစ်ဖန် ရောဂါပိုးကျ ရောက်သည့်အတွက် အထွက်နှုန်း ကျဆင်းမှုနှင့် လယ်သမားတို့ ရင်ဆိုင်နေရသည်။

လယ်သမားအများစုမှာ နေရပ်ကို စွန့်ခွာ၍ ဟိုချီမင်းစီးတီးနှင့် ဆင်ဒေါင်ပြည်နယ်တို့သို့သွားရောက်ကာ အလုပ်အကိုင်များ ရှာဖွေလုပ်ကိုင်စားသောက်ကြကြောင်း ဒေသခံလယ်သမားတို့က ပြောသည်။

ပြည်ပသို့ တင်ပို့ရာတွင် အခက်အခဲများ ကြုံတွေ့နေရသည့်အတွက် သိုလှောင်လက်ကျန် အများအပြားရှိနေခဲ့ရာ စပါးဈေးများ ကျဆင်းခဲ့ကြောင်း စက်မှုနှင့်ကုန်သွယ်ရေး ဝန်ကြီးဌာန ပို့ကုန်နှင့် သွင်းကုန်ဌာနခွဲ၏ ဒုတိယအကြီးအကဲ ဒေါင်ဗောသောင်းက ပြောသည်။

ယခုနှစ်တွင် ရေကြီးချိန်ကာလထူးထူးခြား ခြား တိုတောင်းသည့်အတွက် ဆောင်းဦး-ဆောင်းစပါးကို တစ်လခန့် ကြိုတင်ပြီး ရိတ်သိမ်းခဲ့ရသည်။

မြစ်ဝကျွန်းပေါ်ဒေသမှ လယ်သမားများသည် နိုင်ငံအစားအစာဖူလုံရေးနှင့် ပြည်ပတင်ပို့နိုင်ရေးအတွက် များစွာ အထောက်အကူပြုခဲ့ကြသော်လည်း ဆန်စပါးစိုက်ပျိုးပြီး ချမ်းသာကြွယ်ဝလာသူကို များများစားစား မတွေ့ရကြောင်း ဆောက်ထရမ်ပြည်နယ် ပါတီကော်မတီအတွင်းရေး မှူး ငုယင်ဗန်သီက ပြောသည်။ ရာသီဥတု ပိုမိုဆိုးရွားလာမှုနှင့် မြစ်များအတွင်းသို့ ဆားငန် ရေများ ထိုးဖောက်ဝင်ရောက်မှုတို့ကြောင့်ဆန်စပါးစိုက်ပျိုးရေးကို ထိခိုက်မှုရှိခဲ့ကြောင်း သူက ပြောသည်။

သစ်သီးများကို ပြည်ပတင်ပို့မှု တိုးတက်လာသည့်အတွက် သစ်သီးဈေးနှုန်းများ မြင့်တက်လာချိန်တွင် ဆန်ဈေးနှုန်းများလည်း ကျဆင်းလျက်ရှိကြောင်းလည်း သူက ပြောသည်။

ဂရိတ်ဖရုစိုက်ပျိုးသူ ဆောက်ထရန် လယ်သမားများမှာ နှစ်စဉ် တစ်ဟတ်တာမှ အကျိုးအမြတ် ဗီယက်နမ်ဒေါင် သန်း ၃၀၀ (အမေရိကန်ဒေါ်လာ ၁၃၆၀၀) ရရှိပြီး အကျိုးအမြတ်မှာ ဆန်စပါး စိုက်ပျိုးရသည်ထက် အဆများ စွာ သာလွန်သည်။

ပန်း၊ အလှဆင်သစ်ပင်နှင့် သရက်သီး အပါအဝင် အခြားထွက်ကုန်များက ဆန်စပါးနှင့် နှိုင်းယှဉ်လျှင် အကျိုးအမြတ်ပိုရှိသည့်အတွက် လယ်သမားတို့က အဆိုပါထုတ်ကုန်များကို အလေးပေးဆောင် ရွက်လာကြသည်။

ဆန်စပါး စိုက်ပျိုးရေးဇုန်အဖြစ် သတ်မှတ်ထားသော နယ်မြေများတွင် သက်ဆိုင်ရာ ပြည်နယ်တို့က ကုန်ကျစရိတ်ကို လျှော့ချပြီး အကျိုးအမြတ် ပိုမိုရရှိစေရန်အတွက် လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းတို့ကို ပေါင်းစည်းပေးပြီး စိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်စေသည်။

အဆိုပါသီးနှံတို့ကို စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်မှာ ၂၀ ရာခိုင်နှုန်း မှ ၃၀ရာခိုင်နှုန်း ပိုမို ရရှိလာသည်။ သစ်သီးထုတ်လုပ်မှုနှင့် ငါးမွေးမြူရေးလုပ်ငန်းများက ဖွံ့ဖြိုးမှု အလားအလာကောင်းသော လုပ်ငန်းများဖြစ်ပြီး လယ်သမားများကို လူချမ်းသာများဖြစ်အောင် အထောက်အကူပေးနိုင်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီး ငုယင်ဇွမ်ကောင်းက ပြောသည်။ ကမ္ဘာ့ဝယ်လိုအားကို အခြေခံပြီး ရာသီဥတု ပြောင်းလဲမှုကို တုံ့ပြန်ကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းက သစ်သီးစိုက်ပျိုးရေးနှင့် ငါးမွေးမြူရေး လုပ်ငန်းတို့ကို အလေးပေးဆောင်ရွက်သင့်ကြောင်း သူက ပြောပါတယ်။ **စံမီအောင်**



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



နေ့အလိုက် နှိုင်းယှဉ်ပါက ရေနံ စိမ်းဈေးနှုန်းများ မြင့်တက်လာမှုနဲ့ တရုတ်နိုင်ငံ၏ ထုတ်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုတို့က အာရှဒေသရှိငွေကြေး စာချုပ်စာတမ်းများအပေါ် ယုံကြည်မှုမြင့်တက်လာတဲ့အတွက် သုံးရက်ကြာ တန်ဖိုးကျဆင်းနေခဲ့သော ထွန်းသစ်စ အာရှဈေးကွက်ရှိ ငွေကြေးစာချုပ်စာတမ်းများ၏ တန်ဖိုးများမှာ ပြန်လည်မြင့်တက်လာခဲ့သည်။ အလားတူပင် အာရှငွေကြေးများ၏ တန်ဖိုးလည်း မြင့်တက်လာသည်ကို တွေ့ရသည်။

ထိုင်းဘုရင်ကွယ်လွန်ပြီးနောက် ထီးမွေနန်းမွေဆက်ခံရေးပြဿနာများ အဆင်ပြေချောမွေ့မည့် လက္ခဏာရပ်များတွေ့ရပြီးနောက်ပိုင်း ထိုင်းဘတ်ငွေတန်ဖိုးက အာရှငွေကြေးများကို ဦးဆောင်ကာမြင့်တက်လာသည်ကို တွေ့ရသည်။

MSCI ထွန်းသစ်စဈေးကွက်များ၏ ငွေကြေးအညွှန်းကိန်းများလည်း ရက်သတ္တပတ်အလိုက် သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းရာမှ အောက်တိုဘာ ၁၄ ရက်မှာ သုည ဒသမ ၂ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာခဲ့သည်။

### တရုတ်ယွမ်

အမေရိကန်ဗဟိုဘဏ်က ယခုနှစ်အကုန်မှာ အတိုးနှုန်းများကို မြှင့်တင်ပေးမည့်အလားအလာရှိသောကြောင့် ဒေါ်လာတန်ဖိုး မြင့်တက်လာသည့်အတွက် ယွမ်ငွေကြေးတန်ဖိုး ရက်သတ္တပတ်အလိုက် ကျဆင်းကာ ကိုးလအတွင်းအမြင့်ဆုံး ဖြစ်ခဲ့သည်။ တရုတ်ဗဟိုဘဏ်က ငွေကြေးဖလှယ်နှုန်းကို ရှစ်ရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြှင့်တင်သတ်မှတ်ပေးလိုက်ပြီးနောက် အောက်တိုဘာ ၁၄ ရက်တွင် တရုတ်ယွမ်ငွေတန်ဖိုး ပြန်လည်မြင့်တက်ခဲ့သည်။ Onshore ယွမ်တန်ဖိုးက နေ့အလိုက် နှိုင်းယှဉ်ပါက သုည ဒသမ ၀၁ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၂၄၇ ယွမ်နှုန်းနှင့် ဟောင်ကောင်ရှိ Offshore ယွမ်ဖလှယ်နှုန်းမှာ သုည ဒသမ ၀၁ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၇၃၃၉ ယွမ်နှုန်းရှိခဲ့သည်။

တရုတ်ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်းကို အောက်တိုဘာ ၁၃ ရက်ကထက် ၁ ဒသမ ၂ ရာခိုင်နှုန်းမြှင့်တင်ကာ အမေရိကန်တစ်ဒေါ်လာကို၆ ဒသမ ၇၁၅၇ ယွမ်နှုန်းသတ်မှတ်ပေးခဲ့သည်။

### အိန္ဒိယရူပီး

ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ရောင်းချလာသည့်အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်တွင် အောက်တိုဘာ ၁၄ ရက်က ရူပီးငွေကြေးတန်ဖိုးသည် သုည ဒသမ ၁၁ ရူပီးနှုန်း မြင့်တက်ကာ တစ်ဒေါ်လာကို ၆၆ ဒသမ ၈၃ ရူပီးနှုန်းရှိခဲ့သည်။ ရှယ်ယာဈေးကွက်တွင် ပြည်တွင်းရှယ်ယာများ တန်ဖိုးမြင့်တက်မှုက ရူပီးငွေကြေးမြင့် တက်မှုကို အထောက်အကူပေးခဲ့သော်လည်း ပြည်ပဈေးကွက်တွင် အချို့ငွေကြေးများနှင့် ဖလှယ်ရာမှာ ဒေါ်လာ တန်ဖိုးမြင့်တက်မှုက ပြန်ထိန်းပေးထားကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။

### ဂျပန်ယန်း

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ယခုနှစ်အတွင်း အတိုးနှုန်းများကို မြှင့်တင်လိမ့်မည်ဟု ရင်းနှီးမြှုပ်နှံသူတို့က ယုံကြည်လာကြသည့်အတွက် အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ယန်းငွေတန်ဖိုးက တတိယမြောက်ရက်သတ္တပတ်အဖြစ် ဆက်လက်ကျဆင်းခဲ့သည်။

လန်ဒန်ဈေးကွက်တွင် အောက်တိုဘာ ၁၄ ရက်နံနက် ၇နာရီ ၄ မိနစ်က ယန်းငွေတန်ဖိုးသည် နေ့အလိုက် နှိုင်းယှဉ်ပါက သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၀၄ ဒသမ ၀၄ ယန်းနှုန်းရှိခဲ့သည်။ ယူရိုနှင့်ဖလှယ်ရာတွင် အပြောင်းအလဲမရှိသလောက်ဖြစ်ပြီး တစ်ယူရိုကို ၁၁၄ ဒသမ ၇၄ ယန်းနှုန်းရှိခဲ့သည်။

### မလေးရှားရင်းဂစ်

ဈေးကွက်ထဲတွင် မလေးရှားရင်းဂစ်ကို ဈေးအကျတွင်ဝယ်ယူသူများ ပြားလာသည့်အတွက် အောက်တိုဘာ ၁၄ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးအနည်းငယ်မြင့်တက်ခဲ့သည်။ ငွေကြေးဖလှယ်နှုန်းမှာ အောက်တိုဘာ ၁၃ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၁၁၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီတွင် ၄ ဒသမ ၂၁၀၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ သို့သော်လည်း အခြားငွေကြေးများနှင့်ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးကျဆင်းခဲ့သည်။

### ကိုရီးယားဝမ်

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများက တောင်ကိုရီးယားရှယ်ယာများကို အဝယ်လိုက်လာသဖြင့် အောက်တိုဘာ ၁၄ ရက်တွင် တောင်ကိုရီးယားရှယ်ယာများ တန်ဖိုးမြင့်တက်ခဲ့သည်။ အလားတူ ပြည်တွင်းဝမ်ငွေကြေးတန်ဖိုးက အောက်တိုဘာ ၁၃ ရက်ဈေးပိတ်ချိန်က ထက် ၄ ဒသမ ၂၅၀ ဝမ်နှုန်းပိုမိုမြင့်တက် ပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၃၁ ဒသမ ၆၅ ဝမ်နှုန်းရှိခဲ့သည်။

### ထိုင်းဘတ်

ထိုင်းဘုရင်ကွယ်လွန်ပြီးနောက် တစ်နေ့တွင် ထိုင်းဘတ်ငွေကို အလုံးအရင်းဖြင့် ပြန်လည်ရောင်းချမည့် အလားအလာ မတွေ့ရသည့်အတွက် အောက်တိုဘာ ၁၄ ရက်မှာ ထိုင်း ရှယ်ယာနှင့် ဘတ်ငွေတန်ဖိုးမြင့်တက်ခဲ့သည်။ မြို့တော်နှင့် နယ်မြို့များတွင် လူအများအပြားက အနက်ရောင်အဝတ်အစားများကို ဝတ်ထားကြသော်လည်း စီးပွားရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်ဒေါ်လာနှင့်ထိုင်းဘတ်ငွေဖလှယ်ရာတွင် အောက်တိုဘာ ၁၄ ရက်နံနက် ၁၁ နာရီ ၂၀ မိနစ်မှာ ထိုင်းဘတ်ငွေ တန်ဖိုး နှစ် ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၂၀၈ ဘတ်နှုန်းရှိခဲ့သည်။

## အတိုးနှုန်းမြှင့်တင်မှုကို ဖြည်းဖြည်းချင်းသာ ဆောင်ရွက်သွားနိုင်မည်ဟု အမေရိကန်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်မှန်း

အမေရိကန်စီးပွားရေးမှာ အလုပ်အကိုင် အပြည့်အဝ ရရှိတော့မည့် အနေအထားကို ရောက်ရှိနေသည့်အတွက် ဗဟိုဘဏ်အတိုးနှုန်းကို လာမည့်နှစ်များတွင် ဖြည်းဖြည်းချင်း တိုးပေးသွားမည်ဟု အမေရိကန်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ စတန်လေဖစ်ချာက အောက်တိုဘာ ၉ရက်က ပြောကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

“ ဗဟိုဘဏ်အတိုးနှုန်းကို ဖြည်းဖြည်းချင်း တိုးမြှင့်ပေးသွားမယ်ဆိုရင် လာမယ့်နှစ်တွေမှာ ကျင့်သုံးမယ့် ငွေကြေးမူဝါဒအတွက် လုံလောက်တဲ့ လုပ်ဆောင်ချက်ဖြစ်နိုင်ပါတယ်” ဟု ဘဏ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် သူက ပြောသည်။ အမေရိကန်ပြည်ထောင်စုအတိုးနှုန်းမှာ လောလောဆယ်တွင် သုညဒသမ ၂၅ရာခိုင်နှုန်းမှ သုညဒသမ ၅၀ရာခိုင်နှုန်းအကြားတွင်ရှိပြီး ၎င်းအတိုးနှုန်းမှာ ဒီဇင်ဘာကတည်းက ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာတွင် ကျင်းပခဲ့သော နောက်ဆုံးအစည်းအဝေးတွင် အတိုးနှုန်းကို တိုးမြှင့်ခြင်းမပြုသေးဘဲ ဆက်လက်ထားရှိရန် ဗဟိုလွတ်လပ်သော ဈေးကွက်ကော်မတီက ဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စု ဗဟိုဘဏ်အတိုးနှုန်းကို မပြောင်းလဲဘဲ ထားရှိခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုကို မယုံကြည်၍ မဟုတ်ကြောင်း ဖစ်ချာက ပြောသည်။ အမေရိကန် ဗဟိုဘဏ်အတိုးနှုန်းကို ၂၀၁၇ ခုနှစ်တွင် ၁ဒသမ ၁ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၁ဒသမ ၉ရာခိုင်နှုန်း နှင့် ၂၀၁၉ ခုနှစ် တွင် ၂ဒသမ ၆ရာခိုင်နှုန်း အသီးသီး တိုးပေးသွားရန်ဖြစ်ကြောင်း သူက ပြောသည်။“ဒါပေမယ့် မူဝါဒကို တရားသေ ချမှတ်ပြီး ဆောင်ရွက်သွားမှာ မဟုတ်ပါဘူး။ စီးပွားရေးအလားအလာဆိုတာက သူ့ပင်ကိုယ်ကကို မရေရာတာပါ။ ကျွန်တော်တို့ရဲ့ သုံးသပ်ချက်တွေကလည်း စီးပွားရေးအလားအလာနဲ့ သူနဲ့ ဆက်နွယ်နေတဲ့ စွန့်စားမှုအန္တရာယ်တွေအပေါ် မူတည်ပြီး ပြောင်းလဲသွားမှာ ဖြစ်ပါတယ် ” ဟု သူက ပြောသည်။

## SWIFT အသုံးပြုသူများကို ဘဏ်ဟက်ကာအုပ်စုတစ်ခုက ပစ်မှတ်ထား

ဖေဖော်ဝါရီလအတွင်းက ဘင်္ဂလားဒေ့ရှ် ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာ ၈၁သန်းကို ခိုးယူခဲ့သော နည်းလမ်းများအတိုင်း သတင်းပေးပို့ချက် အတုများကို SWIFT (Society for Worldwide International Financial Telecommunications) မှတစ်ဆင့် ပေးပို့ကာ ဘဏ်များမှငွေများကို ခိုးယူရန် ဒုတိယဟက်ကာ အုပ်စုတစ်ခုက ကြိုးပမ်းလျက်ရှိကြောင်း အောက်တိုဘာ ၁၂ရက်က ဆိုက်ဘာလုံခြုံရေး ကုမ္ပဏီ Symantec Corp ၏ ပြောကြားချက်ကို ရိုက်တာသတင်းတွင် ဖော်ပြသည်။

မာလ်ဝဲလ်အတုများကို SWIFT မှတစ်ဆင့် ပေးပို့ကာ ငွေလွှဲရန် တောင်းခံငွေ အတုများဖြင့် ငွေများထုတ်ယူရန် Odinaff ဟု ခေါ်သော အဖွဲ့အစည်းတစ်ခုက ကြိုးပမ်းနေကြောင်းနှင့် ယခုအခါ အဆိုပါဟက်ကာများသည် အဖွဲ့အစည်း ၁၀ခုမှ ၂၀အတွင်းသို့ ထိုးဖောက်ဝင်ရောက်လျက်ရှိကြောင်း Symantec က ပြောသည်။

ယခင်က SWIFT အဖွဲ့မှ ဖော်ထုတ်ရရှိထားသော ဟက်ကာများ၏ လုပ်ရပ်များကို Symantec က အတွင်းကျကျ သုတေသန ပြုလုပ်လျက် ရှိသည်။ ဖော်ထုတ်ရရှိထားသော ဟက်ကာလှုပ်ရှားမှု သုံးခုအကြောင်းကို SWIFT အမှုဆောင်ချုပ် ဂွေါဖရိုင်းလေးဘရန်က ဖောက်သည်များကို အသိပေးအကြောင်းကြားထားပြီး ဘဏ်များအား ဆိုက်ဘာတိုက်ခိုက်မှုများ မြင့်မားနေကြောင်းလည်း ယခင်လအတွင်းက သတိပေးထားသည်။

ဘင်္ဂလားဒေ့ရှ်အပြင် အခြားဆိုက်ဘာ တိုက်ခိုက်မှုခံရသည့် ဘဏ်များအကြောင်းကို SWIFT နှင့် Symantec တို့က သီးခြားထုတ်ပြန်ခြင်း မရှိသေးပါ။ Symantec ကမူ Odinaff တိုက်ခိုက်မှုမှာ အမေရိကန်ပြည်ထောင်စု၊ ဟောင်ကောင်၊ ဩစတြေးလျ၊ ယူနိုက်တက်ကင်းဒမ်းနှင့် ယူကရိန်းတို့တွင် ဖြစ်ပွားနေကြောင်း ပြောကြားသည်။

Odinaff နှင့် ပတ်သက်သော နည်းပညာ သတင်းအချက်အလက်များအား ဘဏ်များ၊ အစိုးရများနှင့် အခြားလုံခြုံရေးလုပ်ငန်းများကို မျှဝေပေးသွားမည် ဖြစ်ကြောင်း Symantec က ပြောသည်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**



SEA ROAD GLOBAL LOGISTICS CO.,LTD.
GLOBAL MOVING & RELOCATION SERVICES!
International Worldwide Moving For Household Goods
Special Equipment & Bulk Cargo Service
Export / Import Customs Clearance
Door To Door Delivery Service
Full Setting Service For Household Goods
Local Moving Service
Warehousing & Storage
Other Transportation
No. (22), 5-A, 5th Floor, Khat Tar Street, Thiri Khay Mar Quarter, Sanchaung Township, Yangon, Myanmar.
Tel :95-1-2305562, 2305563, HP : 09 4210 12997, 09 4207 83644, 09 508 8730, 09 2543 18752
Fax : 95-1-2305563, Internet Phone: 070 7458 0852-0853



Super Fine FURNITURE
Super Fine Manufacturing Co. Ltd.
SHOW ROOM
Yangon
(1) No.97A, West Shwegondaing Road, Bahan Township. Tel : 95-1-548808, 543342 Fax : 95-1-543342
(2) Yuzana Plaza 4th Floor, Banyadala Road, Tamwe Township. Tel : 95-1-200747 (Ext :5544), 09-732 40414
Mandalay
A-12 To A-16, 78th Street, Between 31st & 32nd Street, Under the Fantasy World, Mandalay.
Tel : 95-2-64589
Super Fine Manufacturing Co. Ltd.



သန်းထိုက်အောင်
ဒီမ်မိုးသွပ်၊ ကာလာသွပ်၊ ဘိလပ်မြေ၊ ပော်လိုနှင့်
အိမ်ဆောက်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး
Universe Design
Paragon Design
Taiwan Design
4 Angle Design
Oriental Design
Wave Tile
Classic Design
ရရှိနိုင်သောသွပ်အမျိုးအစားများ
Super Lion (အစိမ်း/အနီ)
မြသော့စိမ်း/မြသော့နီ
Star Elephant (အစိမ်း/အနီ)
ဆင်ကြယ်စိမ်း/ဆင်ကြယ်နီ
3 Diamond Star (အစိမ်း/အပြာ)
Diamond Star (စိမ်း)(၁၁ မြောင်း)
Myanmar Posco (ကြယ်စိမ်း)
ဘဲကြယ်၊ စိန်ဆင်
T.H.A ဆင်(သန်းထိုက်အောင်ဆင်)
အမှတ်(D-၅၂၊ ၅၃) ရေတာမာလမ်း၊ ဘုရင့်နောင်၊
မရမ်းကုန်းမြို့နယ်။
Tel : 01-680448, 680648, 682308, 683618,
Ph : 09 5112847, 09 73205615, 09-5016720
ဆိုင်ခွဲ - အမှတ်(က/၁၉၉)၊ ရိုးကြီးရောင်းပတ်လမ်း၊ ဘုရင့်နောင်။ Tel : 09-254131716
စက်ရုံ - အမှတ်(၆၉)၊ ငွေပင်လယ်စက်မှုဇုန်။ Tel : 01-613906, 09-5017277, 09-965016720



ZINNIA
Travels & Tours Ticketing Co., Ltd.
ပြည်တွင်း-ပြည်ပ လေယာဉ်လက်မှတ်များကိုဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ပါသည်။
International and Domestic Air Ticketing
Hotel Reservation
Visa Services
Tour Services
Car Rental
Door to Door Delivery Services
Have A Nice Trip And Good Luck
ဇင်နီယာခရီးသွားလာရေးကုမ္ပဏီသည် ဟော်တယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ
ခွင့်ပြုချက်အမှတ် - ၄၆၃၇ ဖြင့် ဟာဂျ်ခရီးစဉ်ဝန်ဆောင်မှုလည်း ပြုလုပ်ပေးပါသည်။
Head Office : No.(76/80), Building(B), Banyardala Street, Mingalar Taungnyunt Township, Yangon. ☎ : 01-8619404, 09 5093800, 09 73157238
Branch Office : No.(118), Ground Floor, 39th Street (Lower Block), Kyauktada Township, Yangon. ☎ : 01-376418, 01-370447, 09 5093800, 09 30209190
e-mail: zinnia.myanmar@gmail.com



YANGONDEVELOPMENT
company limited.
A Leading IT Distributor
only world leading branded IT products..
CyberPower
The World-Leading UPS
ASRock
World No. 3 Motherboard
eset
A Pioneer in Antivirus Industry
COOLER MASTER
World leading Chasis & PSU
PHILIPS
Home, Office, Clinical Monitors
PATRIOT
A Premium Branded Memory
G.SKILL
A Leading Memory
Module Manufacturer
SUPERMICRO
A Global Leader in
High Performance Server
Address : C22, Econdo, Zay North Street, Dagon TSP., Yangon, 11191. | Tel : 09-73042914, 01-376180 | Email : sales@yd-mm.com | Web : www.yd-mm.com



KIP KHANT COMPANY LIMITED
Electric Concrete pole/Material/Machine Manufacturing & Distributor
အမှတ်(၃)၊ စက်မှုမြို့ပြတ်လမ်း၊ ၆၂–ရပ်ကွက်၊ စက်မှုဇုံ(၂)၊ တောင်ဒဂုံ။ ဖုန်း – ၀၁–၂၃၄၈၁၁၇၊ ၀၉–၄၂၀၅၄၂၃၆

# COMMERCE INTERNATIONAL



## ထိုင်းဆန်ကို အီးယူက ပထဝီဝင်ဆိုင်ရာ ထူးခြားချက် အသိအမှတ်ပြုလက်မှတ် ထုတ်ပေး

ထိုင်းနိုင်ငံ ဖတ်သလန်ပြည်နယ်တွင် စိုက်ပျိုးထုတ်လုပ်သော ဆန်အမျိုးအစားတစ်ခုဖြစ်သည့် ဆန်းယွတ် (Sung Yod) ဆန်ကို ဥရောပသမဂ္ဂ (EU) က ပထဝီဝင်ဆိုင်ရာ ထူးခြားချက် (Geographical Indication) အဖြစ် အသိအမှတ်ပြုလက်မှတ်ကို မကြာသေးမီက ထုတ်ပေးခဲ့ကြောင်းနှင့် ဤသို့ အသိအမှတ်ပြုခံရခြင်းမှာ ကြီးမားသော အသိအမှတ်ပြုခံရခြင်းဖြစ်ပြီး ဈေးကွက်တွင် အလားအလာကောင်းများ ပိုမိုတွေ့ရှိနိုင်ကြောင်း နေးရှင်းသတင်းစာတွင် ဖော်ပြသည်။ ဤ အသိအမှတ်ပြုလက်မှတ်သည် နိုဝင်ဘာ ၁ရက်မှ စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။

"ဆန်းယွတ်ဆန်ကို အီးယူက အသိအမှတ်ပြုလိုက်ပြီး နောက်ပိုင်း အီးယူနဲ့ကမ္ဘာ့ဈေးကွက်မှာ ဒီဆန်ရဲ့တန်ဖိုးမြင့်တက်လာမှာ ဖြစ်ပါတယ်။ ဒီ ဆန်နဲ့ပတ်သက်ပြီး ထိုင်းလယ်သမားနဲ့ ကုန်သည်တွေ ဝင်ငွေမြင့်မားလာမှာဖြစ်သလို နာမည်ကောင်းလည်း ရရှိမှာဖြစ်ပါတယ်"ဟု ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန်ထရာပွန်က အောက်တိုဘာ ၁၃ ရက်က ပြောသည်။

အီးယူမှ GI အသိအမှတ်ပြု လက်မှတ်ရရှိသည့် ထိုင်းကုန်ပစ္စည်းများအနက် ဆန်းယွတ်ဆန်သည် စတုတ္ထမြောက်ရရှိခြင်းဖြစ်သည်။ လွန်ခဲ့သည့်သုံးနှစ်က ဟုမ်မလီသန် ကူလာရွန်ဟိုင်စပယ်ဖြူဆန်ကို အသိအမှတ်ပြုခဲ့ပြီး လွန်ခဲ့သည့်နှစ်က ဒွိုင်ချန်းနှင့် ဒွိုင်တမ်းကော်ဖီတို့ကိုလည်း GI ထုတ်ကုန်များအဖြစ် အသိအမှတ်ပြုခဲ့သည်။

ယင်းကဲ့သို့ အသိအမှတ်ပြုကြောင်း ဆုံးဖြတ်ချက်ကို ဥရောပသမဂ္ဂ၏ တရားဝင်ဂျာနယ်တွင် အောက်တိုဘာ ၁၃ရက်က ဖော်ပြခဲ့သည်။ ထိုင်းဆန်တင်ပို့သူများသည် လာမည့်လမှစ၍ ဥရောပသို့ တင်ပို့မည့် ဆန်အိတ်များတွင် Sung Yod ဟူသော လိုဂိုအမှတ်အသားကို ဖော်ပြနိုင်တော့မည်။

GI ဆိုသည်မှာ မြို့တစ်မြို့၊ ပြည် နယ်တစ်ခု၊ ဒေသ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ စသည့် တစ်စုံတစ်ခုသော ပထဝီဝင်ဒေသ သို့မဟုတ် ပင်ရင်းဒေသ၏ သီးခြားလက္ခဏာ သို့မဟုတ် အမည်ကို ဖော်ပြပေးခြင်းဖြစ်သည်။ဤ အသိအမှတ်ပြုလက်မှတ်သည် ထုတ်ကုန်တွင်ပါရှိသော အရည်အသွေးများကို ညွှန်းဆိုလျက်ရှိပြီး ဤထုတ်ကုန်ကို ဒေသအစဉ်အလာအတိုင်း ထုတ်လုပ်ထားကြောင်း အသိအမှတ်ပြုပေးခြင်းဖြစ်သည်။ ပထဝီဒေသ၏ နာမည်ကောင်းတစ်ခုကို ဖော်ပြသော အမှတ်အသားတစ်ခုလည်း ဖြစ်သည်။

ဆန်းယွတ်ဆန်ကို ဘန်တက်တောင်နှင့် ဆုံကလာရေကန်အနီးရှိ ဖတ်သလန်ပြည်နယ်တွင်သာ စိုက်ပျိုးခြင်းဖြစ်သည်။ ဆန်အနီရောင်မှာ ထူးခြားပြီး အာဟာရတန်ဖိုးလည်း မြင့်မားသည်။ ထိုင်းနိုင်ငံ ပြည်တွင်း၌ ဆန်းယွတ်ကို GI အဖြစ် ၂၀၀၆ခုနှစ် မတ်လကတည်းက အသိအမှတ်ပြုထားခဲ့သည်။ GI လက်မှတ်မရမီက ဆန်တစ်ကီလိုကို ဘတ် ၅၀ သာရှိခဲ့ရာမှ အသိအမှတ်ပြုခံရပြီးချိန်မှစပြီး တစ်ကီလိုကို ဘတ် ၈၀ မှ ၉၀ အထိ ရရှိခဲ့သည်။ ယခင်နှစ်က ဆန်းယွတ်ဆန်ထုတ်လုပ်မှုမှာ ၇၇၀၃ တန် ဖြစ်သည်။ ဉာဏ်တင်

## ဗီယက်နမ် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အတားအဆီးများနှင့် ရင်ဆိုင်နေရဆဲဖြစ်

ဗီယက်နမ် ပြည်တွင်း စီးပွားရေးလုပ်ငန်းများမှာ အတားအဆီးများနှင့်ရင်ဆိုင်တွေ့ကြုံနေရကြောင်းနှင့်စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်ရန်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းဝန်းကျင်ကို တိုးတက်အောင် အစိုးရက ဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဗီယက်နမ် နယူးစ်သတင်းတွင် ဖော်ပြသည်။

အောက်တိုဘာ ၁၃ရက်ကို " စီးပွားရေးလုပ်ငန်းရက်"အဖြစ် သတ်မှတ်ပြီး ဗီယက်နမ်အွန်လိုင်းမဂ္ဂဇင်း Biz Live က အခမ်းအနားတစ်ခုကို အောက်တိုဘာလ ၁၁ရက်တွင် ကျင်းပပေးခဲ့သည်။ အခမ်းအနားတွင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရာ၌ ကြုံတွေ့နေရသော အတားအဆီးများကို ဖယ်ရှားရေးကို ဆွေးနွေးခဲ့ကြသည်။

လွန်ခဲ့သည့်နှစ်များက ဗီယက်နမ်နိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာတွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (GDP) တိုးတက်နှုန်း မြင့်မားခဲ့သော်လည်း ယခုအခါ အကျဘက်သို့ ဦးတည်နေကြောင်း ဗီယက်နမ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (VCCI) ဒုတိယ ဥက္ကဋ္ဌ ဒိုအန်ဒိုင်ကောင်းက အဆိုပါ ဆွေးနွေးပွဲတွင် ပြောသည်။ ဒေသတွင်းရှိ နိုင်ငံများနှင့်နှိုင်းယှဉ်ပါက ယှဉ်ပြိုင်နိုင်မှုအဆင့်ကို မြှင့်တင်နိုင်ရန် VCCI က အာဆီယံစီးပွားရေးကောင်စီနှင့် လီကွမ်ယူးပြည်သူ့မူဝါဒကျောင်းတို့နှင့်ပူးတွဲဆောင်ရွက်လျက်ရှိသည်။ ဗီယက်နမ်ရှိ ဘဏ္ဍာရေးဝန်းကျင်အခြေအနေနှင့် အခြေခံအဆောက်အအုံ အားနည်းသည့်အတွက် ရလဒ်မှာ အလားအလာမကောင်းကြောင်း ကောင်းက ပြောသည်။ ဗီယက်နမ်စီးပွားရေးမှာ အောင်မြင်မှုများရရှိခဲ့ပြီး စိန်ခေါ်မှုများကိုပင် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြောင်း ဗဟိုစီးပွားရေးစီမံခန့်ခွဲမှု အင်စတီကျူ့ ဒုတိယဥက္ကဋ္ဌဟောင်း ဗိုထရီသန်းက ပြောသည်။

မကြာသေးမီနှစ်များအတွင်းက ဗီယက်နမ်နိုင်ငံက စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်းနှင့် အထူးသဖြင့် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုပွင့်လင်းမြင်သာမှုများ ပိုမိုရှိလာကြောင်း သူက ပြောသည်။ သို့သော်လည်း စီးပွားရေးလုပ်ငန်းများ၏ ကုန်ကျစရိတ်က စီးပွားရေးလုပ်ငန်းကြီးများ၏ ဝင်ငွေကို ထိခိုက်နိုင်သည့် အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်း များ ကြီးထွားမလာရသည့် အကြောင်းရင်းများအနက် လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျစရိတ်မြင့်မားမှုကလည်း အကြောင်းအရင်းတစ်ခုအဖြစ် ပါဝင်ကြောင်း သူက ပြောသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အခက်အခဲကြုံတွေ့စေနိုင်သော အကြောင်းတရားသုံးခုရှိကြောင်း၊ ထိုသုံးခုမှာ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အတားအဆီးများ၊ နည်းပညာစံနှုန်းများနှင့် အုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများဖြစ်ကြောင်း ဘာစီကို ဥပဒေရေးရာ ကုမ္ပဏီဥက္ကဋ္ဌ ထရောင်သန်းဒပ်က ပြောသည်။

ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ တွေ့ကြုံနေရသော အတားအဆီးများ လျော့ပါးစေပြီး အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးနိုင်ရန် သက်ဆိုင်ရာ အစိုးရရုံးများနှင့်ဒေသဆိုင်ရာ စီးပွားရေးအသိုက်အဝန်းတို့က ဥပဒေရေးဆွဲ ပြုစုရန် ကြိုးပမ်းလျက်ရှိကြောင်း ကောင်းက ပြောသည်။ **ဉာဏ်တင်**


SINOR LINES

RO/RO Service for Myanmar

DATE :17TH October 2016

<< AUGUST And SEPTEMBER Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR/

| VESSEL | Height (m) | | | | JAPAN | | | | | KOREA | SINGAPORE | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI | HAKATA | NAGOYA | YOKOHAMA | INCHEON | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI .27 | 1.55 | 1.90 | 2.20 | 3.50 | | 2.9.2016 | | 3.9.2016 | 4.9.2016 | | 13.9.2016 | 18.9.2016 | | 24.9.2016 |
| | S/O CUT | | | | | 29.8.2016 | | 30.8.2016 | 31.8.2016 | | | | | |
| MV.CITY OF MUMBAI V.34 | 1.55 | 1.90 | 2.20 | 3.50 | 29.9.2016 | | | 28.9.2016 | 27.9.2016 | 23.9.2016 | 7.10.2016 | 12.10.2016 | | |
| | S/O CUT | | | | 25.9.2016 | | | 24.9.2016 | 23.9.2016 | | | | | |
| MV.HOEGH CHENNAI .28 | 1.55 | 1.90 | 2.20 | 3.50 | | 12.10.2016 | | 11.10.2016 | 10.10.2016 | | 21.10.2016 | 25.10.2016 | | 1.11.2016 |
| | S/O CUT | | | | | 8.10.2016 | | 7.10.2016 | 6.10.2016 | | | | | |
| MV.CITY OF MUMBAI V.35 | 1.55 | 1.90 | 2.20 | 3.50 | 29.10.2016 | | 27.10.2016 | 30.10.2016 | 31.10.2016 | 25.10.2016 | 9.11.2016 | 14.11.2016 | | |
| | S/O CUT | | | | 25.10.2016 | | 23.10.2016 | 26.10.2016 | 227.10.2016 | | | | | |

GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor. Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028 Mobile : + 95 9 250289802 Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Operation : Mr. Tin Htun Aung (95 9 448049234)
Mr. Thiha Thiek ( 95 9 514580 1)
Documention : Ms. Mar Mar Cho (95 9 421018250)
Customer Service : Ms. Hilda ( 95 9 5035797)
Marketing : Ms. Ja Seng Eain ( 95 9 402794677)
Marketing : Mr. Kyaw Kyaw Aung ( 95 9 420085073 )